မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၁၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအားလုံးတွင် မျှော်လင့်ချက်ရှိသည့်အနာဂတ်ဖော်ဆောင်နိုင်ရေးကြိုးပမ်း အမျိုးသားရေးမျှော်မှန်းချက်နှင့် ပန်းတိုင်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အားလုံးပါဝင်ဆောင်ရွက်ရန်လို

နေပြည်တော် မေ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုင်ငံရေးပါတီများမှတာဝန်ရှိသူများနှင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်၊ ဖလုံစဝေါ်ပါတီဥက္ကဋ္ဌ ဦးစောသိန်းအောင်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ ချင်းအမျိုးသားပါတီ (CNP) အထွေထွေအတွင်းရေးမှူး ဦးငယ်ပီးထီယံအုပ်ထန်း၊ ချင်းတိုးတက်ရေးပါတီ (CPP) ဥက္ကဋ္ဌ ဦးနိုထန်ကပ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ) အတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်၊ ခေတ်သစ်ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးမျိုးညွန့်၊ အမျိုးသား ဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီအထွေထွေအတွင်းရေးမှူး ဦးထွန်းရွှေ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ ဦးနေမျိုးဝေ၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

> **အမျိုးသားရေးမျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတော်သစ် (New Myanmar) ကို တည်ဆောက်ရန်ဖြစ်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးသည့်ကာလမှာ နှစ်နှစ်ကျော်ရုံလေးသာရှိပါသေးကြောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် ဒီမိုကရေစီအလေ့အထနှင့် ကျင့်စဉ်များ ယဉ်ပါးမှုမရှိသေးသည့်အပြင် အတွေ့အကြုံလည်းမရှိသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရှာဖွေစမ်းသပ်လုပ်ဆောင်ခဲ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍအားလုံးတွင် မျှော်လင့်ချက်ရှိသည့် အနာဂတ်ကို ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရတစ်ဖွဲ့တည်းက ဆောင်ရွက်နေခြင်းမဟုတ်ပါကြောင်း၊ လွှတ်တော်အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပြည်သူများ၊ တပ်မတော်နှင့်ငြိမ်းချမ်းရေး တည်ဆောက်လိုသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ပြည်တွင်း

တက္ကသိုလ်အသီးသီး၏ ဘွဲ့သင်တန်းများကို ပညာသင်နှစ် တစ်နှစ်စီတိုးမြှင့်သင်ကြားမည်

စာမျက်နှာ ➤ ၂

နိုင်ငံတကာ

ဓာတ်ပုံဆရာ ဖိလစ်ဘီရာတို ရိုက်ကူးထားသော တရုတ်ဓာတ်ပုံများ လေလံတင်ရောင်းချမည်

စာမျက်နှာ ➤ ၄

ပြည်တွင်း

တရားမဝင်ကုန်များ ခရီးသည်ယာဉ်ဖြင့် သယ်ယူရန် ဟန်ဆောင်ခရီးသည်များ ဌားရမ်း

စာမျက်နှာ ➤ ၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြင်းထန်သည့် စိတ်ဓာတ်အစွဲများ ဖွံ့ဖြိုးတိုးတက်ရေးတွင်အသုံးချ

နိုင်ငံတော်အစိုးရသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရောက်ရှိရန် အစိုးရယန္တရားပြုပြင်ပြောင်းလဲမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုဗဟိုပြု အုပ်ချုပ်မှုစနစ်ကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ပြည်သူလူထုဗဟိုပြုသည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရသည့် အကြောင်းအရင်းသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြသော မြန်မာနိုင်ငံတော်ကြီး၏ နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပေသည်။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်ရောက်ရှိရန် နိုင်ငံတော်အစိုးရသည် အဘက်ဘက်က ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကိုလည်း အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံးက ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝိုင်းဝန်းလက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူအားလုံး ဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လူအုပ်စုဖွဲ့ အကြမ်းဖက်မှုများကို ပြည်သူများက ဝိုင်းဝန်းဖော်ထုတ်ကြရမည်ဖြစ်သည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ချိန်တွင် ပြည်သူအားလုံးက ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန်အတွက် အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းကြသဖြင့် နှစ်နှစ်တာကာလအတွင်း မယုံကြည်နိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများကပင် အသိအမှတ်ပြုလေးစားဆက်ဆံခြင်းဖြင့် ဂုဏ်သိက္ခာမြှင့်တင်နိုင်ခဲ့သည်။ ယင်းသို့ ရရှိပြီးသောဂုဏ်သိက္ခာကို ပြည်သူအားလုံးက ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ မလိုလားအပ်သော အကြောင်းများဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ပျက်စီးစေသည့် သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ဘဲ ပြည်သူများက ဝိုင်းဝန်းဖော်ထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတသည် ပြည်ပသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ နိုင်ငံတော်အတွက်လိုအပ်သော နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းပါဝင်ရန်၊ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်ကိစ္စများ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာနှင့် ခင်မင်ရင်းနှီးစွာ ကူးလူးဆက်ဆံခြင်းအားဖြင့် နိုင်ငံတော်အတွက် အကျိုးရှိလာမည်ဖြစ်သည်။ ယခုအခါ ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခဲ့သည်အထိ စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးတက်ရရှိလာပြီဖြစ်သည်။

ဤသို့ နိုင်ငံခေါင်းဆောင်က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်သူအားလုံးကလည်း စည်းလုံးညီညွတ်စွာနှင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းလုပ်ကိုင်ကြရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် သွေးထိုးလှုံ့ဆော်မှုများကြောင့် ပဋိပက္ခများ၊ ဖျက်ဆီးမှုများ ဖြစ်ပေါ်လာပါက နစ်နာပျက်စီးဆုံးရှုံးရသည်မှာ ပြည်သူများသာဖြစ်ရာ အသိဉာဏ်ပညာနှင့် ဆင်ခြင်သုံးသပ်ပြီး ဝိုင်းဝန်းဖော်ထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူအားလုံးက ညီညွတ်ပြီး ပြင်းထန်သည့် စိတ်ဓာတ်အစွဲများကို ပဋိပက္ခဖြစ်သည့်နေရာများတွင်မသုံးဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချသွားကြမည်ဆိုပါက မိမိရပ်ရွာဒေသ မိမိနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့နိုင်ငံများကို ရင်ပေါင်တန်းနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

တက္ကသိုလ်အသီးသီး၏ ဘွဲ့သင်တန်းများကို ပညာသင်နှစ် တစ်နှစ်စီတိုးမြှင့်သင်ကြားမည်

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ ပညာရေးအဆင့်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် Capacity Building တည်ဆောက်ခြင်း၊ Infrastructure တည်ဆောက်ခြင်းနှင့် University Atmosphere တည်ဆောက်ခြင်းတို့ကို ဝန်ကြီးဌာန (၁၃)ခုအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အားလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ Capacity Building တည်ဆောက်ရာတွင် ဆရာအရည်အသွေးနှင့် ကျောင်းသားအရည်အသွေး နှစ်မျိုးစလုံးကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသကဲ့သို့ Centres of Excellence များထူထောင်ပြီး ပညာရေးအဆင့်မြှင့်တင်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ တက္ကသိုလ်အသီးသီး၏ ဘွဲ့သင်တန်းများကို ပညာသင်နှစ် တစ်နှစ်စီတိုးမြှင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ တက္ကသိုလ်အားလုံးမှ ပါမောက္ခကြီးများက စိတ်တိုင်းကျ အသစ်ရေးဆွဲထားသော ကမ္ဘာ့အဆင့်မီသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့် သင်ကြားပေးလျက်ရှိသောကြောင့် ကျောင်းသားကျောင်းသူများ အရည်အသွေးမြင့်မားလာမည်ဖြစ်ကြောင်း၊ Asia University Rankings List ဝင်နိုင်ရန်အတွက် သတ်မှတ်သော Criteria စံနှုန်းများကို အသေးစိတ်လေ့လာပြီး တက္ကသိုလ်အဆင့်အတန်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ Class Size ကို သေးစေရန်အတွက် Infrastructure ပိုင်းအနေဖြင့် ကျောင်းဆောင်သစ်များ၊ စာကြည့်တိုက်များ၊ အားကစားရုံများကိုလည်း တိုးချဲ့တည်ဆောက် ပေးနေပြီဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းသားကျောင်းသူ၏ University Atmosphere နှင့် Campus life ကို အပြည့်အဝ ခံစားနိုင်ရန်အတွက် စေတနာထားပြီး ဘက်စုံပြည့်စုံအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ Comprehensive Education Sector Review (CESR) ကိုလည်း နိုင်ငံတကာမှ Development Partners များနှင့်ဆွေးနွေးကာ Phase (၃)ခုကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သတ်မှတ်ချိန်အတွင်း၌ သတ်မှတ်လုပ်ငန်းစဉ်များကို အောင်မြင်စွာ ပြီးမြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC)ခန်းမ၌ ကျင်းပသော တက္ကသိုလ်များ ဗဟိုကောင်စီ (၁/၂၀၁၃) အစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် တက္ကသိုလ်များဗဟိုကောင်စီ(၁/၂၀၁၃)အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝန်ကြီးဌာန (၁၃)ခုအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်ဦးလွင် ပဒေသာမြို့သစ်ကုံကော်လမ်း ဓာတ်တိုင်များ အမြန်ဆုံးပြုပြင်သင့်

ထင်သာမြင်သာ ပြုပြင်စရာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပဒေသာမြို့သစ် ကုံကော်လမ်း၏ အရှေ့ဘက်အဆုံး လျှပ်စစ်သစ်သားဓာတ်တိုင်လေးတိုင်သည် ပဒေသာမြို့သစ် တည်စကတည်းက စိုက်ထူထားရာ သစ်သားတိုင်များမှာ ဆွေးမြည့်နေလျက်ရှိပြီး နေအိမ်များမှ လျှပ်စစ်ကြိုးများ များစွာ သွယ်တန်းထားရှိမှုကြောင့် မနိုင်သည့်ဝန်များကို ထမ်းပြီး ပြိုလဲမတတ်ဖြစ်နေသည်ကို တွေ့ရှိရသည်။ **(ယာပုံ)**

အဆိုပါ လျှပ်စစ်သစ်သားဓာတ်တိုင်တွင် ကုံကော်လမ်းဘေးဝဲယာရှိ နေအိမ်များမှ သွယ်တန်း လျှပ်စစ်မီးယူထားသည်မှာ ကြိုး ၂၀ ထက်မနည်းရှိနေပြီး အောက်ခြေများပြတ်လျက်ရှိနေခြင်း၊ ကြွေသီးနှင့် ကြိုးများချိတ်ထားသည့် တန်းများသည် စရွေးချောင်းများပြတ်ထွက်၍ တန်းလန်းဖြစ်လျက်ရှိနေသည်။ မိုးသက်လေပြင်းများ ကျရောက်ခဲ့သော် လမ်းသွားလမ်းလာသူများ၊ ယာဉ်များ၊ မီးဘေးအန္တရာယ် အလွန်ကြီးမားနိုင်သည်ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောပြသည်။

ယခုအခါကုံကော်လမ်း၏ အရှေ့ဘက်အဆုံးစွန်မှ ရေချမ်းအိုးရွာ ဇရိယာဘက်မှ အဆောက်အအုံသစ်အလုံး ၃၀ ဘက်သို့ ဆွေးမြည့်နေသော လျှပ်စစ်သစ်သားဓာတ်တိုင်များမှ လျှပ်စစ်ကြိုးများ ဆက်လက်သွယ်တန်းရန် စီစဉ်လုပ်ဆောင်လျက်ရှိနေပါသည်။ ဘေးအန္တရာယ်ကင်းရှင်းစေရန် အောက်ခြေပြတ်နေပြီး အပေါ်တန်းများ ဆွေးမြည့်ပြုတ်ကျနေသောတိုင်များကို ပြုပြင်ပြီးမှ ထိုကိစ္စကို ဆောင်ရွက်သင့်ကြောင်း ရပ်ကွက်ကြီး(၈) အုပ်ချုပ်ရေးမှူးအဖွဲ့က အကြံပြုတင်ပြထားကြောင်း သတင်းရရှိသည်။

(၀၃၂)

သစ်ပင်စိုက်လျှင် ဒီဇင်းကျောင် စိမ်းစိုလှပ ကြည်နူးရ

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှု စိစစ်ရေးကော်မတီကတွေ့ဆုံ

ရန်ကုန် မေ ၅

ဧပြီ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှု စိစစ်ရေးကော်မတီဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးမှ တာဝန်ရှိသူများသည် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုလာသော ပြည်တွင်းကုမ္ပဏီ ရှစ်ခု၊ ပြည်ပကုမ္ပဏီ ငါးခု စုစုပေါင်း ကုမ္ပဏီ ၁၃ ခုတို့နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့ ဆွေးနွေးရာတွင် ကုန်းလမ်းပို့ဆောင်ရေးနှင့် JV လုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီ ၁၀ ခု၊ BOT လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီနှစ်ခုနှင့် ပြည်ပမှချေးငွေဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီတစ်ခုတို့ ပါဝင်ကြောင်းသိရသည်။

ဆွေးနွေး

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၊ ယာဉ်ပြင်ဆင်ရေးအလုပ်ရုံများ ဆောင်ရွက်ခြင်း၊ အဆင့်မီယာဉ်မောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအပြင် ပို့ဆောင်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးရှိ ဝန်ထမ်းများအား အကျိုးတူလုပ်ငန်းများတွင် တာဝန်ပေးအပ်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မောင်ပိုင်ထူး)

ပြည်တွင်းသတင်း

အဆင့်မြင့်ဆန်များတင်ပို့နိုင်ရေး အရည်အသွေးကောင်းစပါးမျိုးများစိုက်ပျိုးထုတ်လုပ်

နေပြည်တော် မေ ၅

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုစီးပွားရေးနိုင်ငံအဖြစ်ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ GDP ကိုကြည့်လျှင် လယ်ယာထွက်ကုန်သီးနှံများပါဝင်မှုသည် ၁၈ ရာခိုင်နှုန်းရှိသကဲ့သို့ ပို့ကုန်စုစုပေါင်း ၄၇ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်စပါးတင်ပို့မှုကိုကြည့်လျှင် တန်ချိန် ၁ ဒသမ ၄ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်ဆန်စပါးတင်ပို့မှုကို နိုင်ငံတော်က ကိုင်တွယ်ခဲ့စဉ်က ၁၉၉၄-၉၅ ဘဏ္ဍာနှစ်နှင့် ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်များတွင် တန်ချိန် တစ်သန်းခန့် အများဆုံးတင်ပို့နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အဆင့်မြင့်ဆန်များတင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်းစပါးမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်းနှင့် ခေတ်မီသိုလှောင်ရုံများ တည်ဆောက်ခြင်းများအပြင် ခေတ်မီဆန်စက်များ တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက် မြန်မာ့ဆန်နေရာရရှိရေး၊ အခြားဆန်တင်ပို့သည့်နိုင်ငံများနှင့် ယှဉ်ပြိုင်ထုတ်လုပ်လာနိုင်ရေးနှင့်ဈေးကွက်တွင် သင့်တင့်သော ဈေးနှုန်း ပြန်လည်ရရှိရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်လိုအပ်နေသေးကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ၀ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိသေးသည့်အတွက် လယ်ယာကဏ္ဍ၌ များစွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်နေခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအား ဖိတ်ခေါ်ပါကြောင်းဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသော ဂျပန်နိုင်ငံ MITSUI Co.,Ltd. နှင့် Myanmar Agribusiness Public Corporation Ltd. (MAPCO) တို့ ပူးပေါင်း၍ တန်းမြင့်ဆန် ငါးရာခိုင်နှုန်း တန်ချိန် ၅၀၀၀ တင်ပို့နိုင်မှု အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၏ စဉ်ဆက်မပြတ် ကြိုးကြပ်မှုဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ရရှိနေပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ ဆန်တင်ဒါကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် Global တင်ဒါစနစ်ဖြင့် တင်သွင်းယှဉ်ပြိုင်ခဲ့သည့်အနက် တင်ဒါအောင်မြင်ခဲ့သဖြင့် ယခုကဲ့သို့ တန်းမြင့်ဆန်ငါးရာခိုင်နှုန်း တန်ချိန် ၅၀၀၀ ကို တင်ပို့နိုင်ခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံမှ ထွက်ရှိမည့် အဆင့်အတန်းမီ ဆန်ကောင်းဆန်သန့်များ ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ကြိုးစားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် ဂျပန်နိုင်ငံလယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Takeharu Imashiro တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘရူနိုင်းသို့ထွက်ခွာ

ရန်ကုန် မေ ၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်ကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**
(သတင်းစဉ်)

အိန္ဒိယ – မြန်မာ နှစ်နိုင်ငံ အနုပညာရှင်များ ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေ

ရန်ကုန် မေ ၅

နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တို့ ပူးပေါင်းတင်ဆက်သည့် An Evening of India & Myanmar Cultural Programme ဖျော်ဖြေပွဲကို ယမန်နေ့ ညနေ ၆ နာရီက ဒဂုံမြို့နယ် အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Y. K. Sailas Thangal က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်အရ အိန္ဒိယ-မြန်မာ အနုပညာရှင်များက နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံသံရုံးယာယီတာဝန်ခံတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။
(အပေါ်ဝဲပုံ) (သတင်းစဉ်)

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် Chinese People's Political Consultative Conference(CPPCC) ၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကော်မတီဥက္ကဋ္ဌ ဦးညွန့်တင်နှင့်ပြည်တွင်းပြည်ပ အလုပ်သမားရေးရာနှင့်အာဆီယံစီးပွားရေး အသိုက်အဝန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Counsellor Mr.Lu Zhi နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဝင်များဖြစ်ကြသော ဦးဝင်းတင့်၊ ဦးတင်မောင်မြင့်၊ ဦးဝင်းနိုင်ရှိန်၊ ဦးခင်မောင်ဌေးနှင့် ဦးခင်မောင်(ခေါ်) ဦးအောင်ကျော်ဦးတို့ လိုက်ပါသွားကြသည်။
(သတင်းစဉ်)

မော်လမြိုင်ကျွန်း၌ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ မီးသတ်စွမ်းရည် သရုပ်ပြပွဲနှင့်ထူးချွန်ဆုများချီးမြှင့်

မော်လမြိုင်ကျွန်း မေ ၅

(၆၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် မီးသတ်စွမ်းရည် သရုပ်ပြပွဲ၊ ထူးချွန်ဆုများ ချီးမြှင့်ပွဲကို မေ ၅ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ထူးချွန်ဆုများ ချီးမြှင့်ရာ သဘာဝဘေးအန္တရာယ် သင်တန်းထူးချွန်ဆုရရှိသူ တစ်ဦး၊ အရန်မီးသတ် မွမ်းမံသင်တန်းထူးချွန်ဆုရရှိသူသုံးဦးနှင့် မြို့မ (၄)ရပ်ကွက် မီးလောင်မှုတွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်မှုထူးချွန်ဆုရရှိသူ ၁၅၈ ဦး စုစုပေါင်း ၁၆၄ ဦးတို့အား မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် ကော်မတီဝင်များက ဆုလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့နေ့ စွမ်းရည်သရုပ်ပြပွဲတွင် သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅၀ တို့က စစ်ကြောင်း ပုံဖြင့် စစ်ရေးပြခြင်း၊ အထပ်မြင့် အဆောက်အအုံမှ အသက်ကယ်စွမ်းရည်ပြသခြင်းနှင့်ဓာတ်ငွေ့ မီးလောင်မှုနှင့်ဆီမီးလောင်မှု လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းတို့ကို ပြသကြကြောင်း သိရသည်။ **(၀၆၅)**

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

■ *ကျောဖုံးမှ*

မိနစ် ၇၀ တွင် နန္ဒလင်းကျော်ချစ်က ဒုတိယဂိုးကို သွင်းယူခဲ့သည်။ အိမ်ရှင်ဇေယျာရွှေမြေအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် မာတင်ကပင် သွင်းယူခဲ့သည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် – နှစ်ဂိုး
(ဆီဇာနှင့်အောင်မိုး)
ဟံသာဝတီယူနိုက်တက်– ဂိုးမရှိ

(အောင်ဆန်းကွင်း)

မကွေး – တစ်ဂိုး
(မူရီလို-ပယ်နယ်တီ)
ဓနုဖြူ – တစ်ဂိုး
(အူနာမော့စ်-ပယ်နယ်တီ)

ယမန်နေ့က ကျင်းပသောပွဲများတွင် ရတနာပုံအသင်းက မနောမြေအသင်းကို လေးဂိုး-ဂိုးမရှိ၊ နေပြည်တော်အသင်းက Southern အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကမ္ဘောဇအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရသွားသည်။ ပွဲစဉ် ၁၀ အပြီးတွင် ကမ္ဘောဇအသင်းက ပထမ၊ ဇေယျာရွှေမြေအသင်းက ဒုတိယ၊ ရန်ကုန်အသင်းက တတိယ၊ မကွေးအသင်းက စတုတ္ထ၊ နေပြည်တော်အသင်းက ပဉ္စမနေရာတို့တွင် ရပ်တည်နေသည်။

ဇေယျာရွှေမြေနှင့် ရာဇတီတို့ယှဉ်ပြိုင်ကစားစဉ်။

❊ *ကျောဖုံးမှ*

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ ၁၃ ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်း GSM/WCDMA မိုဘိုင်းဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့သည်။ ပြီးခဲ့သည့်နှစ် မတ် ၁၄ ရက်ကစပြီး GSM/WCDMA ဖုန်းများ နိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့်ရောင်းချပေးခဲ့ပါတယ်။

ယခု အခါ မြန်မာနိုင်ငံ တစ်ဝန်း မိုဘိုင်းဖုန်း တပ်ဆင်အသုံးပြုသူပေါင်း ၆ဒသမ ၁၉ သန်းအထိ ရှိလာပြီဖြစ်သည်။

မျှော်လင့်

မကြာမီကာလအတွင်း တန်ဖိုးနည်း ဆင်းကတ်များ ရောင်းချပေးလိုက်ခြင်းကြောင့် မိုဘိုင်းဖုန်းသုံးစွဲသူ တစ်ဟုန်ထိုး မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

နိုင်ငံတကာသတင်း

ဂျပန်ကလေးဦးရေ ၃၂ နှစ် ဆက်တိုက်ကျဆင်း

တိုကျို မေ ၅

ဂျပန်နိုင်ငံ၌ အသက် ၁၄ နှစ်အောက် ကလေးအရေအတွက်သည် ဧပြီ ၁ ရက်အထိ ၁၆ ဒသမ ၄၉ သန်းရှိကာ ၃၂ နှစ် ဆက်တိုက် စံချိန်တင်ကျဆင်းခဲ့ ကြောင်း နိုင်ငံ၏မွေးဖွားစာရင်းကို ကိုးကားလျက် ဒေသဆိုင်ရာမီဒီယာ များက ဖော်ပြသည်။ အဆိုပါကလေးအရေအတွက်သည် ယခုနှစ်စောစော ပိုင်းကထက် ၁၅၀၀၀၀ ကျဆင်းသွားခဲ့ကြောင်း၊ ပြည်ထဲရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။ ယင်းစာရင်းကို မေ ၅ ရက်တွင် ကျရောက်သော ဂျပန်အမျိုးသားအားလပ်ရက် ကလေးများနေ့ မတိုင်မီ ထုတ်ပြန်ခဲ့သည်။

အသက် ၁၄ နှစ်နှင့်အောက် ကလေးများအရေအတွက်သည် ဂျပန်နိုင်ငံ၌ ၁၉၈၂ ခုနှစ်မှ စတင်ကာ စံချိန်တင်ဆက်လက်ကျဆင်းခဲ့သည်။ ဂျပန်နိုင်ငံ၏ အသက်၁၄နှစ်နှင့်အောက်ကလေးများအချိုးသည်၁၉၅၀ပြည့်နှစ်ကစုစုပေါင်း လူဦးရေ၏ သုံးပုံတစ်ပုံကျော်လွန်ခဲ့သည်။ သို့သော် တဖြည်းဖြည်း ကျဆင်းလာ ခဲ့သည်။ **(ဆင်ဟွာ)**

ပြည်တွင်းဖြစ်ရေငုပ်သင်္ဘောသစ်တစ်စင်း အီရန်ထုတ်လုပ်

တီဟီရန် မေ ၅

အီရန်နိုင်ငံက ပြည်တွင်းဖြစ်ရေငုပ်သင်္ဘောသစ်တစ်စင်းကို တီထွင်ထုတ် လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းရေငုပ်သင်္ဘောသစ်ကို မကြာမီကာလအတွင်း စတင်ရေချမည်ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက် ဗာဟီဒီ၏ ပြောကြားချက်ကို မေ ၅ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါရေငုပ်သင်္ဘောကို လာမည့်လအနည်းငယ်အကြာတွင် စတင်ရေ ချလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံမြောက်ပိုင်း ဘန်ဒါအီအင်ဇလီဆိပ်ကမ်းမြို့၌ မေ ၄ ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ယာဉ်များ ဆောက်လုပ်ရာတွင် လေတပ်နှင့် ကြည်းတပ် အတွင်းရှိ ပြည်တွင်းကျွမ်းကျင်ပညာရှင်များ၏ အောင်မြင်မှုများကို မိမိတို့ အနေဖြင့် မဝေးတော့သည့် အနာဂတ်ကာလတွင် မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အီရန်ရေတပ်သည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းမှု တစ်ရပ်အနေဖြင့် ပြည်တွင်းဖြစ် Tareq 901 နှင့် Ghadir အမျိုးအစား အဆင့်မြင့်ရေငုပ်သင်္ဘောများကို ယခင်က ရေချခဲ့ပြီးဖြစ်သည်။

အီရန်နိုင်ငံသည် မကြာသေးမီနှစ်များက ကာကွယ်ရေးကဏ္ဍတွင် ကြီးမားသော အောင်မြင်မှုများကိုရရှိခဲ့ပြီး လိုအပ်သည့် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာနှင့်နည်းစနစ်များကို လုံလုံလောက်လောက် ထုတ်လုပ်နိုင်ခဲ့ သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

တူရကီလုပ်လက်နက်များတင်ဆောင်သောရေယာဉ် ယီမင်တပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ

ဆာနာ မေ ၅

ယီမင်အစိုးရတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်းရှိ ကမ်းခြေဒေသများမှ တူရကီနိုင်ငံလုပ်လက်နက် ၂၀၀၀၀ ကို သယ်ဆောင်လာသည့် ကူးတို့ ရေယာဉ်တစ်စင်းကို ဖမ်းဆီးခဲ့ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားချက်ကို မေ ၄ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယီမင်စစ်သားများသည် နိုင်ငံအနောက်တောင်ပိုင်း တိုင်ဇက်ပြည်နယ် ကမ်းခြေတွင် လက်နက်ကိုင်အဖွဲ့ဝင်များနှင့်တိုက်ပွဲများဖြစ်ပွားပြီးနောက် အဆိုပါ ကူးတို့ရေယာဉ်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီး ဌာနက မေ ၄ ရက်၌ ၎င်း၏ဝက်ဘ်ဆိုက်ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြား ခဲ့သည်။

ယင်းကူးတို့ရေယာဉ် ကပ္ပတိန်သည် ၎င်း၏ အခြားအဖွဲ့ဝင်များနှင့်အတူ ထွက်ပြေးရန် ပြင်ဆင်နေစဉ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုတွင် ယီမင်တပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန က ထုတ်ပြန်ချက်တွင် ဆက်လက်ပြောကြားသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ပြီးခဲ့သည့် လအနည်းငယ်က တူရကီ တပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိခဲ့သော တရားမဝင်တူရကီလုပ်လက်နက်များသယ် ဆောင်သည့် လေးစင်းမြောက် ရေယာဉ်ဖြစ်သည်။ ယီမင်တပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ပိုင်းဒေသတွင် ကမ်းခြေမှ အလားတူလက်နက်တင်ရေယာဉ်နှစ်စင်း နှင့်အယ်ဟိုဒေတာရှိ ပင်လယ်နီဆိပ်ကမ်းမှ တတိယမြောက် လက်နက်တင် ရေယာဉ်တစ်စင်းကို ဖမ်းဆီးရမိခဲ့ကြောင်း ယင်းဌာနက ဆက်လက်ပြော ကြားသည်။ **(ပရက်စ်တီဗွီ)**

ကင်းထောက်နှင့်တိုက်ခိုက်ရေး အသုံးပြုနိုင်သည့် မောင်းသူမဲ့ရဟတ်ယာဉ်များ အမေရိကန်ထုတ်လုပ်

ဝါရှင်တန် မေ ၅

အမေရိကန်ရေတပ်ကထောက် လှမ်းရေးနှင့် တိုက်ခိုက်ရေးယာဉ် အဖြစ်အသုံးပြုနိုင်သော ရဟတ် ယာဉ်အမျိုးအစားသစ်ကို ထုတ်ဖော် ပြသလိုက်ပြီဖြစ်ကြောင်း မေ ၅ ရက် က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြ ထားသည်။ **(အပေါ်ပုံ)**

မက်ဂျစ်စီယန်ဟု ခေါ်သော အဆိုပါရေယာဉ်အုပ်စုကို မေ ၂ ရက်တွင် ဆန်ဒီယာဂိုမြို့အနီးလေတပ် အခြေစိုက်စခန်း၌ ထုတ်ဖော်ပြသ ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက် ရေးရဟတ်ယာဉ်များကို ဖျက် သင်္ဘောနှင့် လေယာဉ်တင်သင်္ဘော ကြီးများထက်ငယ်သော ကမ်းရိုးတန်း တစ်လျှောက် ဖြန့်ကြက်ထားသော သင်္ဘောများပေါ်၌ ချထားမည်ဟု ဆိုသည်။

အဆိုပါရဟတ်ယာဉ်သစ်အုပ်စု တွင် MQ-8 Fire Scout ဟုခေါ်သော မောင်းသူမဲ့ရဟတ်ယာဉ် ၁၀ စီးပါ ဝင်သည်။ ယင်းရဟတ်ယာဉ်များကို နော့သရော့ဂရမ်မင်း ကုမ္ပဏီက ထုတ်လုပ်ပေးခဲ့သည်။ ကင်းထောက် လုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းတို့တွင် အသုံးပြုနိုင် သည်။ ယင်းရဟတ်ယာဉ်အုပ်စုတွင် MH-60 Romeo ရဟတ်ယာဉ်ရှစ် စင်းလည်း ပါဝင်သည်။

ပျံသန်းနိုင်

MQ -8 Fire Scout မောင်း သူမဲ့ ရဟတ်ယာဉ်များကို မြေပြင် သို့မဟုတ် သင်္ဘောပေါ်မှ အကွာ အဝေးမိုင် ၁၁၀ မှနေ၍ လေယာဉ် မောင်းနှစ်ဦးက အဝေးထိန်းစနစ်ဖြင့် မောင်းနှင်မည်ဖြစ်သည်။ ၎င်းမောင်း သူမဲ့ ရဟတ်ယာဉ်များသည် MH-60 Romeo ရဟတ်ယာဉ်များနှင့် ယှဉ် လျှင် အနည်းဆုံးရှစ်နာရီကြာ ပျံသန်း နိုင်သည်။ **(ပရက်စ်တီဗွီ)**

အာဖဂန်အကြမ်းဖက်တိုက်ခိုက်မှုအတွင်း နေတိုးတပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံး

ကဘူးလ် မေ ၅

အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန် ထမ်းဆောင်နေသော အမေရိကန် တပ်ဖွဲ့ဝင်ခုနစ်ဦး တိုက်ခိုက်မှုနှစ် ရပ်အတွင်း သေဆုံးခဲ့ကြောင်း မဟာ မိတ်တို့က ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သည် ဖာရပ်ပြည်နယ်အနောက်ပိုင်း ၌တာဝန်ထမ်းဆောင်နေစဉ် အတွင်း ရန်တိုက်ခိုက်မှုအဖြစ် ၎င်း၏သေ နတ်ဖြင့် တပ်ဖွဲ့ဝင်များကို ပစ်ခတ် သဖြင့် အနည်းဆုံးနှစ်ဦး သေဆုံး ခဲ့သည်။ စောစောပိုင်းက ကန်ဒါဟာပြည်နယ် တောင်ပိုင်း၌ လမ်းဘေးထောင်ဗုံးတစ်လုံးပေါက်ကွဲ မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးသွားသည်။ ယင်းသေ ဆုံးမှုသည် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး ဟယ်လ်မန်ပြည်နယ်တောင်ပိုင်းတွင် ယခုသီတင်းပတ်အတွင်း လမ်းဘေး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ပြီး နောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တာလီဘန်တို့က လွန်ခဲ့သောသီ တင်းပတ်က နွေဦးစစ်ဆင်ရေးဖြင့် နိုင်ငံခြားသားစစ်စခန်းများနှင့် သံ တမန်ရေးရာများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ အာဖဂန်တွင် နေတိုးတပ်ဖွဲ့ဝင် ၁၀၀၀၀၀ ခန့် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ သို့သော် လာမည့်နှစ်ကုန်ပိုင်းတွင် ရုပ် သိမ်းကြမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဓာတ်ပုံဆရာဖီလစ်ဘီရာတို ရိုက်ကူးထားသော တရုတ်ဓာတ်ပုံများ လေလံတင်ရောင်းချမည်

လန်ဒန် မေ ၅

အီတလီနှင့်ဗြိတိန် ဓာတ်ပုံဆရာ တစ်ဦးဖြစ်သော ဖီလစ်ဘီရာတို၏ တရုတ်နိုင်ငံနှင့် ပတ်သက်သော ရှေးခေတ်ဓာတ်ပုံများကို စုစည်းပြီး ဗြိတိန်နိုင်ငံလန်ဒန်မြို့တွင် ဆောက်သ် ဘီလေလံတင်ရောင်းချရေးအဖွဲ့က လာမည့် မေ ၁၄ ရက်၌ ရောင်းချမည် ဖြစ်ကြောင်း မေ ၅ ရက်က သတင်း ထုတ်ပြန်သည်။

လွန်ခဲ့သည့် ၁၈၃၂ ခုနှစ်၌ မွေးဖွားပြီး ၁၉၀၉ ခုနှစ်၌ သေဆုံး သွားခဲ့သော ဓာတ်ပုံဆရာဘီရာတို သည် တရုတ်နိုင်ငံသို့ ၁၈၆၀ ခုနှစ် က စစ်မြေပြင်ဓာတ်ပုံဆရာအဖြစ် ဒုတိယ ဘိန်းစစ်ပွဲကာလအတွင်း အင်ဂလို-ပြင်သစ်တပ်ဖွဲ့များ၏ ဖိတ် ခေါ်ချက်အရ တရုတ်နိုင်ငံသို့ သွား ရောက်ခဲ့ခြင်းဖြစ်သည်။

ပြောကြား

နှစ်များစွာက တရုတ်ပြည်သူ တို့မြင်ကွင်းများကို အမှတ်တရ အဖြစ် မြင်တွေ့လေ့လာနိုင်ကြမည့် ဓာတ်ပုံများဖြစ်ကြောင်း လေလံ အဖွဲ့မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ရစ်ချတ်ဖာတိုရီနီက ပြောကြားသည်။ ယနေ့ တရုတ်ပြည်သူတို့ မြင်ရခဲသော မြင်ကွင်းများဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ ရှားပါးဓာတ်ပုံများကို တစ်ပုံလျှင် ပေါင် ၂၀၀၀၀ ခန့် ရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။ ယခုအခါ တရုတ်နိုင်ငံမှ ပုဂ္ဂလိက ဓာတ်ပုံစုဆောင်းသူများအပါအဝင် ငွေကြေးချမ်းသာသည့် ဝယ်ယူသူ များက ဝယ်ယူလိုကြောင်း ကမ်း လှမ်းချက်များရရှိထားပြီဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဓာတ်ပုံဆရာဘီရာတို၏ ဓာတ် ပုံပေါင်း ၁၈ ပုံ အပါအဝင် အခြား ဓာတ်ပုံနှင့်ပစ္စည်းများကို လေလံတင် ရောင်းချသွားမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဓာတုပစ္စည်းများတင်ဆောင်လာသော ဘယ်လ်ဂျီယံရထား တွဲချော်ပြီးမီးလောင်မှုဖြစ်ပွား

ဘရပ်ဆဲလ် မေ ၅

ဘယ်လ်ဂျီယံနိုင်ငံ ဂျင့်မြို့ အနီးတွင် မေ ၄ ရက်က အဆိပ် အတောက်ဖြစ်စေသော ဓာတု ပစ္စည်းများ တင်ဆောင်လာသည့် ရထားတစ်စင်းလမ်းချော်ပြီး ကြီးမား သောမီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး အခြား ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်း တွင်ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါရထားသည် နယ်သာ လန်နိုင်ငံမှ ဘယ်လ်ဂျီယံနိုင်ငံ ဂျင့်မြို့ ပင်လယ်ဆိပ်ကမ်းသို့ ဦး တည်ခုတ်မောင်းခဲ့ပြီး ဆပ်ချိုလီ ဘယ်လီနှင့် ဝက်တာရန်မြို့နှစ်မြို့ အကြား လမ်းကြောင်းများပြောင်း လဲချိန်တွင် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က လမ်းချော်ခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရထား၏ အတွဲပေါင်း ၁၃ တွဲမှ ခြောက်တွဲလမ်းချော်မှုဖြစ် ပွားပြီး သုံးတွဲမီးလောင်ကျွမ်းခဲ့ ကြောင်း၊ ပေါက်ကွဲမှုများလည်း ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း သတင်း တွင်ဖော်ပြသည်။

ဖြစ်ပွားရသည့်အကြောင်းအရင်း ကို ရှင်းလင်းစွာမသိရကြောင်း၊ နှစ် ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိကာ အခြား ၃၀၀ ကျော်ကိုလည်း ယင်း ဧရိယာအတွင်းမှ ကယ်ဆယ်ရေး များဆောင်ရွက်ပေးခဲ့ရကြောင်း သိရ သည်။ အဆိုပါ ရထားတွဲများမီး လောင်မှုကို ယင်းနေ့နှောင်းပိုင်းတွင် ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော်လည်း ဒေသခံများအား ၎င်းတို့၏နေအိမ် ပြတင်းပေါက်နှင့်တံခါးများကို ဆက် လက်ပိတ်ပြီးနေထိုင်ရန် တိုက်တွန်း ထားကြောင်း ဒေသဆိုင်ရာအရာရှိ တစ်ဦးဖြစ်သည့် ဂျန်ဘရီယာက ပြော ကြားသည်။ **(ဘီဘီစီ)**

နျူကလီးယားစွမ်းအင်ရဖို့ အပြိုင်ကြိုးစားနေကြပြီလား

မောင်နွေသစ်

ကမ္ဘာ့သဘာဝရုပ်ကြွင်းလောင်စာတွေဖြစ်တဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ တဖြည်းဖြည်း လျော့ပါးလာတာနဲ့အမျှ အခြားသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအားတွေဖြစ်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်တွေအပါအဝင် နျူကလီးယားစွမ်းအင်ကိုပါ ရယူဖို့ကြိုးစားလာတာ တွေ့ရပါတယ်။

အနောက်နိုင်ငံတွေက နျူကလီးယားလက်နက် ထုတ်လုပ်လာမည်ကို စိုးရိမ်ပူပန်နေတဲ့အတွက် နျူကလီးယား စွမ်းအင်ရယူဖို့ ကြိုးပမ်းမှုကို လက်မခံနိုင်ကြပါဘူး။ ဒါပေမယ့်လည်း အနောက်နိုင်ငံအများစုက နျူကလီးယားစွမ်းအင်နဲ့ အကျိုးစီးပွားများစွာ ဖြစ်ထွန်းနေကြပါတယ်။ ဒီအချက်ကို သိထားတဲ့ ကမ္ဘာ့အခြားစီးပွားရေး တောင့်တင်းတဲ့နိုင်ငံတွေကလည်း ရုပ်ကြွင်းလောင်စာ စွမ်းအင်တွေအပေါ် မှီခိုနေမှုကိုလျှော့ချပြီး နျူကလီးယားစွမ်းအင်သုံးစွဲဖို့ ဓာတ်ပေါင်းဖိုကြီးတွေ အပြိုင်အဆိုင် တည်ဆောက်လာကြပါတယ်။

အရှေ့ အလယ်ပိုင်းဒေသက အီရန်နိုင်ငံဆိုရင် နျူကလီးယားစွမ်းအင်ရဖို့ ကြိုးစားနေတာဟာ နှစ်အတော်ကြာသွားပါပြီ။ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေဟာ အီရန်က နျူကလီးယားလက်နက် ထုတ်လုပ်လာမှာကို စိုးရိမ်နေကြတဲ့အတွက် အီရန်ကို နျူကလီးယား ပိုင်ဆိုင်ခွင့်မပေးပါဘူး။ ဒီအတွက် ကုလသမဂ္ဂက ဘယ်လိုပင် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်နေပေမယ့် အီရန်ကတော့ ခေါင်းမာမာနဲ့ နျူကလီးယားရဖို့ ဆက်လက်အားထုတ်နေဆဲပါ။

ဒီအတောအတွင်းမှာပဲ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကတော့ သူ့နိုင်ငံရဲ့ စီးပွားရေးအရှိန်အဟုန်ကို မြှင့်ဖို့ နျူကလီးယားစွမ်းအင် နည်းပညာတွေရောင်းချနိုင်ရေး အရှေ့အလယ်ပိုင်းကို ခရီးဆန့်ခဲ့ပါတယ်။ ဂျပန်နိုင်ငံနဲ့ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံတို့ဟာ ဂျပန်ဝန်ကြီးချုပ်သွားရောက် လည်ပတ်စဉ်အတွင်း နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ပါတယ်။ ဂျပန်ဝန်ကြီးချုပ်ဟာ လွန်ခဲ့တဲ့ မေ ၁ ရက်နှောင်းပိုင်းက ပါရှန်ပင်လယ်ကွေ့နိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ရှစ်ခုမြောက် အကြီးဆုံး စီးပွားရေး ပေါင်းဖော်ဖက်ဖြစ်နေတဲ့အတွက် ဂျပန်-ယူအေအီး စီးပွားရေးဖိုရမ်တက်ရောက်ဖို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ ယူအေအီးနိုင်ငံကို နျူကလီးယားစွမ်းအင်ရယူဖို့ ကြိုးစားရာမှာ အကူအညီပေးသွားမယ်လို့ ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်ပါတယ်။

ယူအေအီးနိုင်ငံဟာ တောင်ကိုရီးယားနိုင်ငံမှာ ကုမ္ပဏီတစ်ခုနဲ့ နျူကလီးယားဓာတ်ပေါင်းဖို လေးခုအနက် နှစ်ခုကို စတင်တည်ဆောက်သွားမယ်လို့ ၂၀၁၂ ခုနှစ် ဇူလိုင်လလယ်ကတည်းက ကြေညာထားခဲ့ပါတယ်။ ယူအေအီးနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ်မှာ ဓာတ်ပေါင်းဖို လေးလုံးလည်ပတ်သုံးစွဲဖို့ စီစဉ်နေပါတယ်။ ပါရှန်ပင်လယ်ကွေ့နိုင်ငံဟာ ၂၀၁၂ ခုနှစ် စတင်ဘာလက ဓာတ်ပေါင်းဖိုတွေအတွက် လိုအပ်တဲ့ ယူရေနီယမ်ကို ကနေဒါနိုင်ငံက ထောက်ပံ့ပေးဖို့ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားပါတယ်။

ဂျပန်ဝန်ကြီးချုပ်ဟာ တူရကီနိုင်ငံသို့ ဆက်လက်ခရီးဆန့်ခဲ့ပြီး တူရကီနဲ့ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ဖို့ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ တန်ဖိုးရှိတဲ့ သဘောတူစာချုပ်တစ်ရပ်ကို မေ ၃ ရက်က အန်ကာရာမြို့မှာ လက်မှတ်ရေးထိုးလိုက်ပြီလို့ သိရပါတယ်။ တူရကီနိုင်ငံက အန်ကာရာမြို့ရဲ့ အနောက်ဘက် မိုင် ၂၇၀ အကွာ ပင်လယ်နက်ကမ်းခြေမှာ ဒုတိယမြောက် နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တူရကီနိုင်ငံက ပြည်ပက တင်သွင်းနေရတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့စွမ်းအင်ကို လျှော့ချဖို့ ကြိုးပမ်းနေမှုအစိတ်အပိုင်းအဖြစ် နျူကလီးယားဓာတ်ပေါင်းဖို တိုးချဲ့တည်ဆောက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

နျူကလီးယား မပြန့်ပွားရေး စာချုပ်(အင်န်ပီတီ) အဖွဲ့ဝင်နိုင်ငံများက နျူကလီးယားလက်နက် အမြင့်မားဆုံး တပ်လှန့်မှုအပေါ် စိုးရိမ်ပူပန်နေကြပေမယ့် စီးပွားရေးတောင့်တင်းလာတဲ့ နိုင်ငံတွေက နျူကလီးယားစွမ်းအင်ရဖို့ အပြိုင်ကြိုးစားနေကြသည်ကို အထင်းသားတွေ့မြင်နေရပြီဖြစ်ပါတယ်။ ။

နိုင်ငံတကာသတင်း

ဆီးရီးယားစစ်ဘက်သုတေသနဌာနကို အစ္စရေးက လေကြောင်းမှတိုက်ခိုက်

အစ္စရေးတို့ပစ်ခတ်လိုက်သော ဒုံးကျည်များ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော် ဆင်ခြေဖုံးရှိ ဂျမ်ရာယာအမည်ရှိ စစ်ဘက်သုတေသနဌာနကို ထိမှန်ခဲ့ကြောင်း ဆီးရီးယားရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါ စစ်ဘက်သုတေသနမှ ကြီးမားသောပေါက်ကွဲသံကြီးများ ကြားရကြောင်း ဒေသခံများက ပြောသည်။ ယင်းသုတေသနဌာနသည် ဓာတုလက်နက်ပြုလုပ်ရာတွင် သုတေသနအဖြစ် အသုံးပြုဖွယ်ရှိကြောင်း အနောက်အုပ်စုများက ထင်ကြေးပေးခဲ့ကြသည်။ ယင်းနေရာသည် ဇန်နဝါရီလက အစ္စရေးတို့ပစ်မှတ်ထားတိုက်ခိုက်သည့် နေရာဖြစ်သည်။ လွန်ခဲ့သော မေ ၃ ရက်က အစ္စရေးလေတပ်က ဆီးရီးယားဒုံးကျည်တင် သင်္ဘောတစ်စင်းကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတို့က ပြောကြားသည်။ ၎င်းဒုံးကျည်များသည် အိမ်နီးချင်း လက်ဘနွန်ရှိ ဟစ်(ဇ်)ဘိုလာစစ်သွေးကြွများကို ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိသည်။

— — — — — — —

အီရတ်ပြည်နယ်ရွေးကောက်ပွဲ လက်ရှိဝန်ကြီးချုပ် ဦးဆောင်နေ

အီရတ်ဝန်ကြီးချုပ် နော်ရီမာလီကီဦးဆောင်သော ရှီးယိုက်ဦးဆောင်ညွန့်ပေါင်းအဖွဲ့သည် ပြီးခဲ့သည့်လက ပြည်နယ်ရွေးကောက်ပွဲများကျင်းပခဲ့သည့် ဘဂ္ဂဒက်အပါအဝင် ပြည်နယ် ၁၂ ခုအနက် ခုနစ်ခု အနိုင်ရရှိထားပြီဟုဆိုသည်။ ဆွန်နီဦးဆောင်သော အဓိကပြိုင်ဘက်များ၏ ရွေးကောက်ပွဲရလဒ်အခြေအနေဆိုးရွားနေသည်။ ယင်းရလဒ်သည် လာမည့်နှစ် ပါလီမန်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးထောက်ခံမှုကိုရယူခြင်းဖြစ်သည်။ အမေရိကန်တို့ ၂၀၁၁ ခုနှစ်ကုန်ပိုင်းက ရုပ်သိမ်းသွားပြီးနောက် ယင်းပြည်နယ်ရွေးကောက်ပွဲများကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံတွင် ဆွန်နီနှင့် ရှီးယိုက်တို့အကြား ဆက်လက်တင်းမာလျက်ရှိသည်။ ဆွန်နီအာရပ်အသိုင်းအဝိုင်းက မာလီကီ၏အစိုးရကို သဘောမကျဘဲရှိသည်။ ရှီးယိုက်တို့နေထိုင်ရာဒေသများတွင် မကြာခဏ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ ဒါဇင်ပေါင်း များစွာသော ပြည်သူများသေဆုံးခဲ့ရသည်။ ပြီးခဲ့သည့်လက ရွေးကောက်ပွဲဝင် အမတ်လောင်း ၁၄ ဦး အသတ်ခံခဲ့ရသည်။ မဲရုံများကိုလည်း တိုက်ခိုက်ခဲ့သည်။ အစိုးရက ဆွန်နီအများစုနေထိုင်ရာ ပြည်နယ်များတွင် မဲပေးခြင်းကို ရွှေ့ဆိုင်းခဲ့ရသည်။

— — — — — — —

ပါကစ္စတန် ရွေးကောက်ပွဲမတိုင်မီ ပါတီရုံးများကို အကြမ်းဖက်တိုက်ခိုက်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တောင်ပိုင်း၌ မေ ၄ ရက်က မွတ်တာဟိုက်ဒါးကွာမီ လှုပ်ရှားမှုအဖွဲ့ (အမ်ကျူအမ်)ရွေးကောက်ပွဲရုံးကို ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးပြီး ၃၅ဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ဒေသဆိုင်ရာ နိုင်ငံရေးခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင် မေ ၁၁ ရက် အထွေထွေရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီရုံးများကို ပစ်မှတ်ထားတိုက်ခိုက်နေကြောင်း တာဝန်ရှိသူများကို ပြောကြားသည်။ အထူးသဖြင့် အမ်ကျူအမ်၊ အေအင်န်ပီနှင့် ပီပီပီ ပါတီရုံးများကို ပစ်မှတ်ထား တိုက်ခိုက်လာနေသည်ဟု ဆိုသည်။ ရွေးကောက်ပွဲ မဲဆွယ်မှု စတင်ပြုလုပ်သည့် ဧပြီ ၁၁ရက် ကတည်းက ရွေးကောက်ပွဲဝင် ပါတီရုံးများနှင့် နိုင်ငံရေးအဖွဲ့အစည်းများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လူ ၇၀ကျော် သေဆုံးပြီး ၃၅၀ခန့် ဒဏ်ရာရရှိခဲ့သည်။ အမည်မသိစစ်သွေးကြွများသည် ရွေးကောက်ပွဲရုံးများ အပြင်ဘက်၌ ဗုံးများထောင်၍ အဝေးထိန်းခလုတ်သုံးကာ တိုက်ခိုက်နေကြကြောင်း အမ်ကျူအမ် ပါတီခေါင်းဆောင် ဟိုက်ဒါအဘတ်စ်ရစ်ဇီက ပြောသည်။

မြင့်မောင်စိုး-စုစည်းသည်



စနေဂြိုဟ်ပေါ်တွင် မုန်တိုင်းတိုက်ခတ်နေ

နာဆာမှ လွှတ်တင်ထားသော ကက်စီနီအာကာသလှေ့လာရေးယာဉ်သည် စနေဂြိုဟ်အနီးမှနေ၍ ဓာတ်ပုံများရယူပေးပို့လျက်ရှိရာ စနေဂြိုဟ်ပေါ်တွင် အင်အားပြင်းထန်သော မုန်တိုင်းတစ်ခုတိုက်ခတ်လျက်ရှိကြောင်း နာဆာအာကာသရေးရာ သုတေသနပညာရှင်များက မေ ၄ ရက်၌ ပြောကြားသည်။

အဆိုပါ မုန်တိုင်း၏ မုန်တိုင်းမျက်စိအကျယ်အဝန်းမှာ မိုင် ၂၅၀ ခန့်ရှိရာ ကမ္ဘာဂြိုဟ်၌ ဖြစ်ပေါ်လေ့ရှိသည့် ဟာရီကိန်းမုန်တိုင်းကြီးများ၏ မုန်တိုင်းမျက်စိအရွယ်အစားထက် အဆ ၂၀ ခန့် ပိုမိုကြီးမားသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ စနေဂြိုဟ်ပေါ်တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းသည် မုန်တိုင်းတိုက်ခတ်မှုပြင်းအားမှာ တစ်နာရီ မိုင် ၃၃၀ ခန့်ရှိရာ အရွယ်အစားကြီးမားမှုနှင့် တိုက်ခတ်မှုအင်အား ပြင်းထန်သော မုန်တိုင်းအမျိုးအစားဖြစ်သည်။

သို့သော်ကမ္ဘာမြေမှ အမျိုးအစားအတိုင်း မုန်တိုင်းအရွယ်အစားနှင့် တိုက်ခတ်မှုနှုန်းများကို တိုင်းတာတွက်ချက်ထားခြင်းဖြစ်ပြီး စနေဂြိုဟ်ပေါ်မှ တိုင်းထွာတွက်ချက်မှုအရ သာမန်ထက်အရွယ်အစားကြီးမားသော မုန်တိုင်းတစ်ခုအဖြစ်ရှိနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

စနေဂြိုဟ်ပေါ်တွင် မုန်တိုင်းဖြစ်ပေါ်မှုသည် အခြားဂြိုဟ်များအပါအဝင် ကမ္ဘာဂြိုဟ်ပေါ်တွင် ဟာရီကိန်းမုန်တိုင်းများဖြစ်ပေါ်နိုင်မှုနှင့်ပတ်သက်ပြီး ဆက်စပ်မှုရှိ မရှိကို နာဆာအာကာသရေးရာသုတေသနပညာရှင်များက ဆက်လက်လေ့လာလျက်ရှိသည်။

ဘီဘီစီ

အာကာဟိန်း-ရေးသားသည်

ပျံသန်းနိုင်သော ကမ္ဘာ့အသေးဆုံး အင်းဆက်စက်ရုပ်ပိုးကောင် အမေရိကန်ပညာရှင်တို့တီထွင်

ပတ်ဝန်းကျင်နေရာအနှံ့အပြား၌ တွေ့မြင်နေကျ ပျား၊ ပိတုန်း၊ မှက်၊ ခြင်၊ ယင်နှင့် အင်းဆက်များလိုပင် ပေါ့ပါးဖျတ်လတ်စွာ လှုပ်ရှားပျံသန်းနိုင်သည့် ယင်တစ်ကောင်အရွယ်သာရှိသော စက်ရုပ်တစ်ရုပ်ကို အမေရိကန် သိပ္ပံပညာရှင်များက တီထွင်လိုက်ပြီဖြစ်သည်။

ကာဗွန်မျှင်ဖြင့် ဖွဲ့စည်းတီထွင်ထားသည့် စက်ရုပ်ပိုးကောင်ငယ်သည် တစ်ဂရမ်ခန့်သာ အလေးချိန်ရှိပြီး စူပါမြန်နှုန်းမြင့်အီလက်ထရောနစ်ကြွက်သားများဖြင့် တီထွင်ထားရာ အတောင်ပံလေးများကို အလွန်လျင်မြန်ဖျတ်လတ်စွာ ခတ်နိုင်ကြသည်။

ထို့အပြင် သက်ရှိအင်းဆက်များသည် လူတစ်ဦးတစ်ယောက် လှစ်ခနဲရိုက်ခတ်လိုက်သည်ကို ရှောင်တိမ်းနိုင်သည်မှာ ပေါ့ပါးသည့်အတောင်ပံများကြောင့်ဖြစ်ပြီး ယခုစက်ရုပ်ပိုးကောင်ငယ်တွင် ယင်းကဲ့သို့ စွမ်းအားပြည့်အတောင်ပံများ တည်ဆောက်နိုင်ခဲ့ကြောင်း တီထွင်သူ ဟားဗတ်တက္ကသိုလ်ပညာရှင်အဖွဲ့က ဆိုသည်။

ပြောကြား

မယုံနိုင်ဖွယ်အရှိန်နှုန်းဖြင့် ခတ်ပျံနိုင်သော အတောင်ပံတို့ကို မတင်ခြင်း၊ ဘေးဘယ်ညာယိမ်းစေခြင်းတို့ဖြင့်လည်း ရစ်ဝဲပျံသန်းနိုင်သောစွမ်းရည်နှင့် ကွေ့ဝိုက်ရှောင်ကွင်း ပျံနိုင်ပါကြောင်း တီထွင်သူအဖွဲ့ခေါင်းဆောင် ဒေါက်တာရောဘတ်ဝုဒ်က ပြောကြားသည်။

ယင်တစ်ကောင်ကဲ့သို့ပင် စက်ရုပ်ပိုးကောင်ငယ်၏အတောင်ပံမှာ ပါးလွှာပြီး အလိုက်သင့်လှုပ်ရှားနိုင်သည်။ တစ်စက္ကန့်လျှင် တောင်ပံခတ်နှုန်း အကြိမ်ရေ ၁၂၀ ခန့်ရှိသည်။ ထိုတောင်ပံခတ်အမြန်နှုန်းကို Piezoelectric ခေါ် အထူးကိရိယာဖြင့် ရရှိနိုင်အောင် တီထွင်ခဲ့ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

ကမ္ဘာ့အသေးငယ်ဆုံး စက်ရုပ်ပိုးကောင်ကို တီထွင်နိုင်ခဲ့သောအဖွဲ့ဝင် ဒေါက်တာကီဗင်မာက "အသုံးတည့် စက်ရုပ်တစ်ရုပ်တီထွင်တာထက် အင်းဆက်ပိုးကောင်တွေရဲ့ ပျံသန်းမှုသဘာဝကို နားလည်နိုင်ဖို့အတွက် အဓိက ဦးတည်ပြီး ဖန်တီးခဲ့တာပါ။

ရည်ရွယ်တီထွင်

ဒါ့အပြင် အခုစက်ရုပ်လိုပဲ အသေးကွေးဆုံး ပျံသန်းရေးစက်ယန္တရားအတတ်မျိုးနဲ့ အဆောက်အအုံပြိုကျမှုလိုမျိုး ကျပ်တည်းကျဉ်းမြောင်းတဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အသုံးဝင်မှာမို့လည်း ရည်ရွယ်တီထွင်ခဲ့ကြတာပါ" ဟု ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရောင်းရန်မဟုတ်ပါ

ဝင်းမောင်

ရေးမည်ဟုကြံရွယ်ခဲ့သည်မှာ နှစ်အတော်ပင်ကြာညောင်းခဲ့ပါပြီ။ ယခုလပိုင်းအတွင်း ဂျာနယ်အချို့တွင် "ရောင်းရန်မဟုတ်" "Not for Sale" အမှတ်တံဆိပ်ပါ ဆေးနှင့်ဆေးပစ္စည်းအချို့ ပြင်ပဆေးဆိုင်အချို့တွင် ဝယ်ယူရရှိနေမှု။ မိမိဝန်ထမ်းဘဝကလည်း မြို့နယ်အချို့၏ ဆိုင်အချို့တွင် ကွင်းဆင်းစစ်ဆေးတွေ့ရှိရခြင်းအပေါ် အခြေခံ၍ ပြုလုပ်နေသူများအကျိုးနှင့် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာကိုမြှင့်တင်ရန် ရည်ရွယ်ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မြန်မာအပါအဝင် ကမ္ဘာပေါ်တွင် နှစ်စဉ် မိခင်၊ ကလေးများသေဆုံးနေသည့်အပြင် အေအိုင်ဒီအက်(စ်)၊ တီဘီနှင့် ငှက်ဖျားရောဂါများဖြစ်ပွားပြီးလည်း လူအများသေဆုံးလျက်ရှိပါသည်။

❖ မိခင်၊ တစ်နှစ်အောက်ကလေးနှင့် ငါးနှစ်အောက်ကလေး သေနှုန်းကို လေ့လာလျှင်-အရှင်မွေးသူ ဦးရေ ၁၀၀၀၀၀ (တစ်သိန်း)တွင်-

	မိခင်သေနှုန်း	တစ်နှစ်အောက်ကလေးသေနှုန်း	ငါးနှစ်အောက်ကလေးသေနှုန်း
ကမ္ဘာ	၂၆၀	၄၂	၆၀
အရှေ့တောင်အာရှ	၂၄၀	၄၅	၅၉
မြန်မာ	၂၄၀	၃၇. ၅	၄၆

❖ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်(စ်) ကူးစက်၊ ဖြစ်ပွားသေဆုံးမှုမှာ

	အိတ်(ချ်)အိုင်ဗွီ ကူးစက်ခံရသူ	အေအိုင်ဒီအက်(စ်) ဖြစ်ပွားသူ	အေအိုင်ဒီအက်(စ်)ဖြင့် သေဆုံးသူ
ကမ္ဘာ	၃၄ သန်း	၁၇ သန်း	၁. ၇ သန်း
မြန်မာ	၂၄၀၀၀၀ ခန့်	၁၂၀၀၀၀ ခန့်	၁၅၀၀၀ ခန့်

❖ တီဘီရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေမှာ

	တီဘီရောဂါဖြစ်ပွားသူ	သေဆုံးသူ
ကမ္ဘာ	၈. ၇ သန်း	၁. ၄ သန်း
မြန်မာ	၂၃၀၀၀၀ ခန့်	၂၅၀၀၀ ခန့်

❖ ငှက်ဖျားရောဂါဖြစ်ပွားသေဆုံးမှုမှာ

	ငှက်ဖျားရောဂါဖြစ်ပွားသူ	သေဆုံးသူ
ကမ္ဘာ	၂၁၆ သန်း	၆၅၅၀၀၀ ဦး
မြန်မာ	၆၃၂၀၀၀ ခန့်	၆၀၀ ဦးခန့်

(Ref:WHO Report. 2010, 2011, 2012 and Annual Report of Project)

အထက်ဖော်ပြပါရောဂါ ဖြစ်ပွားသေဆုံးမှုများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်တွေ့ရှိရသည်။ ထို့အပြင်ဖြစ်ပွားသေဆုံးမှုများ၏ ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းကိုလည်း ကာကွယ်ကုသ၍ရနိုင်ပါသည်။ သို့ပါ၍ ရောဂါဖြစ်ပွားသေဆုံးမှုများ လျော့နည်းရန်အတွက် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် UN MDG Goal No. 4၊ 5၊ 6တွင် ထည့်သွင်းပြီး အမျိုးသားရေးအသွင်၊ ကမ္ဘာ့ရေးရာအသွင်ဖြင့် မဟာဗျူဟာ၊ နည်းဗျူဟာများ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့မဟာဗျူဟာ၊ နည်းဗျူဟာများကို အကောင်အထည်ဖော်ရန် နည်းပညာ၊ ဆေးနှင့်ဆေးပစ္စည်းများ အဓိက လိုအပ်လျက်ရှိပါသည်။ ယင်းလိုအပ်ချက်များကို သက်ဆိုင်ရာနိုင်ငံတော်အစိုးရများ၊ အလှူရှင်နိုင်ငံအဖွဲ့အစည်းများက မွန်မြတ်သောစေတနာ၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် လှူဒါန်း၊ ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ဆေးနှင့်ဆေးပစ္စည်းများပေါ်တွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အမှတ်တံဆိပ်များ "Not for Sale" "ရောင်းရန်မဟုတ်" ဟူ၍လည်း ရိုက်နှိပ်ဖော်ပြကြသည်။ အလွဲသုံးစားမပြုလုပ်နိုင်ရန် Prevention ကာကွယ်ခြင်းတစ်မျိုးပင် ဖြစ်သည်။

ယင်းထောက်ပံ့သည့်ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ မြို့နယ်နှင့် ကျေးလက်အဆင့်များက မိမိတို့၏ လိုအပ်ချက်များကို (၁) တွက်ချက်၊ (၂) မှာယူ၊ (၃) ဖွင့်ဖောက်စစ်ဆေးလက်ခံ၊ (၄) သိုလှောင်၊ (၅) ဖြန့်ဖြူးခြင်း အဆင့်ဆင့်ဖြင့် ဝေဒနာရှင်များထံအရောက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ကြရပါသည်။ ဆေးဝါးပစ္စည်း ကိုင်တွယ်အသုံးပြုသူများနှင့် စားသုံးသူများ အလွဲသုံးစားမပြုလုပ်နိုင်ရန်၊ Drug and Logistic Management Guideline များ၊ Standard Operational Procedure (SOP) များ၊ လိုအပ်သော Logistic Management သင်တန်းများ၊ အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပြီး Preventive Measure အနေဖြင့် ဆောင်ရွက်ထားရှိပါသည်။ ထိုနည်းတူ ဆေးဝါးပစ္စည်း ရောင်းချသူများအတွက်လည်း သင်တန်း၊ ညွှန်ကြားချက်များထုတ်ပြန်ပြီး ဆေးဆိုင်မှတ်ပုံတင်၍ ဝယ်ယူရောင်းချခွင့်ပြုခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ဆောင်ရွက်လျက်ရှိသည့်ကြားမှ လှူဒါန်းထောက်ပံ့သည့် ဆေးနှင့်ဆေးပစ္စည်း"အချို့" ကို ပြင်ပဆေးဆိုင် "အချို့"တွင် ကွင်းဆင်းစစ်ဆေးရာမှ သော်လည်းကောင်း၊ လူများ ပြောမှ သော်လည်းကောင်း၊ "People Talk or People voice" အရလည်းကောင်း၊ ဂျာနယ်ထဲဖော်ပြမှုလည်းကောင်း၊ Detect တွေ့ရှိရခြင်းဖြစ်ပါသည်။ အကြောင်းအရင်းမှာ-

(၁) မလုပ်သင့်သည်ကို လုပ်စားနေသူ"အချို့" ရှိနေခြင်း

(၂) ၎င်းပစ္စည်းများကို လက်ခံဝယ်ယူရောင်းချနေသူ"အချို့" ရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယင်းအဓိကအကြောင်းရင်းနှစ်ရပ်ကို ကာကွယ်ရန် Preventive and Control လုပ်ရန်အတွက် အဆင့်ဆင့်ကြီးကြပ်မှုအားနည်းကြောင်းလည်း သုံးသပ်ရပါသည်။

ဤအကြောင်းများကြောင့် မည်သည့်အကျိုးများရရှိမည်နည်း။

ဤအကြောင်းကို အလှူရှင်နိုင်ငံ၊ အဖွဲ့အစည်းများမှသိရှိလျှင် မြန်မာနိုင်ငံနှင့် လူမျိုးအပေါ် မည်သို့ သဘောထားမည်နည်း၊ထင်မြင်ယူဆမည်နည်း၊ အကျိုးမည်သို့ရှိမည်နည်း။

ဤဖော်ပြပါ ကိစ္စမှုမဟုတ်ပါ။ လူ့ဘဝလုပ်ငန်းဆောင်တာအားလုံးတွင် အကြောင်းနှင့်အကျိုး တိုက်ရိုက်ဆက်စပ်မှုရှိပါသည်။ အကြောင်းတရားတွင်လည်း အဓိကနှစ်မျိုးသာရှိပါမည်။ "လုပ်သင့်တာ"နှင့်"မလုပ်သင့်တာ" ။ ဆောင်ရွက်မှုတွင်လည်း နှစ်မျိုးသာရှိပါသည်။ "ပြုလုပ်ခြင်း" နှင့်"မပြုလုပ်ခြင်း/နှောင့်နှေးခြင်း" တို့ဖြစ်ပါသည်။ ခြုံငုံသုံးသပ်ရပါလျှင်မလုပ်သင့်သည်ကို လုပ်ခြင်းကြောင့်လည်းကောင်း၊ မလုပ်ခြင်းကြောင့်လည်းကောင်း၊ လုပ်သင့်သည်ကို လုပ်ခြင်းကြောင့်လည်းကောင်း၊ မလုပ်ခြင်းကြောင့်လည်းကောင်း လူပုဂ္ဂိုလ်၊ မိသားစု၊ အဖွဲ့အစည်း၊ တိုင်းပြည်တို့၏အကျိုးရလဒ်မှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ ဂုဏ်သိက္ခာတက်ခြင်း၊ ကျခြင်းတို့ ဖြစ်မည်မှာမမွတာ၊ သဘာဝတရားပင်ဖြစ်ပါသည်။

နိဂုံးချုပ်ရပါလျှင် ဤသို့ Preventive ပြုလုပ်နေသည့်ကြားမှ Detective တွေ့ရှိနေရမှုအား အမှားကိုအမှန်ဖြစ်အောင် Correction ပြုလုပ်ကြပါ။ဝန်ထမ်းဘဝ ဤသို့တွေ့ရှိမှုကို သက်ဆိုင်သူများနှင့်စည်းရုံး ပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် "Corrective Measure" အမှားမှ အမှန်သို့ ပြုပြင်ပေးနိုင်ခဲ့သည်။ သို့ပါ၍ သက်ဆိုင်သူများမှ Preventive, Detective and Corrective Measure အမှားကို "ကာကွယ်ခြင်း၊ ရှာဖွေခြင်းနှင့် အမှန်ဖြစ်အောင်ပြုလုပ်ခြင်း" တို့ကို အသိကိုဉာဏ်နှင့်ယှဉ်ပြီး ဆောင်ရွက်ကြပါ။ မလုပ်သင့်သည်များကို မလုပ်ခြင်းနှင့် လုပ်သင့်သည်ကို လုပ်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုး ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြပါစေ။ ။

ရွှေပြည်သာမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၅

မေ ၃ ရက် နံနက် ၁ နာရီ ၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ အုပ်စုတောင်ပိုင်း အင်းပေါက်စုကန်ဘောင် (၄)လမ်းတွင် မီးလောင်မှုဖြစ်ပွားနေကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ရွှေပြည်သာမြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးမျိုးမြင့်အောင် ခေါင်းဆောင်၍ မီးသတ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ် ၁၃ဦး၊ အရန်မီးသတ်၃၀၊ ဒေသခံပြည်သူများစုပေါင်း မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၁နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁နာရီ ၄၅မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြသည်။

ဖြစ်ပွားပုံမှာ ယင်းနေ့က ဒေါ်ရင်လှ (၅၆နှစ်)၏ နေအိမ်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှ ကြမ်းပြင်ပေါ်သို့ လဲကျပြီး မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အနီးပတ်ဝန်းကျင်ရှိ အလျား ၁၀ ပေ၊ အနံ ၂၅ပေ ပျဉ်ထောင်အိမ်တစ်လုံး၊ တဲငယ်ကိုးလုံးတို့ကိုပါ ကူးစက်လောင်ကျွမ်းခဲ့ရာ မီးလောင်ဆုံးရှုံးမှု တန်ဖိုးငွေကျပ် သုံးသိန်းနှစ်သောင်းခန့် သတ်မှတ်ကြောင်း၊ လူအသေအပျောက် မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ လူမှုကူညီကယ်ဆယ်ရေးအဖွဲ့များလာရောက်၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီပံ့ပိုးခဲ့ကြကြောင်း သတင်းရရှိရသည်။ (၁၆၆)

Farmer Auto ၏ မေလ အထူးဈေးရောင်းပွဲတော်

"ကျွန်တော် အစားအသောက်စားမယ်ဆိုရင် လူများပြီးရောင်းကောင်းတဲ့ဆိုင်ကို ရွေးချယ်ပြီး စားလေ့ရှိတယ်၊ စားသုံးသူများတယ်ဆိုတာ တစ်ခုခုကောင်းတာ သေချာလို့ ဘဲဖြစ်မယ်။"

"မော်တော်ကားဝယ်မယ်ဆိုလဲ ရောင်းအကောင်းဆုံး ကားအရောင်းပြခန်းကို သွားရောက်ဝယ်ယူမှာဖြစ်တယ်။"

(၁)-အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်၊ဖုန်း-၅၄၂၅၄၄၊၅၄၆၃၅၅၊

(၂)-အမှတ်(၁၉)၊ပြည်လမ်း(Ocean Center ရှေ့)၊ရန်ကုန်၊ဖုန်း-၆၆၁၅၈၈၊၀၉-၇၃၂၂၂၄၃၈၊

(၃)-အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်း(မဟာ့ဂန္ဓာရုံဘုရားတာရှေ့)၊ရန်ကုန် ၊ဖုန်း-၀၉- ၇၃၄၉၁၀၁၇၊

Web site-www.farmerautos.com , Email-fpy.auto@gmail.com

ချောင်းသာ

GOLDEN STAR Travels & Tours

May-23

ချောင်းသာ

ငွေဆောင်

Ph: 209200, 544383, 430480, 703348, 09-5011580

09421152677, 09421122687

55000

May 10 17 23

ပြည်တွင်းသတင်း

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများဖြေရှင်းရန် အသိပညာသည် အရေးကြီး အဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၅

အဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားတစ်ဦးချင်း၏တန်ဖိုးများ ကြီးကြီးမားမား မြင့်မားလာစေရန်အတွက် လူ့စွမ်းရည်ကို တည်ဆောက်ရာ၌သော်လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများကို ကိုင်တွယ် ဖြေရှင်းရန်နှင့်ရေရှည်အသုံးဝင်မည့်အဖြေများကို ရှာဖွေရာတွင်သော်လည်းကောင်း နိုင်ငံသားများအတွက် အသိပညာသည် အရေးကြီးလှကြောင်း၊ အသိပညာ အလုံအလောက်မရှိလျှင် တိုင်းပြည်သည် အစစအရာရာ ချို့တဲ့နေဦးမည် ဖြစ်ကြောင်း။

အသိပညာခွန်အားကို ဖန်တီးပေးနိုင်သည်မှာ စာရေးဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသည့်အတွက် ဆရာကြီး၊ ဆရာမကြီးများသည် ခွန်အားကိုပေးနိုင်စွမ်းရှိသူများ တစ်နည်းအားဖြင့် ဗလဒါယီ ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြကြောင်းဖြင့် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် သုတစွယ်စုံစာပေဆု အလှူရှင်နှင့် ဆုရွေးချယ်ရေးအဖွဲ့ဝင် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက **(အပေါ်ပုံ)**နိုင်ငံတော်က အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပုဂ္ဂလိကပိုင်းက စာပေဆုများကို နှစ်စဉ် ချီးမြှင့်လျက်ရှိသော်လည်း ဆုအရေအတွက် သတ်မှတ်ချက်ရှိမှုကြောင့် ဆုရထိုက်သော်လည်း ကျန်ရှိခဲ့သည့် စာအုပ်ပေါင်းများစွာ ရှိနေကြောင်း၊ ထိုသို့သော စာအုပ်ကောင်းများသည်လည်း တစ်နည်းနည်းဖြင့် အသိအမှတ်ပြု ချီးမြှောက်ခြင်းခံရလျှင် စာရေးဆရာများ၊ ထုတ်ဝေသူများအတွက် တစ်နည်း တစ်ဖုံ အကျိုးရှိနိုင်စရာ၊ အားတက်နိုင်စရာ ရှိသည့်အတွက် သုတစွယ်စုံ စာပေဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် သုတစွယ်စုံ စာပေဆု (ဝိဇ္ဇာ) ဆုရ "ထီးသတင်း နန်းသတင်း" ရေးသားသူ မောင်သန်းဆွေ (ထားဝယ်) တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က သုတစွယ်စုံစာပေဆု (အတ္ထုပ္ပတ္တိစာပေ) ဆုရ "အိုးဝေ ဦးညိုမြ ဘဝနှင့်စာပေ" ရေးသားသူ တက္ကသိုလ်စိန်တင်နှင့် သုတစွယ်စုံ စာပေဆု(ဘာသာပြန်) ဆုရ "မြန်မာ့အောင်ဆန်း" ရေးသားသူ မောင်မြတ်မိုးတို့အား လည်းကောင်း၊ သုတစွယ်စုံ စာပေဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသော်ကောင်းက သုတစွယ်စုံစာပေဆု (ရည်ညွှန်းစာပေ) ဆုရ "လူမှုရေး ပထဝီဝင် အင်္ဂလိပ်- မြန်မာ အဘိဓာန်" ရေးသားသူ မကြင်ဒွေးကိုယ်စား မြေးဖြစ်သူ မမွန်သူဝင်းအား လည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌဒေါက်တာတင်ထွန်းဦးက သုတစွယ်စုံစာပေဆု (သုတသိပ္ပံ)ဆုရ 'ဗိသုကာ၊ ဗိသုကာပညာ"ရေးသားသူ ပါစီမျိုးမြင့်နှင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ဆုရ "မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ"ရေးသားသူ ပါမောက္ခရဲမြင့်ကျော် (ဒေါက်တာရဲ) တို့အားလည်းကောင်း၊ စွယ်စုံမီဒီယာဂရု(ပ်)မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်ခင်မိုးမိုးက သုတစွယ်စုံစာပေဆု (စာပဒေသာ)ဆုရ "လူနာ၊ သူနာပြု၊ ဆရာဝန်နှင့် ကျွန်တော်"ရေးသားသူ မောင်မောင်တင်အားလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ထို့နောက် စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ၂၀၁၃ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)အား လည်းကောင်း၊ ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံ စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဦးဖိုးကျားအထိမ်းအမှတ် သုတစွယ်စုံစာကြည့်တိုက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလည်းကောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းအတွက် အလှူငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ဦးအား လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သုတစွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌက သုတစွယ်စုံစာပေဆု ရွေးချယ်ရေးအဖွဲ့အား မေတ္တာလက်ဆောင်များ ပေးအပ်ရာ ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဝင် ဦးတင်ခ (တက္ကသိုလ်တင်ခ) က လက်ခံသည်။

ယင်းနောက် သုတစွယ်စုံစာပေဆု ရရှိသူများကိုယ်စား တက္ကသိုလ်စိန်တင်နှင့် တစ်သက်တာစာပေဆုရ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်) တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ရောဝတီတံတား (မလွန်) တည်ဆောက်ရေးစီမံကိန်း သတ်မှတ်ချိန်အမီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၃ ရက် နံနက်ပိုင်းက နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းတစ်လျှောက် မိုင်တိုင်အမှတ် (၃၆/၄) နှင့် (၃၆/ ၅) အကြားတွင် မြေထိန်းနံရံ ဆောင်ရွက်ရန်စီစဉ်ထားရှိမှု၊ လမ်းအန္တရာယ်ကာကွယ်တိုင်များ စိုက်ထူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၇/၇)နှင့် (၃၈/၀) အကြားရှိ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ငွေးချိုစီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူများအား လမ်းဘေးဝဲယာ ရေဆင်းမြောင်းများ ဆောင်ရွက်ရန်၊ ကျောက်စီမြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရန်၊ လမ်းကွေ့များတွင် အန္တရာယ်ကင်းရှင်းရန်အတွက် လမ်းညွှန်ဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များ ထားရှိရန်၊ တံတားချဉ်းကပ်လမ်းနှင့် တံတားတစ်ဖြောင့်တည်းဖြစ်အောင် ဆောင်ရွက်ရန်၊ တံတားများပေါ်တွင် ရေဆင်းပေါက်များ ထားရှိရန်၊ လမ်းတစ်လျှောက် အလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၄၉/၀)ရှိ ဝံအော်ကြီးတံတား ကြံ့ခိုင်မှုနှင့် ချဉ်းကပ်လမ်းအခြေအနေ၊ မိုင်တိုင်အမှတ်(၅၀/၅)တွင် မြေထိန်းနံရံ ဆောင်ရွက်ပြီးမှု၊ မိုင်တိုင်အမှတ် (၆၀/၀)နှင့် (၆၀/၁) ကြားရှိ တံတားအမှတ်(၁/၆၁) ကသာချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းအခြေအနေ၊ တောင်တွင်းကြီး-သစ်ရာကောက်လမ်းတစ်လျှောက်နှင့် ဧရာဝတီတံတား(မလွန်) မိချောင်းရဲဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုများ၊ ဧရာဝတီတံတား(မလွန်) ဖွင့်ပွဲအတွက်မဏ္ဍပ်၊ ရဟတ်ယာဉ်ကွင်း၊ ဖွင့်ပွဲမုခ်ဦးနှင့် ကမ္ပည်းကျောက်စာတိုင်များ တည်ဆောက်နေမှု၊ ပင်မတံတားကြီးပေါ်တွင် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မလွန်ဘက်ကမ်းတွင် မုခ်ဦးတည်ဆောက်ပြီးစီးမှု၊ မလွန်ဘက်ကမ်းချဉ်းကပ်လမ်း၊ သစ်ရာကောက်-မလွန်-မင်းလှလမ်းတို့နှင့် အဆိုပါလမ်းပေါ်ရှိ ပန်တော်ပြန်တံတားအသစ် တည်ဆောက်ရန်အတွက် လမ်းလွှဲဘေလီတံတား ဆောင်ရွက်နေမှုနှင့် ညပိုင်းတွင် ဧရာဝတီတံတား(မလွန်)မီးရောင်စုံထွန်းညှိထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်တွင်းမှုသက်မွေးလုပ်ငန်း နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင် ကျောင်း၏ နွေရာသီအထူး သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများတက်ရောက်ပြီး ကျောင်းအုပ်ဆရာမကြီးက အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကဲ့သို့ မိန်းမဝတ်(လက်မ/စင်တီ)၊ ကလေးဝတ်၊ သိုးမွေး၊ ဇာထိုး ပန်းထိုး၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး၊ မြန်မာအစားအစာ၊ မုန့်မျိုးစုံ၊ တရုတ်အစားအစာ၊ ပန်းအလှပြင်(အခြေခံ/အဆင့်မြင့်)၊ သစ်သီးအလှပြင်စသည့် ဘာသာရပ်များဖြင့် ပုံမှန်သင်တန်းအပတ်စဉ် (၃/၂၀၁၃)ကို မေ ၂ ရက်နှင့် စနေ၊ တနင်္ဂနွေ သင်တန်းကို မေ ၄ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(လူမှုဝန်ထမ်း)**

ရခိုင်ပြည်နယ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၅

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဆိုင်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ရခိုင်ပြည်နယ် လွှတ်တော်ခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ရခိုင်ပြည်နယ်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုးမကျမီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါး၊ လက်တွန်းထွန်စက်များ ထုတ်ပေးပြီး ဒုက္ခသည်စခန်းအနီးရှိ လယ်ယာမြေများအား ထွန်ယက်ပေးခြင်း၊ ဓာတ်မြေဩဇာများ ပံ့ပိုးပေးခြင်း၊ ယာယီစခန်းအနီးတွင် သောက်သုံးရေကန်များ အချိန်မီတူးဖော်ပေးခြင်း၊ လှေနှင့်ငါးဖမ်းပိုက်စသည့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးသာလူချေက မိုးမကျမီ မျိုးစပါးများနှင့် ထွန်စက်စသည့်လိုအပ်ချက်များရောက် ရှိလာပါက ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပြီးဖြစ်သည့် အတိုင်း အချိန်မီ မြို့နယ်များသို့ ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေက ကျောင်းမဖွင့်မီ ဒုက္ခသည် စခန်းများအနီး ယာယီစာသင်ကျောင်းများကို UNICEF မှ စစ်တွေ၊ ပေါက်တောနှင့် မင်းပြားမြို့နယ်များတွင် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသော ကျောက်တော်၊ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များအတွက် လိုအပ်သော စာသင်ကျောင်းများကို UNICEF မှ ဆက်လက်ဆောက်လုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သော ဆရာ ဆရာမများခန့်ထားခြင်းများကိုလည်း UNICEFမှ တစ်လလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၊ ပညာရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၀၀၀၀ ပံ့ပိုးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ထပ်မံလိုအပ်သော ဆရာ ဆရာမများ ရွှေ့ပြောင်းခန့်ထားခြင်းကို ပညာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အချို့သောနေရာများတွင် ပညာရေးဝန်ကြီးဌာန အနေဖြင့် ဆရာ ဆရာမများအား မူလတန်းအဆင့် ငွေကျပ် ၄၀၀၀၀၊ အလယ်တန်းအဆင့် ငွေကျပ် ၅၀၀၀၀၊ အထက်တန်းအဆင့် ငွေကျပ် ၆၀၀၀၀ ထောက်ပံ့ကြေးပေး၍ ကျောင်းမဖွင့်မီ ခန့်ထားနိုင်ရေးကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးရမည့် အချက်များအား ညှိနှိုင်းတင်ပြကြပြီး ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ပံ့ပိုးပေးမည့် ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ဒုက္ခသည်စခန်းများသို့ ဖြန့်ဝေပေးရေး ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်စဉ် (ပြည်သူတို့၏တာဝန်)

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။

(ခ) မီးသတ်ယာဉ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွား ခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ပါ။

(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပါ။

(ဃ) မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကို ရေပက်ဖျန်း ငြိမ်းသတ်ပေးပါ။

(င) မီးလောင်မှုကို ကူညီငြိမ်းသတ်ပေးပါ။

(စ) နှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးပါ။

ပြည်တွင်းသတင်း

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်လာသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ယခုအခါ နိုင်ငံတကာက အသိအမှတ်ပြုရသည့် အောင်မြင်မှုများရရှိသကဲ့သို့ စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် Nation Building,State Building, Peace Building ဆိုသည့် တည်ဆောက်ရေးလုပ်ငန်းသုံးခုကို တစ်ပြိုင်တည်းဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ အမျိုးသားရေး မျှော်မှန်းချက်သည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ်နှင့် တန်းတူရည်တူ ယှဉ်ပြိုင်နိုင်ခွင့်ရှိသည့် စီးပွားရေးဖြစ်စဉ်များဖြင့် တည်ဆောက်ထားသည့် မြန်မာနိုင်ငံတော်သစ် (New Myanmar)ကို တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ မိမိတို့၏ အမျိုးသားရေးပန်းတိုင်သည် အားလုံးပါဝင်နိုင်ခွင့်ရှိပြီး လွတ်လပ်ပွင့်လင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာရေးပင်ဖြစ်ပါကြောင်း၊ ထိုအမျိုးသားရေး မျှော်မှန်းချက်နှင့်ပန်းတိုင်ကို ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အားလုံးပါဝင်ဆောင်ရွက်ရန်လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၏ ရလဒ်ကို ပြည်သူများ အချိန်တိုအတွင်း လက်တွေ့ခံစားနိုင်ရေး၊ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာမြို့များတွင် ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများ ဖြေရှင်းရေးတို့နှင့် ပတ်သက်၍ ၎င်းတို့၏ သဘောထားကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်၊ နိုင်ငံတကာအမြင်များဖြင့် လေ့လာသုံးသပ်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူလူထု၏ တူညီသော ဆန္ဒနှစ်ခုဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ရှင်းပြသည်။

ယင်းနောက် မိမိတို့အနေဖြင့် ပထမနှစ်နှစ်တွင် ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သည့် စွမ်းဆောင်ရည်ပြည့်ဝရေး လုပ်ငန်းများ (Capacity Building) နှင့် Institution များ တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြည်သူများအနေဖြင့် ပြုပြင်ပြောင်းလဲမှု၏ ရလဒ်များကို လက်တွေ့ခံစားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်ပေါင်းများစွာတည်ရှိခဲ့သည့် ပြဿနာများအားလုံးကို မိမိတို့အစိုးရလက်ထက်တွင် အပြီးတိုင်ဖြေရှင်းနိုင်မည်ဟု မယုံကြည်ပါကြောင်း၊ ဖြေရှင်းနိုင်သလောက် ဖြေရှင်းပြီး နောင်အစိုးရများ လွယ်ကူစွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လိုအပ်သည့် အခြေခံ အုတ်မြစ်များ (Foundation) တည်ဆောက်ထားခဲ့မည်ဖြစ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် အုပ်ချုပ်နိုင်ရေး ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အဖြစ် ဆောင်ရွက်နေပါကြောင်း။

အခြေခံယာဉ်မောင်းသင်တန်း တောင်ကြီးတွင် လစဉ်ဖွင့်မည်

တောင်ကြီး မေ ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ တောင်ကြီးတွင် အခြေခံယာဉ်မောင်းသင်တန်းအား အထူးသင်တန်း ရှစ်ရက်၊ ပုံမှန်သင်တန်း ၁၈ ရက်တို့အား မေလ ၁၁ ရက်မှစတင်ပြီး ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ပုံမှန်သင်တန်းတွင် နံနက် ၈ နာရီမှ ၁၂ နာရီသင်တန်းနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းနှစ်မျိုးအား စနေ၊ တနင်္ဂနွေ မပါသင်ကြားမည်ဖြစ်ပြီး အထူးသင်တန်း စနေ၊ တနင်္ဂနွေ တစ်ပတ်နှစ်ရက် သင်တန်းတွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပုဂ္ဂလိကသင်တန်းများနှင့် အပြိုင် ရန်ကုန်၊ မန္တလေးမြို့များတွင် သင်ကြားပေးနေသည့် အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများနှင့် ဝါရင့်ယာဉ်မောင်းများက စာတွေ့၊ လက်တွေ့ပို့ချသွားမည်ဖြစ်ပြီး ခေတ်မီအထောက်အကူပြု စက်ကိရိယာများဖြင့် သင်ကြားပေးသွားမည် ဖြစ်သည်။ သင်တန်းတွင် ယာဉ်မောင်းနှင်မှု တတ်ကျွမ်းရုံသာမက ယာဉ်တစ်စီး၏ အခြေခံသဘောတရားနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား သင်ကြားပေးမည့်အပြင် သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရေး၊ သင်မောင်းလိုင်စင်သုံးလပြည့်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ (ခ) လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးမည်။

ဖွင့်လှစ်ပေး

သင်တန်းကြေး ၆၂၀၀၀ သတ်မှတ်ထားကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၈၁-၂၁၂၇၂၂၀၊ ၂၁၇၀၀၆၊ ၀၉-၄၂၈၃၁၁၇၀၂၊ ၀၉-၄၅၈၀၄၃၃၈၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းနှင့် အဆိုပါ ယာဉ်မောင်းသင်တန်းများအား ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပခုက္ကူ၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင်၊ ပြည်၊ လွိုင်ကော်၊ ဟသ်ာတစသည့်မြို့များတွင် လစဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **နိုင်ထွန်း(TGI)**

ကျောဖုံးမှ

ဦးငယ်ပီးထီယံအုပ်ထန်း
(ချင်းအမျိုးသားပါတီ (CNP) အထွေထွေအတွင်းရေးမှူး)

ဒီလို နီးနီးကပ်ကပ်ပြောဆိုဆွေးနွေးတင်ပြခွင့်ရတာရယ်၊ ပြီးတော့ သမ္မတကြီးနဲ့လည်း ပွင့်ပွင့်လင်းလင်း ပြောခွင့်ရတာရယ်၊ ကိုယ့်အင်အားအမှန်တွေကိုလည်း သမ္မတကြီး သိနားလည်အောင် တင်ပြခွင့်ရတာရယ်ကြောင့် အလွန်ကောင်းပါတယ်။ အားရကျေနပ်ပါတယ်။

ဦးကောင်းမြင့်ထွဋ်
(မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ)

နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံတာ အခုဆို သုံးကြိမ်ရှိပါပြီ။ ကျွန်တော့်အနေနဲ့ တွေ့ဆုံခွင့်ရတာ နှစ်ကြိမ်ရှိပါပြီ။ အကြိမ်တိုင်းမှာ တိုးတက်အောင်မြင်မှုတွေ ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့အခုလို နိုင်ငံရေးပါတီတွေနဲ့ နွေးနွေးထွေးထွေး တွေ့ဆုံတာဟာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ကောင်းတဲ့အလားအလာလို့မြင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးနေမျိုးဝေ
(မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ)

သမ္မတကြီးနဲ့ ပြောရတာကတော့ ကျွန်တော်တို့ ၅ မိနစ်ပေါ့ဗျာ။ ဒါပေမယ့် အရင်ထဲက စာအုပ်စာတမ်းတွေ ပေးထားတာ ရှိတာကိုး။ အဲဒီတော့ အဲဒါလေးတွေကို အလေးအနက်ထားပြီးတော့ ပြောပြပါတယ်။ အဓိက ပြောပြတာကတော့ ဘာသာရေးနဲ့ပတ်သက်ပြီး ပြဿနာလေးတွေ၊ နောက်တစ်ခါ မြေသိမ်း၊ ယာသိမ်းတဲ့ ကိစ္စလေးတွေ၊ လက်ပံတောင်းတောင်ကိစ္စလေးတွေပေါ့ဗျာ။ နောက် ငြိမ်းချမ်းရေးနဲ့ ပတ်သက်တာလေးတွေ၊ စာတွေလည်း ပေးထားပြီးသား။ အခုလို လူချင်းတွေ့ပြီး ပြောလိုက်ရတော့ ပိုပြီးအလေးအနက်ဖြစ်သွားတယ်လို့ထင်ပါတယ်။

ဦးခင်မောင်ဆွေ
(အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ)

ဦးခင်မောင်ဆွေ
(အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ)

သမ္မတကြီးနဲ့ အခုလို တွေ့ရတဲ့ကိစ္စက ကျွန်တော့်အတွက် အများကြီးထိရောက်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာတွေ ပွင့်ပွင့်လင်းလင်းပြောခွင့်လည်းရတယ်။ သမ္မတကြီးရဲ့ နိုင်ငံတည်ဆောက်ရေးမှာလည်း ကျွန်တော်တို့အားလုံးလိုလိုကလည်းပဲ သဘောတူတဲ့အပိုင်းတွေရှိတော့ ဒီလိုတွေ့ဆုံပွဲတွေ ခဏခဏဖြစ်လို့ရှိရင် နိုင်ငံအတွက် ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း
(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ)

အများကြီးအကျိုးရှိပါတယ်။ ကျွန်တော်ပွင့်ပွင့်လင်းလင်းတင်ပြရတာပေါ့။ အဓိက ကတော့ ကျွန်တော်တို့တင်ပြကြတာက ငြိမ်းချမ်းရေးကိစ္စပေါ့။ ငြိမ်းချမ်းရေးကိစ္စရယ်၊ နောက် အုပ်ချုပ်ရေးကိစ္စပေါ့။ Power Sharing ပေါ့။ Decentralization လုပ်ဖို့ ရှင်းပြခဲ့တယ်လေ။

ဒေါ်သန်းသန်းနု
(ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ်)

ဒေါ်သန်းသန်းနု
(ဒီမိုကရက်တစ်ပါတီ (မြန်မာ) အတွင်းရေးမှူးချုပ်)

ကျွန်မအနေနဲ့ သမ္မတကြီးနဲ့ တွေ့ဆုံခွင့်ရတာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ အချိန်တိုတိုလေး ပြောရပေမယ့် သမ္မတကြီးနဲ့ ပွင့်ပွင့်လင်းလင်းပြောရတဲ့အတွက်ကြောင့် ကျွန်မတို့အများကြီး ဝမ်းသာပါတယ်။ အရေးကြီးဆုံးကတော့ ကျွန်မတို့ တင်ပြခွင့်ရတာနဲ့ သမ္မတကြီးက လိုလိုလားလားနားထောင်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။

ဦးဟန်ရွှေ
(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်)

ကျွန်တော်တို့ အများကြီး ဝမ်းသာပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်းပဲ ပြည်သူနဲ့ပေါ့လေ၊ အုပ်ချုပ်ရေး ဆက်စပ်ပေါင်းကူးဖို့ဆိုတာ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ မဲဆန္ဒရှင်တွေ၊ ပါတီဝင်တွေနဲ့ ဆက်ဆံရေးနဲ့ ပါတီတွေက ပြည်သူတွေနဲ့ အမြဲတမ်းထိတွေ့နေရတဲ့ အခြေအနေမျိုးပါ။ ဒီလိုသမ္မတကြီးနဲ့ ဆုံတဲ့အခါမှာ ပြည်သူရဲ့ အသံကို ကျွန်တော်တို့က

ျဖစ်ပေါ်လာရေး
တိုင်ကို ရောက်
င်ရွက်ရန်လိုပါ

ျားမှ တာဝန်
အခြေခံဥပဒေ
ရေး၊ လယ်ယာ
ဥ်များ၏ ရလဒ်
ရခိုင်ပြည်နယ်
ရှင်းရေးတို့နှင့်
ဆွေးနွေးတင်ပြ

ဌက နိုင်ငံရေး
ငံရေးအမြင်၊
ငံတကာအမြင်
အတွက် ဖြည့်

းလင်းဆွေးနွေး
ည်သူလူထု၏
းရေးနှင့် စီးပွား
းပွားရေးပြုပြင်

ပြုပြင်ပြောင်းလဲ
လုပ်ငန်းများ
က်ရေးလုပ်ငန်း
င် ပြည်သူများ
စားနိုင်မည်ဟု
များအားလုံးကို
မယုံကြည်ပါ
း လွှယ်ကူစွာ
အုတ်မြစ်များ
ကိုချုပ်ကိုင်မှုကို
ရေး ပြောင်းလဲ
ပြောင်းလဲရေးကို
ဆောင်ရွက်နေပါ

ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း အုပ်ချုပ်မှုကဏ္ဍ၏ ချို့ယွင်းချက်၊ အားနည်းချက်များကို တိကျသေချာသော အထောက်အထားများဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် အားနည်းချက်များ၊ လိုအပ်ချက်များကို လျစ်လျူရှုထားခြင်းမရှိပါကြောင်း၊ အသိအမှတ်ပြုပြီး ဖြေရှင်းနိုင်အောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အားလုံးကလည်းပူး ပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတဦးသိန်းစိန် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် နေပြည်တော်ရှိ တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ တာဝေးစက်ဘီးစီးလေ့ကျင့်

နေပြည်တော် မေ ၅

နေပြည်တော် လယ်ဝေးမြို့မဈေးအရှေ့မှ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ လိန်းလီတံတားအထိ အမျိုးသားစက်ဘီး ၁၅၀ ကီလိုမီတာ တစ်ဦးချင်းစံချိန်ပြုပြိုင်ပွဲနှင့် အမျိုးသမီး စက်ဘီး ၁၂၀ ကီလိုမီတာ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲ တာလွှတ်နေမှုကို မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၇ နာရီတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရိုးရာခြင်းလုံးဒိုင်သင်တန်းနှင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသို့ အာဆီယံနိုင်ငံများမှ သင်တန်းသားများ တက်ရောက်ပြီး မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို SEA Games ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် အားကစားနည်းဖြစ်ကြောင်း၊ ယခုသင်တန်းသည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံနိုင်ငံများအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Dato Abdul Halim bin Kader နှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ သင်တန်းသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ သင်တန်းသားရှစ်ဦး၊ မြန်မာနိုင်ငံမှ သင်တန်းသား သင်တန်းသူ ၆၄ ဦး တက်ရောက်ကြပြီး မေ ၆ ရက် အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ဘီးပြိုင်ပွဲတာဝေး တစ်ဦးချင်း စံချိန်ပြုလေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ လိန်းလီတံတားသို့ ပန်းဝင်လာမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအဆင့်မီ တင်ဆက်မှုဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြ

ရန်ကုန် မေ ၅

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် Chatrium Hotel၌ ကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်ရေး အနုပညာပိုင်းဆိုင်ရာ ညှိနှိုင်းမှုကော်မတီအစည်းအဝေးသို့တက်ရောက်၍ အစီအစဉ်တစ်ခုချင်းစီ၏ လိုအပ်ချက်များကို သက်ဆိုင်ရာပညာရှင် ရှုထောင့်မှနေပြီး အကြံပြုဆွေးနွေးကြရန်နှင့် နိုင်ငံတကာအဆင့်မီ တင်ဆက်မှုဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဒါရိုက်တာ စင်ရော်မောင်မောင်က ဖျော်ဖြေရေး အစီအစဉ်များ၏ နမူနာပုံစံများကို Video ဖြင့်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ပညာရှင်အသီးသီးကလည်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဂုဏ်ဆောင် ဖျော်ဖြေတင်ဆက်မှုများဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်အသီးသီးက ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဖျော်ဖြေတင်ဆက်မှုများတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ညနေ ၆ နာရီခွဲတွင် Chatrium Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ **(အပေါ်ယာပုံ)** ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လိုအပ်သော ပစ္စည်းများ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

န်တော်တို့
မ်းချမ်းရေး
Power
လုပ်ဖို့

မှုးချုပ်)
ဆုံခွင့်ရတာ
လေး ပြောရ
းပြောရတဲ့
ာပါတယ်။
ခွင့်ရတာနဲ့
တဲ့အတွက်

ာပါတယ်။
နဲ့ပေ့ါလေ၊
န်တော်တို့
ကြီးပါတယ်။
ဝင်တွေနဲ့
အမြဲတမ်း
သမ္မတကြီးနဲ့
တော်တို့က

ဦးကောင်းမြင့်ထွဋ်
(မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ)

သမ္မတကြီးထံ တင်ပြရတဲ့အခါကျတော့ သမ္မတကြီးလည်းသိသွားတယ်။ ပြည်သူကို ဗဟိုပြုတဲ့ အစိုးရမျိုး၊ ပြည်သူကိုအကျိုးပြုတဲ့ အစိုးရမျိုးဖြစ်ဖို့အတွက် ကျွန်တော်တို့နိုင်ငံရေးပါတီတွေက အများကြီး အထောက်အကူပြုနိုင်တဲ့အတွက် ဝမ်းလည်းသာပါတယ်။ အများကြီးလည်း ပီတိဖြစ်ပါတယ်။ သမ္မတကြီးပြောသလို အမြဲတမ်း မကြာခဏ ကျွန်တော်တို့နဲ့ ထိတွေ့ပြီးတော့ ပွင့်ပွင့်လင်းလင်း ပြောတာဆိုတာ နားထောင်ချင်ပါတယ်ဆိုတဲ့ သမ္မတကြီးရဲ့ဆန္ဒကို အများကြီးလေးစားပါတယ်။

ဦးစောထွန်းအောင်မြင့်
(ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ)

အခုလို သမ္မတကြီးရဲ့ အစီအစဉ် အင်မတန်မှ အားရပါတယ်။ Nation Building, State Building, Peace Building လုပ်တဲ့အပိုင်းကို ကျွန်တော်တို့ အများကြီးထောက်ခံအားပေးပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ကို တိုင်းပြည်အေးချမ်းဖို့လိုပါတယ်။ တိုင်းပြည်အေးချမ်းဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့လိုပါတယ်။ ဒီအပိုင်းမှာ ငြိမ်းချမ်းရေးကို အားပေးတာကို အများကြီးဝမ်းသာပါတယ်။ အထူးသဖြင့် ကျွန်တော်တို့က ဒီပါတီစုံ ဒီမိုကရေစီစနစ်မှာ ပါတီတွေဟာ အင်မတန်မှ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါတဲ့အတွက် ဒီပါတီတွေကို အခုလို ခေါ်တွေ့ခြင်းသည် ကျွန်တော်တို့ သန်းပေါင်း ၆၀ ကျော်သော ပြည်သူကို ခေါ်တွေ့တဲ့ သဘောမျိုးဖြစ်ပါတယ်။ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောဆိုရတဲ့အတွက် သမ္မတကြီးကို အများကြီးကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

ဒေါက်တာအေးမောင်
(ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဋ္ဌ)

ကျွန်တော် ဒီကို နှစ်ကြိမ်ရောက်ပြီးပါပြီ။ သမ္မတကြီးရဲ့ Mission တွေဖြစ်တဲ့ Nation Building, State Building, Peace Building တွေကို ထောက်ခံပါတယ်။ နောက်သွားချင်တဲ့ ပန်းတိုင်ကို ကြည့်တဲ့အခါ အားလုံးပါဝင်အောင်လုပ်မယ်ဆိုတာမျိုး ပြောသွားပါတယ်။ ဒါနဲ့ ပတ်သက်လို့ နိဂုံးချုပ်တဲ့အခါမှာ ပြည်သူကို ဗဟိုပြုတဲ့အစိုးရ ဖြစ်ဖို့ ဦးတည်တယ်။ ကျွန်တော်တို့ပါတီကို ဖိတ်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားကို တွေ့သလိုပဲလို့ မှန်းလို့ရပါတယ်။ ပါတီချင်းတွေ့ကြတယ်။ နောက်နိုင်ငံတော်အကြီးအကဲက ပါတီတွေကို ခေါ်တွေ့တယ်ဆိုတာ လူထုကို ကိုယ်စားပြုနိုင်မယ့်၊ ကိုယ်စားပြုတဲ့ ပါတီတွေကိုတွေ့တဲ့ သဘောမျိုးမို့ အများကြီး ဝမ်းသာပါတယ်။ ချပြတဲ့ အပိုင်းမှာလည်း လက်ရှိအားလုံးအတွက် ပထမဦးစားပေးက ငြိမ်းချမ်းရေးလို့ ရည်ညွှန်းပါတယ်။ ကျွန်တော်တို့ကလည်း လက်ခံတယ်။ ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့က ဆွေးနွေးကြပါတယ်။ ဒီ State နဲ့ ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း သွားတဲ့အခါကျတော့ မငြိမ်းချမ်းမှုက ပင်ရင်းပဲလို့ မြင်ပါတယ်။ ပြုပြင်ပြောင်းလဲဖို့လိုတယ်ဆိုတဲ့ အမြင်ကိုလည်းရပါတယ်။ ဒါမှလည်း ကျွန်တော်တို့ဟာ ပြုပြင်ပြောင်းလဲမှုကို လုပ်နိုင်မှ ငြိမ်းချမ်းရေးလိုအပ်ချက်ဟာ ပြည့်စုံသွားမှာ ဖြစ်ပါတယ်။ ဒီလို Decentralization လုပ်ဖို့၊ အုပ်ချုပ်ရေးပိုင်းမှာ အောက်ခြေအဆင့် မပြောင်းလဲသေးဘူး။ ကျွန်တော်တို့အပါအဝင် ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားမယ်။ ၂၀၁၅ ခုနှစ် မတိုင်ခင် သမ္မတကြီး ဦးဆောင်တဲ့ အစိုးရလက်ထက်မှာ ကျွန်တော်တို့ လိုလားတဲ့ Mission အားလုံးဟာ အောင်မြင်သွားနိုင်တယ်၊ ပန်းတိုင်ဆီသို့ ရောက်နိုင်မယ်လို့ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးစောထွန်းအောင်မြင့်
(ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ)

ရန်ကုန်တစ်ဖက်ကမ်းရှိ မြို့နယ်များ ဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် မေ ၅

ကိုရီးယားသမ္မတနိုင်ငံ SOOSUNG Engineering Co.,Ltd. သည် ရန်ကုန်မြို့၌ ဒလတံတား ဆောက်လုပ်မည့်ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းတို့သို့ သွားရောက်လေ့လာ၍လိုအပ်သော အင်ဂျင်နီယာပိုင်းဆိုင်ရာဖြစ်နိုင်စွမ်းရှိသည်များကို အမြန်ဆုံးတည်ဆောက်နိုင်ပါက ရန်ကုန်မြို့၏ တစ်ဖက်ကမ်းရှိ မြို့နယ်များသည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ SOOSUNG Engineering Co.,Ltd. ဥက္ကဋ္ဌ Mi Rye Park တို့သည် မေ ၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကောင်းကင်နန်းတော်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုမရှိ ကြက်သားဈေးကွက် ပုံမှန်အတိုင်း လည်ပတ်

နေပြည်တော် မေ ၅

ကြက်ငှက် တုပ်ကွေးရောဂါ အိမ်နီးချင်းနိုင်ငံ၌ ဖြစ်ပွားခဲ့သော်လည်း လက်ရှိပြည်တွင်းဈေးကွက်အတွင်း ရောင်းအားပုံမှန်အတိုင်းသာရှိခဲ့ကြောင်း သိရှိရသည်။

"ဈေးကွက်ထဲမှာ ပုံမှန်ပါပဲ။ ကြက်သားဈေးကလည်း ပုံမှန်ပဲ။ စားသုံးသူလည်း လျော့မသွားပါဘူး။ ကျွန်တော်တို့က အေးခဲထားပြီး ရောင်းတာမျိုးမဟုတ်ဘူး။ နောက်ပြီး ကြက်ခြံတွေမှာလည်း ဘာပြဿနာမှ မရှိတော့ အရောင်းအဝယ်အေးဆေးတယ်"ဟု တပ်ကုန်းဈေးအတွင်းရှိ ကြက်သားဒိုင်တစ်ခုက ပြောကြားသည်။ ရန်ကုန်မြို့ အတွင်း၌လည်း သင်္ကြန်ပြီးစကာလများက ကြက်သားဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့ပြီး ဝယ်လိုအားလျော့ကျခဲ့သော်လည်း ယခုမေလဆန်းပိုင်းအတွင်း ဝယ်လိုအားမြင့်တက်လာခဲ့ကြောင်း သိရသည်။

"တရုတ်နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးဖြစ်တယ် ကြားခါစက အရှုံးပေါ်ခဲ့သေးတယ်။ ဝယ်လိုအားချက်ချင်းကျသွားတာ။ တစ်ပတ်ကျော်လောက်ဖြစ်ခဲ့တယ်။ ဒါပေမယ့် ရောဂါဖြစ်ပွားတဲ့ အခြေအနေလုံးဝမရှိပါဘူး။ မွေးမြူရေးသမားတွေကလည်း ဒီလိုအချိန်မှာအလွန်သတိထားကြပ်မတ်တယ်။ ကျွန်တော်တို့ ဒိုင်သမားတွေကလည်း ကြက်ဘဲကို ကြည့်လိုက်တာနဲ့ အနာကျလား၊ ရိုးရိုးကျန်းမာတဲ့ ကြက်လားဆိုတာကို ခွဲခြားတတ်ပါတယ်။ ရန်ကုန်မှာ ကြက်သားဝယ်လိုအားက အရင်နှစ်ကထက်စာရင် နှစ်ဆလောက် တက်သွားတာ။ နိုင်ငံခြားသားတွေ လာရောက်နေထိုင်ကြတဲ့အတွက် ကြက်သားဝယ်လိုအားတက်လာရတယ်။ အခုမေလထဲမှာတော့ ဈေးလည်း ပုံမှန်ပြန်ဖြစ်လာသလို ဝယ်လိုအားလည်း အရင်အတိုင်း ပြန်တက်လာတယ်" ဟု အောင်သီရိ ကြက်၊ဘဲဒိုင်က ပြောကြားသည်။

ပုံမှန်အတိုင်းတွင်လည်း နွေရာသီကဲ့သို့ အပူချိန်မြင့်မားသည့် ကာလများအတွက် ကြက်သားပေါက်များ သေဆုံးတတ်ပြီး ကြက်မွေးဖွားနှုန်းများ လျော့ကျတတ်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ပိုမိုဂရုစိုက်ရခြင်းကြောင့် ကြက်သားဈေးနှုန်းများ ပုံမှန်ရာသီထက် အနည်းငယ်ပိုမိုမြင့်တက်လာခြင်းရှိကြောင်း သိရှိရသည်။ **ခင်ရတနာ**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ၌ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာ အခမ်းအနားကို မေ ၄ ရက် နံနက် ၁၀ နာရီက ဓနသိဒ္ဓိဓမ္မာရုံသစ်၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလင်းနှင့် ဓမ္မာရုံကော်မတီဝင်များ၊ အလှူရှင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများ တက်ရောက်ခဲ့ပြီး သဒ္ဓမ္မဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစာရိတ္တအမှူးပြုသောဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် အသံမစဲမဟာပဋ္ဌာန်းအောင်ပွဲတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ စုစုပေါင်း ၃၆ သိန်းဖိုး လှူဒါန်းခဲ့ခြင်းဖြစ်ပြီး “ကျွန်တော်တို့ ဓနသိဒ္ဓိဓမ္မာရုံမှာ ရပ်ကွက်အတွင်းမှာရှိတဲ့ ကလေးသူငယ်တွေ လိမ္မာရေးခြားရှိစေဖို့အတွက် ယဉ်ကျေးလိမ္မာသင်တန်းတွေ ဖွင့်လှစ် ပို့ချမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆရာ တော်ကြီးတွေကိုပင့်ဖိတ်ပြီး တရားပွဲတွေကိုလည်း ပြုလုပ်ဖို့စီစဉ်ဆောင်ရွက်နေပါတယ်” ဟု ဓနသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစောလင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မန္တလေးတိုင်းဒေသကြီးတစ်ဝန်း သောက်သုံးရေများဖူလုံရေးဆောင်ရွက်နေ

မန္တလေး မေ ၅

အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ပူပြင်းသည့်နွေရာသီကာလရောက်တိုင်း ရင်ဆိုင်ဖြေရှင်းရလေ့ရှိသည့် သောက်သုံးရေရရှိမှုအခက်အခဲများကိုဖြေရှင်းရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျပ်သန်းပေါင်း ၃၇၈၅ ဒသမ ၇၄၈ သန်းအကုန်အကျခံကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ဆည်မြောင်းဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ စုပေါင်းကာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရေစုပ်စက်များဖြင့် စက်ရေတွင်းများ၊ လက်နှိပ်တုံကင် ရေတွင်းများ တူးဖော်တည်ဆောက်ခြင်းများကို မြို့နယ်၊ ခရိုင်အသီးသီးရှိ သောက်သုံးရေရှားပါးသည့်ဒေသများတွင် လုပ်ဆောင်လျက်ရှိပြီး ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၁၅၂ ဒသမ ၁၄၈ သန်း အကုန်အကျခံဆောက်လုပ်သွားမည်ဖြစ်ပြီး၊ ဆည်ကန်ငယ်များ၊ ရေကန်များတူးဖော်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျ ငွေကျပ်သန်းပေါင်း ၂၆၃၃ ဒသမ ၆၀ သန်းအကုန်အကျခံဆောက်လုပ်မည်ဖြစ် ကြောင်း သိရသည်။ တည်ဆောက်ဆဲ နှင့် တည်ဆောက်ရန်ရှိနေသည့် စက်ရေတွင်းနှင့် လက်နှိပ်တုံကင်ရေတွင်းများကို ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ တောင်သာ၊ ငါ့သရောက်၊ မြစ်သား၊ ရမည်းသင်း စသည့် သောက်သုံးရေလိုအပ်သည့်မြို့နယ်ပေါင်း ၂၀ ရှိ ကျေးရွာ ၂၃၀ တို့အတွက် စက်ရေတွင်း စုစုပေါင်း ၁၈၅ တွင်းနှင့် လက်နှိပ်တုံကင်ရေတွင်းပေါင်း ၃၆ တွင်းကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ထို့အပြင် ယခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မိုးမကျမီပြုပြင်ရန် လိုအပ်သည့် ဆည်ငယ်များနှင့် ရေကန်ငယ်များ စုစုပေါင်း ၂၀၆ ကန်ကိုလည်း ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်ခရိုင်ရှိ ဆည်ငယ်ခုနစ်ခု ပြုပြင်ပြီးစီးပါက အကျိုးပြုဧရိယာ ၁၈၆၄ ဧက ရှိလာမည်ဖြစ်ပြီး မြင်းခြံခရိုင်၌လည်း ဆည်ကန် ၄၄ ကန်ပြုပြင် ပြီးစီးသွားပါက ရေဂါလန် သန်းပေါင်း ၁၀၆၀၀၀ နှင့် ညောင်ဦးခရိုင် ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်များ၌လည်း အလားတူပြုပြင်မှုများကြောင့် ရေအခက်အခဲကြုံတွေ့နေရသည့် ဒေသအသီးသီးသို့ ရေသိုလှောင်ပမာဏ ၂၀၀၀ ဧကမီးပါး အကျိုးပြုကာ ရေဖူလုံမှုရရှိနိုင်တော့မည်ဖြစ်သည်။

စည်ပင်သာယာရေး အဖွဲ့များ၊ ဆည်မြောင်းဦးစီးဌာနတို့က အဝီစိတွင်းများ တူးဖော်ခြင်း၊ ဆည်ငယ်၊ ကန်ငယ်များ ပြင်ဆင်ဆောင်ရွက်ခြင်းများကြောင့် မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးရှိ ခရိုင်အသီးသီးမှ ကျေးရွာအုပ်စု ၁၅၀၄ အုပ်စု၊ ကျေးရွာ ၄၆၃၅ ရွာတို့တွင် အဝီစိတွင်းပေါင်း ၁၁၅၃၉ တွင်းနှင့် လက်နှိပ်တုံကင်ရေတွင်းပေါင်း ၈၃၆၄၉ တွင်း စုစုပေါင်း ၉၅၂၄၂ တွင်း အသုံးပြုလာနိုင်မည်ဖြစ်ကာ ဆည်ငယ်၊ ကန်ငယ်များမှလည်း စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြည့်ဝစွာ ရရှိနိုင်တော့မည်ဖြစ်ခြင်းကြောင့် ဒေသခံများ၏ လူနေမှုဘဝနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလာနိုင်တော့မည်ဖြစ်ကာ မကြာမီကာလအတွင်း မန္တလေးတိုင်းဒေသကြီးတစ်ဝန်း စိမ်းလန်းစိုပြည်သာယာလှပတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

နွားမှောင်ခိုကြောင့် လယ်ယာလုပ်ငန်းဝင်နွားဈေးတက်

ရမည်းသင်း မေ ၅

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသအချို့တွင် လွန်ခဲ့သောအပတ်မှစပြီး မိုးများစတင်ရွာသွန်းနေပြီဖြစ်၍ တောင်သူများ ၎င်းတို့၏လယ်ယာလုပ်ငန်းဖြစ်သည့် မြေယာပြုပြင်ခြင်း အမှိုက်သရိုက်များမီးရှို့ခြင်း လယ်ကန်သင်းများ မြှင့်တင်မြေဖို့ခြင်း စသည့်လုပ်ငန်းများကို အစပျိုးလုပ်ကိုင်နေကြပြီ ဖြစ်သည်။

ငရုတ်နှင့်ပဲစင်းငုံများ စိုက်ပျိုးရန် ငရုတ်မျိုးများ ပျိုးထောင်ခြင်း၊ ရေလောင်းခြင်း၊လယ်မြေတွင်တန်းဆွဲခြင်းများ ဆောင်ရွက်ကြသည်။တောင်သူတို့ မရှိမဖြစ်လိုအပ်သော ကျွဲဈေး၊ နွားဈေးမှာလည်း မိုးရာသီရောက်လေ။ ဈေးနှုန်းကြီးမြင့်လေဖြစ်သဖြင့် ကျွဲကောင်း၊ နွားကောင်းများ ဝယ်ယူမသုံးစွဲနိုင်ကြပေ။ ကျွဲ၊ နွားမရှိသူများ သီးနှံပေးဖြင့် အလုပ်လုပ်ကြရသည်။ကျွဲ၊ နွားဈေးများမြင့်မားနေခြင်းမှာ တစ်ဖက် နိုင်ငံသို့မှောင်ခိုပို့ဆောင်နေကြသဖြင့် မှောင်ခိုလုပ်ငန်း တစ်နေ့တခြားကြီးထွားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ မှောင်ခိုလုပ်ငန်းပပျောက်ရန် တတ်နိုင်သည့်ဘက်မှပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ **(၀၁၁)**

သံရွာတိုက်နယ်ဆေးရုံအတွက် နှလုံးစမ်းသပ်စက်လှူဒါန်း

ကျောက်ဆည် မေ ၅

ကျောက်ဆည်မြို့နယ် သံရွာတိုက်နယ်(၂၅) ခုတင်ဆံ့ဆေးရုံ၌ အသုံးပြုရန်အတွက် မန္တလေး နယ်မြေခံတပ်မှ နှလုံးစမ်းသပ်စက် ECG လှူဒါန်းပွဲကို မေ ၄ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဆေးရုံ၌ ကျင်းပခဲ့သည်။

သံရွာတိုက်နယ်ဆေးရုံအတွင်း လာရောက်ကုသသော လူနာများ အသုံးပြုနိုင်ရန်အတွက် နှလုံးစမ်းသပ်စက်ကို ဗိုလ်မှူးကြီးအောင်မင်းနှင့် ဇနီး၊ ဒုတိယဗိုလ်မှူးကြီးကျော်လွင်နှင့်ဇနီးတို့နှင့် တပ်မတော်သားများ စုပေါင်းပြီး လှူဒါန်းခဲ့ခြင်းဖြစ်သည်။ နှလုံးစမ်းသပ်စက် ECG လှူဒါန်းပွဲကျင်းပခဲ့သည့်အပြင် တက်ရောက်လာကြသူများမှ ဆေးရုံတက်လူနာများ ကျန်းမာရေးနှင့်ညီညွတ်စေရန် လေကောင်းလေသန့်ရရှိစေရန်နှင့် ဆေးရုံသန့်ရှင်းသာယာလှပရေးတို့အတွက် စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်

မြန်မာနိုင်ငံအဆင့်မြင့် ပညာရေးကဏ္ဍကမ္ဘာ့အဆင့်မီရေး ပညာရေးလေ့လာရေးအဖွဲ့ UK ရှိ တက္ကသိုလ်များသို့ လေ့လာ

ရန်ကုန် မေ ၅

ပညာရေး လေ့လာရေးခရီးစဉ်သည် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးမူဝါဒချမှတ်သူများအား UK နိုင်ငံ၏ အဆင့်မြင့်ပညာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာပြီး မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချရန်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ်သည် မူဝါဒအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့်သက်ဆိုင်သော ဥပဒေပြောင်းလဲရေးဖြစ်စဉ်နှင့် အထူးသဖြင့် ရန်ကုန်တက္ကသိုလ်(ပင်မ) ပြန်လည်အသက်သွင်းရေးအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

အကောင်အထည်

ထို့အပြင် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ရင်ဆိုင်နေရသော အခက်အခဲများကို သိရှိနားလည်စေရန်၊ UK ရှိ ပညာရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုကို အားပေးရန် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးတွင် UK ရှိ အဆင့်မြင့်ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် ပါဝင်အကြံပေးနိုင်ရန်အတွက် အဆိုပါ ခရီးစဉ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုယ်စားလှယ်အဖွဲ့သည် မေ ၁ ရက်မှ ၃ ရက်အထိ Scotland နိုင်ငံ Edinburgh မြို့ရှိတက္ကသိုလ်များသို့ သွားရောက်လေ့လာခဲ့ကြပြီး မေ ၇ ရက်နှင့် ၈ ရက်တွင် London မြို့ရှိ University of London နှင့် ယင်းလက်အောက်ရှိ တက္ကသိုလ်များသို့သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ မေ ၉ ရက်တွင် University of London နှင့် ဗြိတိသျှကောင်စီတို့ ပူးတွဲကျင်းပသော " Myanmar -a new Future Through higher education ? A Myanmar -UK policy dialogue" ခေါင်းစဉ်ဖြင့် ကျင်းပမည့် ပညာရေးမူဝါဒဆွေးနွေးပွဲကို တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ပြီး မေ ၁ ရက်က UK သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှကောင်စီညွှန်ကြားရေးမှူး Mr. Kevin Mackenzie လည်း လိုက်ပါသွားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ကောလင်းမြို့တွင် ဘိန်းဖြူဖမ်းဆီးရမိ

ကောလင်း မေ ၅

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဒေသအသီးသီးတွင် ကွင်းဆင်းရှာဖွေတိုက်ဖျက်လျက်ရှိရာ မေ ၃ ရက် နံနက် ၆ နာရီ မိနစ် ၂၀ ခန့်က ကောလင်းမြို့နယ် ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်စန်းယုနှင့်တပ်ဖွဲ့ဝင်များ၊ ဒေသခံအသိ သက်သေများနှင့်အတူ တာဝန်သိပြည်သူများ၏သတင်းပေးချက်အရ ကောလင်းမြို့နယ် လာကာကျေးရွာနေ ဦးမောင်တင့် (၃၉ နှစ်) လာကာကျေးရွာ ကောလင်းမြို့နယ်၏နေအိမ်အား ရှောင်တခင်ဝင်ရောက်ရှာဖွေကြသည်။

ရှာဖွေ

အဆိုပါ နေအိမ်၏ အပေါ်ထပ်အိမ်ခန်းအတွင်း ကြမ်းပြင်ပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် အလေးချိန် ၀ ဒသမ ၂၅ ဂရမ်ခန့်စီပါ ပုလင်းနှစ်လုံး၊ အလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်ပါ ပုလင်းတစ်လုံး စုစုပေါင်းအလေးချိန် ၀ ဒသမ ၆ ဂရမ်ခန့် ကာလတန်ဖိုး ၆၀၀၀၀ အား တွေ့ရှိရမိသဖြင့် အသိသက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းကြသည်။

အဆိုပါအမှုကို ကောလင်းမြို့နယ်ရဲစခန်းမှ အမှုကို ခိုင်မာအောင် တည်ဆောက်ပြီး မောင်တင့် (၃၉ နှစ်) ကျပန်း၊ လာကာကျေးရွာ ကောလင်းမြို့နယ် နေသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၉၂)**

အမည်မသိအလောင်းတွေ့ရှိ

မြင်းမူ မေ ၅

မေ ၄ ရက် ညနေ ၅ နာရီက မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ ညောင်ကျွတ်ကွင်းအမှတ် (၃၅၂) ပိုင်ရှင် ဦးမောင်အို၏ ယာကွက်ထဲ၌ ပုပ်ပွနံစော်နေသည့် အသက် (၅၆ နှစ်)ခန့်ရှိ အမည်မသိ အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိကြောင်း ထီးဆောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက မြင်းမူရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့ရာ စခန်းမှ တာဝန်မှူး ဒုရဲအုပ်ထွန်းသိန်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

မြင်းမူရဲစခန်းက အမှုဖွင့်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ကိုကိုနိုင်

ကောလင်းမြို့တွင် ရွှေတွင်းပြိုကျ၍ အမျိုးသမီး နှစ်ဦးသေဆုံး

ကောလင်း မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီး ရွှေညောင်မြေ ရွှေတူးဖော်ရေးကုမ္ပဏီ ရွှေလုပ်ကွက်တွင် ဧပြီ ၂၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ရုတ်တရက်မြေကျင်းပြိုကျ၍ အလုပ်သမအမျိုးသမီးနှစ်ဦး သေဆုံးသည်။

ဖြစ်စဉ်မှာ ကောလင်းမြို့နယ် ညောင်ပင်လှကျေးရွာအနီး ရွှေညောင်မြေ ရွှေတူးဖော်ရေးကုမ္ပဏီ ရွှေလုပ်ကွက်ရှိ ဦးကံအောင်၏ ရွှေလုပ်ကွက်တွင် အလုပ်သမားများ ရွှေတူးဖော်နေကြစဉ် ရုတ်တရက်မြေပြိုကျပြီး အလုပ်သမနှစ်ဦးဖြစ်သူ မနန္ဒာအေး (၁၈နှစ်)၊ မနန်းခင် (၂၄ နှစ်)တို့မှာ မြေပြိုကျသဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။

စစ်ဆေး

အဆိုပါ သေမှုသေခင်းအား ကောလင်းမြို့နယ်ရဲစခန်းမှအမှုကို ခိုင်မာစွာတည်ဆောက်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ်ကို သိရှိနိုင်ရန်အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၀၉၂)**

နွားနှစ်ကောင် ဓာတ်လိုက်၍ သေဆုံး

နတ်မောက် မေ ၅

မေ ၃ ရက် နံနက် ၇ နာရီခွဲက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သီးပင်ကျေးရွာနေ မောင်နန်းဝင်း(တောင်သူ)သည် ၎င်းပိုင်နွားအထီးတစ်ကောင်၊ အမတစ်ကောင်တို့ကို လွှတ်ကျောင်းစဉ် ရွာ၏အနောက်တောင်ဘက် ပျဉ်းမနား-ကြေးနီမီးရထားလမ်းဘေးရှိ တောင်တွင်းကြီးဓာတ်အားခွဲရုံမှ မြို့သစ်မြို့သို့ပို့လွှတ်သော ၁၁ ကေဗွီဓာတ်အားလိုင်း မီးတိုင်အမှတ် (၄၈) မှ မြေပြင်နှင့် နှစ်ပေခန့်အထိ နိမ့်ကျနေသည့် ဓာတ်ကြိုးကို နင်းမိ၍နွားနှစ်ကောင်သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမောင်မောင်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးကြည့်ရှုရာ ဓာတ်ကြိုးများသည် မီးတိုင်မှ သစ်သားတန်းဆွေးမြည့်ပြီးကြွေသီးများစောင်း၍ ပြုတ်ထွက်ကာ တွဲလောင်းကျနေသည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မှုမရှိ၍ နွားနှစ်ကောင်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းနေ့နံနက် ၈ နာရီခွဲတွင် မီးတိုင်ကို ပြန်လည်ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။

နတ်မောက်သား

ကလေးမြို့နယ် ကံလှကျေးရွာတွင် လေပြင်းတိုက် သစ်ပင်များပြိုလဲ၊ အိမ်အမိုးများလန်၊ အိမ်ထရံများကွာကျ

ကလေး မေ ၅

ကလေး-တမူးသွားကားလမ်းဘေး ကလေးမြို့၏ မြောက်ဘက် ကံလှ ကျေးရွာတွင် မေ ၂ ရက်က လေပြင်းများ ပြင်းပြင်းထန်ထန် တိုက်ခတ်သဖြင့် မူလတန်းကျောင်းဆောင်အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဆက်လက်၍ မေ ၃ ရက် ညနေ ၃ နာရီနှင့် ၄ နာရီကြားတွင် မိုးသီးမိုးပေါက်များနှင့်အတူ လေပွေပုံစံကဲ့သို့ လေကြမ်းများတိုက်ခတ်သဖြင့် အိမ်အလုံး ၃၀ ခန့် အမိုးလန်ခြင်းများ၊ ထရံကွာကျမှုများ ဖြစ်ပေါ်ခဲ့၍ အိမ်တစ်လုံးပြိုကျခြင်း ဖြစ်ပေါ်ခဲ့သည်။ အုန်းပင်များ၊ သစ်ပင်များလည်း ကျိုးကျခဲ့သည်။

လေပြင်းများ ကျရောက်မှုကြောင့် သဘာဝဘေးအန္တရာယ်ခံစားရသူများကို အားပေးရန်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ ပြည်ခိုင်ဖြိုးပါတီမှ အမှုဆောင်များသည် မေ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် သွားရောက်ကြည့်ရှုကြသည်။

ထိုကဲ့သို့ လေပြင်းများကျရောက်သဖြင့် သဘာဝဘေးအန္တရာယ်ခံစားရသောသူများကို ကျေးရွာမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေကြသည်။ သဘာဝဘေးအန္တရာယ်ခံစားရသော အိမ်များကို အိမ်အမိုးများ ပြန်လည်မိုးပေးခြင်း၊ မိုးကာအမိုးများဖြင့် ယာယီမိုးပေးခြင်းများ ပြုလုပ်ပေးထားကြသည်။

ထူးခြားသည်ကဖြင့် ကံလှကျေးရွာသည် နှစ်ရက်ဆက်တိုက်လေပြင်းတိုက်ခတ်ခြင်းခံရ၍ အိမ်ခြေလေးပုံတစ်ပုံကျော်ကျော် ဆုံးရှုံးပျက်စီးသွားခြင်းပင်ဖြစ်သည်။ **သျှင်နေမင်း**

စဉ့်ကူးမြို့နယ်တွင် မိုးသည်းထန်၊လေပြင်းတိုက်ပြီး မိုးသီးများကျ နွေစပါး၊ စာသင်ကျောင်းနှင့် နေအိမ်အဆောက်အအုံများပျက်စီး

စဉ့်ကူး မေ ၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း ဧပြီ ၁ရက် ည ၇ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်း၍ လေပြင်းများတိုက်ခတ်ပြီး မိုးသီးများကျခဲ့မှုကြောင့် ညောင်ဝန်းကျေးရွာနှင့် တောင်အင်းကျေးရွာ နွေစပါးစိုက်ဧက ၁၀၀ ကျော်ပျက်စီးပြီး မြစိမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ လက်ပံကုန်းကံတောင်၊ ပင်လည်ကြီး၊ နတ်တောင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ သွပ်မိုးများ လွင့်ပါပျက်စီးခြင်းနှင့် လူနေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။

မေ ၂ ရက်က အဆိုပါ ကျေးရွာများသို့ စဉ့်ကူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မေ ၂ ရက်နှင့် ၃ ရက် ညနေပိုင်းများတွင်လည်း စဉ့်ကူးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အဆောက်အအုံများ သွပ်မိုးများ လွင့်ပါပျက်စီးခြင်း တယ်လီဖုန်းတိုင်များလဲကျခြင်းနှင့်သစ်ပင်ကြီးများ လူနေအိမ်များပေါ်သို့ လဲကျခြင်း(လူအသေအပျောက်မရှိ) စဉ့်ကူးမြို့ အမှတ် (၂) ရပ်ကွက်ရှိ ဦးကျောက်ခဲ၏နေအိမ်နှင့် ဦးအေးကျော်၏ နေအိမ်တို့တွင် မီးသွယ်ထားသည့်ဆားဗစ်ကြိုးမှတစ်ဆင့် မိုးကြိုး စက်ကွင်းထိမှန်ကာ သစ်သားရက်မများပျက်စီးခြင်း၊ တီဗွီနှင့် ဗွီစီဒီစက်များ၊ မီးသီးမီးလုံးများ ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာနှင့် လူအသေအပျောက်မရှိကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

မြင့်ဦး

အရာတော်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်၊ စေတီပုထိုး၊ စာသင်ကျောင်းများ ပျက်စီး

မုံရွာ မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း မေ ၁ ရက် ညနေ ၄ နာရီက သဘာဝဘေးအန္တရာယ်ဖြစ်သည့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးနှင့် ဖုန်းလိုင်းများပြတ်တောက်ခြင်း၊ ဘောင်းကျကျေးရွာတွင် လူနေအိမ်အလုံး ၉၀၊ အခြေခံပညာမူလတန်းကျောင်းနှင့် မင်္ဂလာမုန်ကျောင်း ဘုန်းတော်ကြီးကျောင်းတို့ အမိုးလန်ပျက်စီးခြင်း၊ သံတော်ဆင့်ဘုရားစိန်ဖူးတော် မြေခပျက်စီးခြင်းတို့ကြောင့် စုစုပေါင်းငွေကျပ် ၄၂၅ သိန်းခန့် ပျက်စီးဆုံးရှုံးခြင်း၊ ရှားကုန်းကျေးရွာတွင် လူနေအိမ်လေးလုံး ပျက်စီးသဖြင့် တန်ဖိုး ငွေကျပ် ၂၅ သိန်းခန့်ဆုံးရှုံးခြင်း၊ နေရာခင်ကျေးရွာတွင် အလကကျောင်းခွဲစာသင်ဆောင် အမိုးလန်ပျက်စီးသဖြင့် တန်ဖိုးငွေကျပ်ငါးသိန်းခန့်ဆုံးရှုံးခြင်း၊ ခင်သာကျေးရွာတွင် အိမ်ခြေ ၃၄ လုံး၊ အခြေခံပညာမူလတန်းကျောင်း စာသင်ဆောင်တစ်လုံး၊ အမိုးလန်ပျက်စီး၍ တန်ဖိုး ငွေကျပ် ၁၁၅ သိန်းခန့် ဆုံးရှုံးခြင်း၊ မကျည်းကန်ကျေးရွာတွင် ဖားအောက်တောရရိပ်သာကျောင်းမှ ထီးတော်ကျိုးပဲ့မြေခြင်း၊ အင်္ဂပြာသဒ် ဘုရားဉာဏ်တော်၊ ထီးတော်နှင့် ဘုံနှစ်ဆင့်ပြုတ်ကျပျက်စီးခြင်း၊ ရွှေချမ်းသာစေတီ ထီးတော်စောင်းသွားခြင်း၊ အခြေခံပညာ မူလတန်းကျောင်း စာသင်ဆောင်သုံးဆောင် သွပ်မိုးနှင့် ဒိုင်းမြားများ လန်ထွက်ပျက်စီးခြင်းတို့ကြောင့် စုစုပေါင်းပျက်စီးမှု တန်ဖိုး ငွေကျပ် ၅၈ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လေဘေးသင့်ပြည်သူများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုံရွာ၌ မိုးသက်လေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအား ရှင်းလင်းဆောင်ရွက်

မုံရွာ မေ ၅

မုံရွာမြို့တွင် မေ ၂ ရက် ညနေ ၃ နာရီခွဲက တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းကြောင့် မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများအား ရှင်းလင်းဆောင်ရွက်မှုများ၊ ပြင်ဆင်ရေးများအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့များ၊ လုံခြုံရေးတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်များ မေ ၃ ရက် နံနက် ၁၁ နာရီက မုံရွာမြို့အုပ်ချုပ်ရေးမှူးရုံး၌ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ခဲ့ကြသည်။

"စာသင်ကျောင်းတွေနဲ့ မြို့နယ်က ဇေယျာရွှေမြေဘောလုံးကွင်း အထူးတန်းစင်မှာ အမိုးလန်တာတွေရှိပါတယ်။ အခြားအပျက်အစီးတွေကိုလည်း စာရင်းပြုစုပြီး ရှင်းလင်းဆောင်ရွက်ပြုပြင်ရေးအတွက် ယခုအစည်းအဝေးကျင်းပခြင်းဖြစ်ပါတယ်" ဟု အစည်းအဝေးတက်ရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အသေးစားဒဏ်ရာရရှိသူ ကျားကိုးဦး၊ မကိုးဦး၊ အပင်ပိသောအိမ် နှစ်လုံး၊ အမိုးလန်သောအိမ်ခြေ ၁၀၀ ကျော်၊ ဖုန်းတိုင်လေးတိုင်နှင့် အောင်မင်္ဂလာရပ်ကွက်ရှိ အလက(၄) စာသင်ကျောင်း အုတ်တံတိုင်းငါးခန်းနှင့် မြဝတီရပ်ကွက် မဟာကန်ဦးကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ရွှေဘုန်းပွင့်စေတီနှင့်ထန်းတောရပ် နန်းဦးကျောင်းရှိ ရှစ်မျက်နှာစေတီထီးတော်တို့ မြေခဲ့ပြီး မုံရွာမြို့၏အဓိကလမ်းကြီးလေးလမ်းဖြစ်သော မုံရွာ-မန္တလေးလမ်း၊ သာစည်လမ်း၊ ကျောက္ကာလမ်း၊ ပြည်ထောင်စုလမ်းတို့တွင် သစ်ပင်ကြီးများလဲပြိုသဖြင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ကာ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ ပိတ်ဆို့လမ်းများကို နေ့ချင်းပြီး ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်ပေါင်း ၁၀၀ ကျော် ပြိုလဲပျက်စီးခဲ့သဖြင့် တိုင်များအစားထိုးပြုပြင်ခြင်း၊ ဝိုင်ယာကြိုးများ စစ်ဆေးခြင်းတို့ကြောင့် မုံရွာမြို့တွင် အနည်းဆုံးမီး သုံးရက်ခန့် ပြတ်တောက်နိုင်ကြောင်း၊ မြို့နယ်လျှပ်စစ်ရုံးမှပြောကြားပြီး အရေးကြီးဌာနများနှင့် ပြည်သူများ အဓိကသက်ဆိုင်သော ဆေးရုံ၊ စည်ပင်ရေပေးဝေရေးဌာနများ၌ လျှပ်စစ်မီးရရှိရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

အုံ့ကြီးမောင်

မတူပီ၊ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်များ၌ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်း

စဉ့်ကူး မေ ၅

နိုင်ငံပိုင် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည့်အစီအစဉ်အရ New Ever Light Co.,Ltd ။ မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ လွှဲပြောင်းဆောင်ရွက်သွားနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ မိတ်ဆက်တွေ့ဆုံရှင်းလင်းပွဲကို မေ ၁ ရက် နံနက် ၈ နာရီက စဉ့်ကူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီဒါရိုက်တာ ဦးကျော်ဇံနှင့် ဝန်ထမ်းများ၊ လျှပ်စစ်မီးလင်းရေးကော်မတီများ၊ မီးသုံးစွဲသူများတက်ရောက်ကြပြီး ကုမ္ပဏီဒါရိုက်တာဦးကျော်ဇံက အမှာစကားပြောကြားပြီး ကုမ္ပဏီအကြံပေးအရာရှိ ဦးလှရွှေက ဓာတ်အားဖြန့်ဖြူးသွားမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို မတူပီ၊ စဉ့်ကူးနှင့် သပိတ်ကျင်းမြို့နယ်များတွင် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုလွှဲပြောင်းလုပ်ကိုင်သွားမည်ဖြစ်ပြီး မီတာခနှုန်းထားများကို ယခင်သတ်မှတ်ထားသည့်အတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြင့်ဦး**

လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းအချို့နှင့် လူနေအိမ် အချို့ပျက်စီး

မကွေး မေ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် မေ ၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ မှ ၂ နာရီ ၄၅ မိနစ်အထိ လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ဆောင်စမ်းကျေးရွာ၊ လှေဝန်းကျေးရွာ၊ စစေးကျေးရွာ၊ ဝွေးချိုကျေးရွာနှင့် သင်္ဘောကျေးရွာတို့ရှိ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် လူနေအိမ်အချို့ အိမ်အမိုးလန်ခြင်း၊ ဒိုင်းမြားများကျွတ်ထွက်ခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အထကခွဲကျောင်း တစ်ကျောင်း၊ အမကကျောင်းတစ်ကျောင်း၊ ဘုန်းကြီးကျောင်းသုံးကျောင်းနှင့် လူနေအိမ် ၅၀ ခန့် အမိုးလန်ပြီး၊ ဒိုင်းမြားများ ကျွတ်ထွက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ဝသန်ထွန်း(မကွေး-ကိုယ်ပွား)

ကျောက်ပန်းတောင်း မေ ၅

တန်ဖိုးနည်းဖုန်းများကြောင့် ဓာတ်ပုံဆိုင်နှင့် မိုဘိုင်းဖုန်း အရောင်းဆိုင်များ အလုပ်ဖြစ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ငွေကျပ် ၁၅၀၀ တန် CDMA-800 MHz တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ဧပြီ ၂၄ ရက်မှစတင်၍ မေ ၂ ရက်အထိ ရပ်ကွက်၊ကျေးရွာနှင့် ဌာနဆိုင်ရာများတွင် မဲစနစ်ဖြင့် ဖြန့်ဝေရောင်းချပေးခဲ့ရာ ယင်းရက်များအတွင်းမဲပေါက်သော ကံထူးရှင်များ ဝမ်းသာပျော်ရွှင်ကြသကဲ့သို့ မြို့ပေါ်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်များနှင့် ဓာတ်ပုံဆိုင်များလည်း အလုပ်ဖြစ်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော့်ဆိုင်မှာတော့ CDMA-800 MHz ဆင်းကတ် ထည့်သွင်းအသုံးပြုနိုင်တဲ့ ဟန်းဆက် Huawei နဲ့ Samsung အဓိက နှစ်မျိုးတင်ပါတယ်။ Model အလိုက် ဈေးနှုန်းကတော့ အမျိုးမျိုးပါပဲ။ဒါပေမယ့် ဈေးအများဆုံးက ငွေကျပ် တစ်သိန်းခွဲတန် Huawei C 8813D နဲ့ဈေးအနည်းဆုံးက ငွေကျပ်နှစ်သောင်းတန် S198 အထိ တင်ထားပါတယ်။ ဒါပေမယ့် ငွေကျပ်ရှစ်သောင်းနဲ့ လေးသောင်းကြားဈေးရှိတဲ့ ဟန်းဆက်တွေ အများဆုံးရောင်းရပါတယ်။ ငွေဖြည့်ကတ်အနေနဲ့တော့ ဒီရက်တွေအတွင်းမှာ CDMA-800 MHz တစ်မျိုးတည်းကို တစ်နေ့ကတ် ၂၀၀ လောက်ရောင်းရပါတယ်" ဟု ZENITH မိုဘိုင်းဖုန်းအရောင်းဆိုင်ပိုင်ရှင် ကိုဇင်မင်းထွန်းက ပြောကြားသည်။ **(၄၁၈)**

ပြည်တွင်းသတင်း

တရားမဝင်ကုန်စည်များကို ခရီးသည်တင်ယာဉ်ဖြင့် သယ်ယူရန်အတွက် ဟန်ဆောင်ခရီးသည်များ ငှားရမ်းလုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိ

ဝေါ မေ ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းအသစ်ဆုံရာ မဟာဗျူဟာလမ်းဆုံတွင် မေ ၂ ရက် နံနက် ၁ နာရီခွဲက Mobile Team လရ-၂ ညွှန်မှူးနှင့် ပူးပေါင်းအဖွဲ့သည် မိမိအခြေပြုရာမှ ထွက်ခွာလာပြီး Mobile Team စစ်ဆေးရေးဂိတ်ကို ရှောင်ကွင်းနိုင်သော ကွင်းလမ်းများအား စစ်ဆေးနိုင်ရန် ဆောင်ရွက်နေစဉ် ညောင်ခါးရှည်အပိုင် တာကောအင်းလမ်းခွဲအရောက်၌ ကားလမ်းဘေးတွင် စုပြုံပြီးအိပ်နေကြသော အမျိုးသား အမျိုးသမီး ၁၃ ဦးကို တွေ့ရှိရသည့်အတွက် စစ်ဆေးကြည့်ရာ ကျိုက်ထိုမှန်လုံကားစောင့်နေခြင်းဖြစ်ကြောင်း၊ ယင်းမှန်လုံတွင် ခရီးသည်အဖြစ် ဟန်ဆောင်လိုက်ပါရန် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ယင်းမှန်လုံယာဉ်များက ငှားရမ်းထားကြောင်း စစ်ဆေးသိရှိရသည့်အတွက် ယင်းမှန်လုံယာဉ်အား စစ်ဆေးနိုင်ရန် ညောင်ခါးရှည်လမ်းခွဲသို့ ဆက်လက်ထွက်ခွာခဲ့သည်။

မိုင်တိုင်အမှတ်(၃)အရောက်တွင် နေဝင်းအောင် မောင်းနှင်လာသော ယာဉ်အမှတ် ၄ခ/--- ပြည့်အားမာန်မှန်လုံယာဉ်မှာ ကျိုက်ထိုဘက်သို့ ပြန်လည်လှည့်မောင်းရန် ပြင်ဆင်နေသည့်အတွက် ထိုယာဉ်ကို စစ်ဆေးကြည့်ရာ ခရီးသည်ထိုင်ခုံအောက်နှင့် ထိုင်ခုံများကြားတွင် Beer Chang (500 ml)(1 × 24) ၉၅ ဖာ၊ ကာလတန်ဖိုး ငွေကျပ် ၁၇၁၀၀၀၀ ကိုစစ်ဆေးတွေ့ရှိရသည့်အတွက်လည်းကောင်း၊ ယာဉ်အမှတ် ၂ခ/---- ရွှေခြင်္သေ့မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင်ဦးသန်းအောင်ပိုင်ဆိုင်သော Milo (200 g)(1× 8. pcsx6) ၃၂ ဖာ၊ Queen အချိုရည်ဘူး ၁၂၀၊ SUMO ၃၄ ဘူး၊ တန်ဖိုးငွေကျပ် ၆၀၁၈၀၀ ကို စစ်ဆေးတွေ့ရှိရသည့်အတွက်လည်းကောင်း၊ ယာဉ်အမှတ် ၆ဂ/---- သာမညမှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင်စည်သူ ပိုင်ဆိုင်သော ပဲပိစပ်ဆီဘူး ၄၀ ကာလတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသည့်အတွက်လည်းကောင်း၊ ၉ခ/---- ရွှေဖားစည်မှန်လုံယာဉ်ပေါ်တွင် ပိုင်ရှင်ဦးသူရပိုင်ဆိုင်သော Heineken(330ml) (1 × 24 pcs) ခုနစ်ဖာ၊ PUC ဝိုင်ယာကြိုး ၃၈ ခွေ ကာလတန်ဖိုးငွေကျပ် ၉၂၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသည့်အတွက်လည်းကောင်း အမှုဖွင့်အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **ဘုန်းသော်(ဝေါ)**

သီပေါ၌လေပြင်းတိုက် မိုးသည်းထန်စွာရွာသွန်း

သီပေါ မေ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မေ ၃ ရက် ညနေ ၄ နာရီခွဲက လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး (ဇာတ်စုရပ်)ခွဲရုံကို မိုးကြိုးထိခြင်း၊ တောင်မြို့ရပ်နှင့် ဘော်ကြိုကျေးရွာရှိ ထရန်စဖော်မာပျက်စီးသွားခြင်း၊ အုပ်ကျင်းရပ်ကွက်တွင် လျှပ်စစ်ဓာတ်တိုင်ပြိုလဲခြင်း၊ ခလရ(၂၃)ဓာတ်တိုင်မှ လျှပ်စစ်ကြိုးများပြတ်ကျခြင်းနှင့် ရွှေကျောင်းရပ်ကွက်မှ လူနေအိမ်အချို့ အိမ်မိုးသွပ်ပြားများလန်ခြင်း စသည်တို့ဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။ အဆိုပါအချင်းဖြစ်ပွားရာသို့ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငွေအောင်နှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ သွားရောက်ဆောင်ရွက်ပြုပြင်ပေးခဲ့သဖြင့် လျှပ်စစ်ဓာတ်အားများ ပုံမှန်ရရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ဘဝအမောပြေ

မျိုးစေ့ပိုင်ရှင်လယ်သမား

သပြေကုန်းရွာသား ကိုဖိုးအေးနှင့် ဇနီးမပုတို့သည် စကားများရန်ဖြစ်ကာ ကွဲမည်ကွာမည်အဆင့်ထိရောက်ရှိပြီး ရွာသူကြီးအိမ်၌ တစ်ဦးတည်းသောသား မောင်ဖိုးခွေးလေးအား သူယူမည် ငါယူမည်ဟု ငြင်းခုံနေကြလေသည်။

သူကြီး ။ ။ ကဲကဲ. . .၊ မင်းတို့ ကလေးကို ငါကလည်းဘယ်သူ့နောက်ထည့်ရမှန်းမသိဘူး။ ချက်ကျလက်ကျပြောနိုင်တဲ့သူကို ကလေးရထိုက်တဲ့သူလို့ ဆုံးဖြတ်မယ်။ မပုအရင်ပြောစမ်း။

မပု ။ ။ ဟုတ်ကဲ့ပါ သူကြီးရယ်။ ကျွန်မက ကလေးမိခင်ပါ။ ကျွန်မ ဗိုက်ထဲမှာ ကိုးလလွယ်ပြီး အသက်နဲ့ရင်း မွေးခဲ့ရတဲ့ သားဖြစ်လို့ ကျွန်မရထိုက်ပါတယ်။

ဘေးမှဝိုင်းကြည့်နေသူ ရွာသားများက ကလေးကိုတော့ မပုရတော့မည်ဟု ယူဆကြလေသည်။ သို့သော် သူကြီးဖြစ်သူသည် ကိုဖိုးအေးအား ကလေးရယူပိုင်ဆိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ကိုဖိုးအေး ပြောလိုက်ပုံက-

ကိုဖိုးအေး ။ ။ သူကြီးလည်း လယ်ပိုင်ရှင်တစ်ဦးပါ သူကြီးရယ်။ သူကြီးပိုင်တဲ့ မျိုးစပါးတွေကို လယ်ထဲချစိုက်တဲ့အခါ ထွက်လာတဲ့စပါးတွေကို သူကြီးပိုင်သလား။ အဲဒီလယ်ကပဲ ပိုင်ပါသလားခင်ဗျာ။

ကြယ်စင်-ရေးသားသည်

မိုးကြိုးထိမှန်သေဆုံး

ညောင်ဦး မေ ၅

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာ၌ မေ ၂ ရက် ညနေ ၅ နာရီတွင် မိုးမရွာဘဲ မိုးကြိုးပစ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ငါ့သရောက်မြို့နယ် ကုလားတဲကျေးရွာ ဦးတင်စိန် (၆၆ နှစ်)သည် နေအိမ်၌ ဓာတ်ပုံမှန်ကားချိတ်နေစဉ် မိုးကြိုးထိမှန်ပြီး နေရာတွင် အသက်ဆုံးရှုံးခဲ့သည်။ အနီးအနားရှိ အိမ်နီးချင်းဖြစ်သော ဒေါ်နွဲ့ (၃၀ နှစ်)လည်း မိုးကြိုးထိမှန်ရာ အိပ်ရာတွင် လဲလျောင်းနေရသည်။ အသက်အန္တရာယ် မစိုးရိမ်ရသော်လည်း အနည်းငယ်ဒဏ်ရာပြင်းသည်ဟု သတင်းရရှိသည်။ **ဦးကျော်ငွေ**

ပဲခူးမြို့ ကမာနတ်ကျေးရွာ၌ ရေကန်တူးဖော်စဉ် မီးတောက်ထွက်ပေါ်လာခဲ့

နေပြည်တော် မေ ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကမာနတ်ကျေးရွာ ရွာလယ်ပိုင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အနောက်ဘက်တွင်ရှိသည့် အကျယ်ပေ ၁၂၀၊ အနက် ၁၅ ပေခန့်ရှိ အများသုံးရေကန်မှာ ရေခန်းခြောက်သွားသဖြင့် ဧပြီ ၃၀ ရက်မှစ၍ အလုပ်သမားကိုးဦးဖြင့် ထပ်မံတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မေ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ကန်တူးဖော်နေစဉ် အနက်နှစ်ပေခန့်အရောက်၌ မြေကြီးအတွင်းမှ တစ်ပေခန့်ရှိ မီးတောက်တစ်ခု ရုတ်တရက်ထွက်ပေါ်လာခဲ့ကြောင်း သတင်းအရ ပဲခူးအမှတ်(၁) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မီးတောက်မှာ ခေတ္တခဏသာ ထွက်ပေါ်လာခြင်းဖြစ်ပြီး ဆက်လက်ထွက်ပေါ်လာခြင်းမရှိကြောင်းနှင့် ရေကန်တူးဖော်သည့်လုပ်ငန်းကို ရပ်တန့်ထားကြောင်း သတင်းရရှိသည်။ **(ဓာနည်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးပတ်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

သမီးက မန္တလေးမြို့ နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာ ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ ကျောင်းသို့နေ့စဉ် ဆိုင်ကယ်ဖြင့်သွားရသဖြင့် နေပူလေပူဒဏ်ခံရပြီး အထူးသဖြင့် သမီး၏မျက်နှာနှင့်လက်များတွင် နေလောင်ကွက်များရှိလာပြီး သမီး၏မျက်နှာမှာ အဆီပြန်၍ ဝက်ခြံလေးများထွက်လာပါတယ်။ တက္ကသိုလ်ကျောင်းသူတစ်ဦးမို့ သူငယ်ချင်းများအလယ်မှာ စိတ်အားငယ်မိတာပေါ့။ အခြားနေလောင်ခံ Cream နှင့် ဝက်ခြံပျောက်ဆေးများသုံးစွဲသော်လည်း သမီး၏ အသားအရေနှင့် ဓာတ်မတည့်၍လားမသိ။ မသက်သာဘဲရှိနေပါသည်။ ကျောင်းက သူငယ်ချင်းများမှ **ရွှေပြည်နန်းသံပုရာသနပ်ခါး** သုံးကြည့်ပါလား။ သံပုရာသီးနဲ့လုပ်ထားလို့ အဆီလည်းမပြန်ဘူး။ ဝက်ခြံလည်းပျောက်တယ်ဟုပြော၍ သုံးကြည့်မိပါတယ်။ တစ်လခန့်ဆက်တိုက်လိမ်းကြည့်သောအခါ နေလောင်ကွက်များနှင့်ဝက်ခြံများသည် သိသိသာသာပျောက်ကင်းသွားသည့်အပြင် မျက်နှာအသားအရေမှာလည်း အဆီမပြန်တော့ဘဲ ဖြူဖြူညက်ညက်လေးဖြစ်လာသည်ကို စိတ်ကျေနပ်ဖွယ် တွေ့မြင်ရပါတယ်။ အခုတော့ သူငယ်ချင်းများအလယ်မှာ ပုံကြွားစွာနေနိုင်ပြီပေါ့။ သံပုရာရနံ့လေးမွှေး၍ စိတ်ကိုလန်းဆန်းစေသော **ရွှေပြည်နန်းသဘာဝအသားဖြူ သနပ်ခါးကို** ဤစာမှတစ်ဆင့် **"ကျေးဇူးပါ ရွှေပြည်နန်း"** ရယ်ဟု ပြောပြလိုက်ချင်ပါသည်။

မကျော့ကေသီအောင်၊ B-Tech(2 nd year)၊ Civil ၊ TU(Mandaly)။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မကျော့ကေသီအောင်၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း၊ ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်နိုင်နိုင်သိန်း၊ သရုပ်ပြ (Civil)၊ နည်းပညာတက္ကသိုလ်၊ မန္တလေးမြို့။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (11)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြား ငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၅

ရွှေဈေး

အကယ်ဒမီ အခေါက်ရွှေ	၁ကျပ်သား	၇၁၀၇၀၀ ကျပ်
၁၅ပဲရည်(အောင်သမာဓိ)	၁ကျပ်သား	၆၇၀၀၀၀ ကျပ်

(ရွှေလုပ်ငန်းရှင်များအသင်း)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	(တစ်ဒေါ်လာ)	၈၉၈ ကျပ်
ဥရောပ	(တစ်ယူရို)	၁၁၇၄ ကျပ်
စင်ကာပူ	(တစ်ဒေါ်လာ)	၇၂၈ ကျပ်
တရုတ်	(တစ်ယွမ်)	၁၄၅ ကျပ်
ထိုင်း	(တစ်ဘတ်)	၃၀. ၅ ကျပ်
အိန္ဒိယ	(တစ်ရူပီး)	၁၆. ၅၃ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်ဆီ	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်

(Max စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၂၀၀၀ - ၃၇၀၀ ကျပ်
၂။	ငါးရံ့	တစ်ပိဿာ	၃၀၀၀ - ၅၄၀၀ ကျပ်
၃။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၃၀၀၀ ကျပ်
၄။	ပုစွန်တုပ်	တစ်ပိဿာ	၆၈၀၀ -၂၈၅၀၀ ကျပ်
၅။	ပုစွန်(ရေချို)	တစ်ပိဿာ	၃၇၀၀ - ၈၀၀၀ ကျပ်
၆။	တီလားပီးယား	တစ်ပိဿာ	၁၇၀၀ - ၂၂၀၀ ကျပ်
၇။	ကြက်	တစ်ပိဿာ	၃၈၀၀ - ၉၀၀၀ ကျပ်
၈။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၉။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၀။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်
၁၁။	ငါးဖယ်	တစ်ပိဿာ	၄၀၀၀ - ၆၈၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်

ဘုရင့်နောင်ကုန်စည်ဈေးနှုန်း

၁။	နွှေဆန်	အိတ်	၁၆၂၀၀-၁၆၇၀၀
၂။	ပေါ်ကြွဲ	အိတ်	၁၉၅၀၀-၂၀၀၀၀
၃။	ပေါ်ဆန်း	အိတ်	၂၂၀၀၀-၂၈၀၀၀
၄။	မြေပဲဆီ	ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	ပိဿာ	၁၄၀၅
၆။	ဆိပ်ဖြူကြက်သွန်နီ	ပိဿာ	၄၂၅-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်	ပိဿာ	၁၆၅၀-၁၇၀၀
၉။	အောင်ပန်းအာလူး	ပိဿာ	၂၅၀-၅၄၀
၁၀။	ဝါးခယ်မငရုတ်ရှည်	ပိဿာ	၁၇၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	ပိဿာ	၄၀၀၀-၄၈၀၀
၁၂။	သကြား	ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းများဖြစ်ပြီး အချိန်နှင့်လိုက်၍ ဈေးနှုန်းပြောင်းလဲတတ်ပါသည်။

ခင်ဆိုင်

ပြည်တွင်းသတင်း

အရည်အသွေးကောင်း မျိုးကောင်း မျိုးသန့် မျိုးစေ့များ မြန်မာနိုင်ငံတွင် ထုတ်လုပ်၍ ပြည်ပဈေးကွက်တင်ပို့ရန် စီစဉ်နေ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံတွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်၍ ပြည်တွင်း၌သာမက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကမ္ဘာ့ထိပ်တန်း မျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီကြီးနှစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့အကြီးဆုံး မျိုးစေ့ထုတ်ကုမ္ပဏီဖြစ်သည့် အမေရိကန်နိုင်ငံအခြေစိုက် Syngenta ကုမ္ပဏီနှင့် ကမ္ဘာ့ဒုတိယအကြီးဆုံး မျိုးစေ့ထုတ်ကုမ္ပဏီဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် DEVGEN ကုမ္ပဏီတို့ဖြစ်သည်။ မြန်မာနိုင်ငံ၌ မျိုးစေ့များထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီနှစ်ခုမှ တာဝန်ရှိသူများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် မေ ၃ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ တွေ့ဆုံအပြီး သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်ဆွေးနွေးညှိနှိုင်းချက်အရ မြန်မာနိုင်ငံတွင် ဆန်စပါးသီးနှံအပါအဝင် နိုင်ငံတကာဈေးကွက်ဝင်မည့် ပြောင်း၊ သီးနှံမျိုးစေ့များ၊ သစ်သီးဝလံ ဟင်းသီးဟင်းရွက် မျိုးစေ့များကို မြန်မာနိုင်ငံတွင် အခြေစိုက်ထုတ်လုပ်၍ ပြည်ပဈေးကွက်များသို့ ထိုးဖောက်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ရေ၊ မြေ၊ ရာသီဥတုကောင်းများ ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နည်းပညာကောင်းများ ရယူလုပ်ကိုင်သွားရန် လိုအပ်နေခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ ပြည်ပကုမ္ပဏီကြီးများ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် ကြိုးစားလာခြင်းသည် မြန်မာနိုင်ငံအား အမေရိကန်နှင့် အီးယူတို့က ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ပြီးနောက် ဆက်ဆံရေးတိုးတက်လာခြင်း ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပွင့်လင်းလာမှုနှင့်အတူ စီးပွားရေး အကျိုးဆက်ရလဒ်ကောင်းများ ရရှိလာသည်။ မကြာမီနှစ်များအတွင်း စိုက်ပျိုးရေးထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်ပါသည်။

မောင်နွေသစ်

လှိုင်နမ့်ခုံး-တာချီလိတ်-တောင်ကြီး အဆင့်မြင့်ယာဉ်အသင်းဖွင့်

လှိုင်နမ့်ခုံး-တာချီလိတ်-တောင်ကြီး အဆင့်မြင့်မော်တော်ယာဉ်အသင်းဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့ ပါဆက်ကားကွင်း၌ ကျင်းပသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများက မော်တော်ယာဉ်အသင်းရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသရှိ တာချီလိတ်ခရိုင်သည် တစ်ချိန်တစ်ခါက နယ်မြေတည်ငြိမ်အေးချမ်းမှု နည်းပါးခဲ့သည့်အတွက်ကြောင့်လည်းကောင်း၊ တောတောင် ထူထပ်မှုများကြောင့်လည်းကောင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လေကြောင်းခရီးကိုသာ အဓိကအားထားခဲ့ရပြီး ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်နှင့် တိုင်းရင်းသားညီနောင်များက အတူတကွလက်တွဲကာ ဆောင်ရွက်ခဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်လာခြင်းများ၊ နိုင်ငံတော်မှ ပြည်သူများသို့ ဖြေလျှော့မှုများအား လုပ်ဆောင်ပေးခဲ့ခြင်းများကြောင့် ယာဉ်အို ယာဉ်ဟောင်းများအစား ခေတ်မီကောင်းမွန်သော မော်တော်ယာဉ်များကို သုံးစွဲလာနိုင်ခြင်းများကြောင့် ယခင်ဆယ်စုနှစ်များဆီက တာချီလိတ်မှ တောင်ကြီးမြို့သို့ လူနှင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် တစ်ပတ်ဆယ်ရက်ခန့်ကြာမြင့်ခဲ့ရာမှ ယခုအခါ တစ်ညအိပ်ခရီးသာ ကြာမြင့်တော့ပြီဖြစ်သည်။ ယခင်က ခရီးသည်တစ်ဦးလျှင် ယာဉ်စီးခအဖြစ် တာချီလိတ်-တောင်ကြီးခရီးစဉ်အား ငွေကျပ် ၅၀၀၀၀ မှ ၆၀၀၀၀ အထိ ဈေးရှိခဲ့ရာမှ ယခုအခါ ၁၀ ယောက်စီး ခေတ်မီမှန်လုံယာဉ်များဖြင့် ခရီးသည် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ အထိသာရှိတော့ပြီး လမ်းခရီးတွင်လည်း နံနက်စာ၊ ညအိပ်တည်းခိုခန်းများ၊ သောက်ရေသန့်၊ မျက်နှာသုတ်ပုဝါ စသည့် ဝန်ဆောင်မှုများကို ထည့်သွင်းလာကြသည့်အတွက် ခရီးသည်များ သက်သောင့်သက်သာဖြင့် စိတ်ချမ်းမြေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

ယခုအခါ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း ၁၃သင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် ခုနစ်သင်း၊ တာချီလိတ်မှ ကျိုင်းတုံသို့ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း ရှစ်သင်းအထိ ပြေးဆွဲလာနိုင်မှုကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးက ဦးဆောင်ပြီး စေတနာရှင်များ၊ အလှူရှင်များက အသက်(၈၀ နှစ်)အထက် အဘိုး၊ အဘွား ၈၀ ကျော်တို့အား ဧပြီ ၂၉ ရက်က ကျင်းပသည့် ပူဇော်ဂါရဝပြုပွဲ၌ အလှူငွေ အလှူပစ္စည်းများ ပေးအပ်စဉ်။ (၁၂၂)

မေ ၅ ရက်က ရန်ကင်းမြို့နယ် ၁၂ လုံးတန်း မီးပွိုင့်၌ ယာဉ်မောင်း အောင်စိုးဝင်း မောင်းနှင်လာသော တက္ကစီယာဉ်သည် ရန်ကင်းလမ်း အတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် သက်ပိုင်ဇော် မောင်းနှင်လာသော လိုက်အေ့စ်ကားကို နောက်မှ ဝင်တိုက်မိခဲ့သဖြင့် လိုက်အေ့စ်ကား လဲကျပြီး ပေ ၂၀ ခန့် လွင့်စဉ်သွားစဉ်။

သန်းမောင်(ရန်ကင်း)

ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအတွင်း ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စက်ရေတွင်းတစ်တွင်းလျှင် ကုန်ကျစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

	၂"Ø x ၂၀၀'	၂"Øx ၄၀၀'	၄"Øx ၂၀၀'	၄"Øx ၄၀၀'
(က) စက်ရေတွင်းတူးဖော်ခြင်း	၄·၉၅ သိန်း	၉·၀၅ သိန်း	၉·၉၅ သိန်း	၁၉·၀၅ သိန်း
(ခ) လေမှုတ်စက်+အင်ဂျင်တပ်ဆင်ခြင်း	၂·၃၅ သိန်း	၃·၂၅ သိန်း	၂·၃၅ သိန်း	၃·၂၅ သိန်း
(ဂ) ရေစက်ရုံဆောက်လုပ်ခြင်း	၄·၇ သိန်း	၄·၇ သိန်း	၄·၇ သိန်း	၄·၇ သိန်း
(ဃ) ဂါလန်(၂၀၀၀)ဆံ့ရေကန်	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း	၁၃ သိန်း
စုစုပေါင်း	၂၅ သိန်း	၃၀ သိန်း	၃၀ သိန်း	၄၀ သိန်း

၂။ သို့ဖြစ်ပါ၍ စေတနာရှင် ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။ လှူဒါန်းလိုပါက ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) ဖုန်း-၀၆၇-၄၀၉၂၁၁၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) ဖုန်း-၀၆၇-၄၀၉၃၆၂၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဖုန်း-၀၆၇-၄၀၉၄၀၉၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၂၀၂၇၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲနှင့် ပြည့်စုံနိုင်စေကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အမှား ပြင်ဆင်ခြင်း

၂၀၁၃ ခုနှစ် မေ ၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂) ကော်လံ(၁၊ ၂) တွင်ပါရှိသော အမှတ် ၁၄၁၊ စံပြ ၅လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ တိုက်သစ်၏မြေညီထပ်(ခြေရင်းခန်း)နှင့် ပတ်သက်သော ကြေညာခြင်းတွင် ဦးလွင်ချို၏ မှတ်ပုံတင်အမှတ် အမှန်မှာ ၁၄/ဖပန(နိုင်)၀၄၅၉၉၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

နိုင်ငံတကာအားကစားသတင်း

၂၀၁၃ ယူရို ယူ-၂၁ နောက်ဆုံး အုပ်စုပွဲစဉ်တွေလာပြီ

၂၀၁၃ ခုနှစ် ယူရို ယူ-၂၁ ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ်တွေကို လာမယ့် ဇွန် ၅ ရက်နဲ့ ၆ ရက်မှာ ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်တွေကို အုပ်စု (A) နဲ့ အုပ်စု (B) အဖြစ်ခွဲထားပြီး အုပ်စု (A) မှာ အင်္ဂလန်၊ အစ္စရေး၊ အီတလီနဲ့ နော်ဝေအသင်းတွေပါဝင်ပါတယ်။ အုပ်စု (B) မှာတော့ ဂျာမနီ၊ နယ်သာလန်၊ ရုရှားနဲ့ စပိန်အသင်းတွေ ပါဝင်နေတာမို့ အကြိတ်အနယ်ရှိပြီး ပွဲကြီးပွဲကောင်းတွေအဖြစ်အားပေးကြရဦးမှာ ဖြစ်ပါတယ်။

အစ္စရေးနှင့် နော်ဝေ

၂၀၁၃ ခုနှစ် ယူရို ယူ-၂၁ ဘောလုံးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့အစ္စရေးတို့ကတော့ နော်ဝေနဲ့ပွဲကို အကောင်းဆုံးပြင်ဆင်ကစားမှာ ဖြစ်ပါတယ်။ အစ္စရေးလူငယ်ဘောလုံးအသင်းဟာ ပါရမီရှိတဲ့ မျိုးဆက်သစ်တွေနဲ့ဖွဲ့စည်းထားတာမို့ နော်ဝေတို့အတွက် အနိုင်ရဖို့ခက်ခဲပါလိမ့်မယ်။ နော်ဝေဟာ လျင်လျင်မြန်မြန်နဲ့ တိုက်စစ်ဆင်ကစားတတ်ပြီး ဂိုးလည်းရအောင်သွင်းယူနိုင်ကြပေမယ့် အစ္စရေးခံစစ်မှူးတွေကလည်း တည်တည်ငြိမ်ငြိမ်နဲ့ ဟန့်တားနိုင်သူတွေဖြစ်တာမို့ ဒီပွဲဟာရလဒ်ညီမျှခြင်းကျသွားနိုင်တဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။

အင်္ဂလန်နှင့် အီတလီ

အင်္ဂလန်တို့အတွက်တော့ ပွဲကျပ်ပါပဲ။ အီတလီတို့က အထိအတို့လေးတွေနဲ့ အပေးအယူအချိတ်အဆက်မိမိကစားနိုင်တာမို့ အင်္ဂလန်ခံစစ်မှူးတွေ အမှားအယွင်းလုပ်လျှင် ခံစားသွားရနိုင်ပါတယ်။ အင်္ဂလန်တိုက်စစ်မှူးတွေဟာ အဆုံးသတ်မသေချာမှုတွေရှိနေဆဲမို့ ရင်ပူစရာတော့ကောင်းနေပါတယ်။ ဒါပေမယ့် အင်္ဂလန်ဟာ တောင်ပံတိုက်စစ်တွေကို အားကိုးအားပြု ကစားမှာမို့ အီတလီကို ဘယ်လောက်အတိုင်းအတာအထိ ဖိအားပေးခြိမ်းခြောက်ကာ ရလဒ်ကောင်းအောင်ဘယ်လိုကြိုးစားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

စပိန်နှင့် ရုရှား

အုပ်စု(B)ရဲ့ စပိန်နဲ့ ရုရှားတို့ပွဲကလည်း အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ စပိန်အသင်းဟာ ရှေ့၊ လယ်၊ နောက် အင်အားဟန်ချက်ညီမျှနေပြီး ရုရှားကို တိုက်စစ်ဖွင့် ကစားမှာ သေချာပါတယ်။ စပိန်အသင်းရဲ့ အားသာချက်က အသင်းလိုက်ကစားအားကောင်းပြီး နားလည်မှုရှိရှိနဲ့ကစားနိုင်ခြင်းဖြစ်ပါတယ်။ ရုရှားတို့ကတော့ တစ်ဦးချင်း စွမ်းရည်အားကိုးနဲ့ စပိန်ခံစစ်ကြောင်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ ခြေစွမ်းနဲ့စုဖွဲ့မှု၊ စုစည်းမှုအပိုင်းမှာ စပိန်တို့က အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။

နယ်သာလန်နှင့် ဂျာမနီ

နယ်သာလန်အသင်းရဲ့ အားသာချက်က ကွင်းလယ်ပိုင်းဖြစ်ပြီး ဘောလုံးဖြန့်ဝေမှုအပိုင်းမှာ တိကျထိရောက်မှုရှိပါတယ်။ ဂျာမနီတို့ကတော့ ယူရို ယူ-၂၁ ဖလားကို မျှော်မှန်းနေတာမို့ နယ်သာလန်ကို အကျပ်တွေ့အောင်ကစားပြီး ကျော်ဖြတ်အနိုင်ယူဖို့ ကြိုးစားအားထုတ်ပါလိမ့်မယ်။ ဂျာမနီဟာ အကောင်းဆုံးခြေစွမ်းရရှိနေတာမို့ နယ်သာလန်တို့အတွက် အိပ်မက်တွေလက်တွေ့အကောင်အထည်ဖော်ဖို့ ခက်ခဲမယ့်အခြေအနေဖြစ်ပါတယ်။

ဒီအုပ်စုပတ်လည်ပွဲစဉ်ကနေပြီး အုပ်စု (A) ပထမနဲ့ အုပ်စု (B) ဒုတိယအသင်း၊ အုပ်စု (B) ပထမနဲ့ အုပ်စု (A) ဒုတိယအသင်းတွေဟာ လာမယ့်ဇွန် ၁၅ ရက်မှာ အကြိုဗိုလ်လုပွဲတွေအဖြစ် ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲကိုတော့ ဇွန် ၁၈ ရက်မှာ ကစားမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ဟဲဗီးဝိတ်ချန်ပီယံများရှင် ကလစ်ချ်ကို စိန်ခေါ်သူကို ခြောက်ချီဖြင့် အလဲထိုး

ဝါဒီမီယာကလစ်ချ်ကိုက စိန်ခေါ်သူအီတလီလက်ဝှေ့သမား ဖရန်ဆက်ကိုပီယာနက်တာ ကို ခြောက်ချီဖြင့် အလဲထိုးပြီး WBA, IBF နှင့် WBO ဟဲဗီးဝိတ်ချိန်ပီယံခါးပတ်များကို ပြန်လည်ရယူလိုက်ပြီဖြစ်သည်။ အသက် ၃၇နှစ်ရှိ ယူကရိန်းနိုင်ငံသား ကလစ်ချ်ကိုသည် အီတလီလက်ဝှေ့သမားအားပြင်းပြင်းထန်ထန် မထိုးသတ်ရဘဲ အနိုင်ရရှိလိုက်သည်။ ကလစ်ချ်ကိုက ယင်းပြိုင်ပွဲကို အနိုင်ရရှိလိုက်ခြင်းသည် ၎င်း၏ (၁၄)ကြိမ်မြောက် ချန်ပီယံခါးပတ်များကို ကာကွယ်ခဲ့ခြင်းပင်ဖြစ်သည်။ ကြေးစားလက်ဝှေ့ပြိုင်ပွဲ ၂၉ ပွဲတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသည့် ပီယာနက်တာသည် စတုတ္ထအချီနှင့် ပဉ္စမအချီများတွင် ကြမ်းပြင်သို့ လဲကျခဲ့သည်။

ပရီမီယာလိဂ်အမြန်ဆုံးဂိုး တိုက်စစ်မှူး ဝေါကော့သ် ကန်သွင်း

အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်က ယခုနှစ်ပရီမီယာလိဂ်တွင် ကျူပီအာနှင့်ကစားစဉ် အမြန်ဆုံးဂိုးသွင်းယူပြီး အာဆင်နယ်ကို အမှတ်ပေးဇယား တတိယနေရာသို့ ပို့ပေးလိုက်သည်။

ဝေါကော့သ်သည် ပွဲစပြီး စက္ကန့် ၂၀ မှာပင် ကျူပီအာအသင်းဘက်သို့ အာဆင်နယ်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ ယင်းဂိုးသွင်းပြီးနောက် ပွဲစဉ်တစ်လျှောက် ကျူပီအာအသင်းကို ထိန်းချုပ် ကစားနိုင်ခဲ့သည်။ ကျူပီအာတို့ ချေပဂိုးသွင်းယူရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ ဝေါကော့တ်၏ ယင်းဂိုးသည် ယခုနှစ် ပရီမီယာလိဂ်တွင် အမြန်ဆုံးသွင်းယူခဲ့သည့် ဂိုးဖြစ်လာသည်။

ကောင်းမြတ်သူ - စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

❒ စပါးတိုက်စစ်မှူး အဒီဘာယောက ၎င်းသည် စပါးအသင်း၌သာ ဆက်လက်ကစားလိုကြောင်း ပြောကြားသည်။

❒ ဝက်စ်ဟမ်း၌ အငှားလာရောက်ကစားနေသည့် အင်ဒီကာရိုးအား အင်္ဂလန်လက်ရွေးစင်အသင်းက ပြန်လည်ခေါ်ယူမည်ဖြစ်သည်။

❒ ရိုးမားအသင်းမှ အသက် ၃၆ နှစ် အရွယ်ရှိ ဝါရင့်ကစားသမား တိုက်စစ်မှူးတော့တီက ၎င်းသည် ရိုးမားအတွက် ခြေစွမ်းပြရန် စိတ်ဓာတ်ပြင်းပြနေဆဲဖြစ်ကြောင်း ပြောကြားသည်။

❒ ဘာစီလိုနာနောက်ခံကစားသမားများဖြစ်သော ပူယိုးလ်နှင့်မာရှေယာနိုတို့သည် အသင်း၌ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဘာစီလိုနာလက်ထောက်နည်းပြ ရော်ဒီရိုရာက ပြောကြားသည်။

❒ အေစီမီလန်တိုက်စစ်မှူး ရော်ဘင်ဟိုက အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ရန် ဆန္ဒရှိနေသည်။

❒ လီဗာပူးက ဆွမ်ဆီးဂိုးသမား မီချယ်ဗွန်းကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

❒ ချယ်လ်ဆီးသည် လေဗာကူဆင်အသင်းတိုက်စစ်မှူးရှာရယ်ကို ခေါ်ယူနိုင်ရေး ဆွေးနွေးလျက်ရှိသည်။

❒ ပီအက်စ်ဗီအသင်း၌ ကစားနေသော ဒေးဗစ်ဘက်ခမ်းက စာချုပ်သစ်ချုပ်ဆိုပါက ဆက်လက်ကစားမည်ဖြစ်ကြောင်း ပြောကြားသည်။

❒ ဘာစီလိုနာတိုက်စစ်မှူး ဆန်ချက်ဇ်အား အီတလီထိပ်တန်းကလပ်များက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

❒ နာပိုလီအသင်း တိုက်စစ်မှူးကာဗာနီက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အလုပ်ခွင် သင်တန်းသား ဝန်ထမ်းများ အလိုရှိသည်

Forwarding, Supply Chain Management, Project Cargo Handling, Exhibition စသည့် လုပ်ငန်းများတွင် လိုအပ်သော နေရာများ၌ ခန့်ထားရန် On Job Training (OJT) ဝန်ထမ်းများ လိုအပ်ပါသည်။

(၁) OJT (တက္ကသိုလ် တက်ရောက်နေသည့် ထူးချွန်လူငယ်များ) **ကျား/မ ၁၅ဦး**

(၂) KEY ACCOUNT COORDINATOR (တက္ကသိုလ်ဘွဲ့ရ) **ကျား/မ ၅ဦး**

(က) အင်္ဂလိပ်စာ ကျွမ်းကျင်ရန် လိုအပ်ပါသည်။ အင်္ဂလိပ်စာနှင့် အခြားဘာသာ ကျွမ်းကျင်ပါက ပို၍ အခွင့်အလမ်း ရှိပါသည်။

(ခ) ငယ်ရွယ်သွက်လက် တက်ကြွ၍ လေ့လာသင်ယူဆည်းပူးနိုင်မှု၊ တာဝန်ယူနိုင်မှု၊ တိုးတက်အောင်မြင်အောင် စွမ်းဆောင်နိုင်မှုစသည့် ကိုယ်ပိုင်အရည်အချင်းများ ရှိရပါမည်။

(ဂ) OJT ဝန်ထမ်းများအား OJT ပြီးလျှင် သင့်လျော်ရာ ရာထူးနေရာဌာနများ၌ ခန့်အပ်ပါမည်။

(ဃ) တိုးချဲ့မည့်လုပ်ငန်းဌာနများဖြစ်၍ အရည်အချင်းရှိသူလူငယ်များအတွက် လစာကောင်းသည့် အဆင့်မြင့် ရာထူးများ ရရှိနိုင်ပါသည်။

CARE FREIGHT SERVICES Ltd.

အမှတ် ၀၁-၀၁၊ ဒဂုံတာဝါ၊ ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၅၄၄၃၄၀၊ ၅၄၄၃၄၁၊ ၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၅၈၃၀၀

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကားရောင်းမည်

Townace Light Turck, 1 Ton, 4 WD, Diesel, Manual, 90000km, 150Lakh,

ဖုန်း-၀၉-၅၁၂၄၇၆၅

ငှားလိုသည်

Light Truck (ဒီဇယ်)

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၀၉၄၁၉၁

ပြည်တွင်းသတင်း

လှိုင်သာယာမြို့နယ်အတွင်း ရေကြီးရေလျှံမှုကင်းဝေးရေး စက်ယန္တရားကြီးများဖြင့် ချောင်း၊ မြောင်းများတူးဖော်နေ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်သည် မိုးရာသီ၌ အချို့ရပ်ကွက်၊ ကျေးရွာများ ရေကြီးရေလျှံဖြစ်မှုများ နှစ်စဉ်ကြုံတွေ့ရလျက်ရှိသည်။ သက်ဆိုင်ရာက ချောင်း၊ မြောင်းများ၊ တူးမြောင်းများ ရှင်းလင်းဖော်ထုတ်မှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သော်လည်း ရေကြီးရေလျှံမှုကို အနည်းငယ်သာ လျော့နည်းစေခဲ့သည်။

“ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ လှိုင်သာယာမြို့နယ်မှာ ရေကြီးရေလျှံမှုတွေ မဖြစ်ပွားအောင် ကြိုးစားနေပါတယ်။ အခုလာမယ့် မိုးရာသီမှာ အဲဒီလို ရေကြီး ရေလျှံမှုတွေ ကျဆင်းသွားအောင်လို့ ယန္တရားကြီးငါးစီးနဲ့ စက်ယန္တရားငယ်တစ်စီး အပါအဝင် စုစုပေါင်း ယန္တရားခြောက်စီးနဲ့ ချောင်း၊ မြောင်း တူးဖော်မှုလုပ်ငန်းတွေ ပြုလုပ်နေပါတယ်”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဦးကံညွန့်က ပြောကြားသည်။

ပန်းလှိုင်မြစ် တိမ်ကောလာမှုကြောင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ကျေးရွာနှင့်ရပ်ကွက်အချို့ နှစ်စဉ်ရေလွှမ်းမှုကြုံတွေ့နေရသည်။ ထို့ကြောင့် ယခုအခါ စက်ယန္တရားကြီးငါးစီးဖြင့် ကုလားကြီးစုကျေးရွာနှင့် မြစိမ်းရောင်ချောင်းအကြားတွင် ရေစီးရေလာကောင်းစေရန် ယန္တရားကြီးငါးစီးဖြင့် မြောင်းတူးခြင်းကို ပြုလုပ်လျက်ရှိသည်။

တစ်ဖန် မြစိမ်းရောင်ချောင်းကိုလည်း ရေစီးရေလာကောင်းမွန်စေရန် တူးဖော်ခြင်း၊ ညောင်တုန်းကားလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရေမြောင်းကြီးများ တူးဖော်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်ဟု ခရိုင်အင်ဂျင်နီယာမှူး ဦးကံညွန့်က ရှင်းပြသည်။

ယခုအခါ ရေစီးရေလာကောင်းမွန်စေရန် ကွဲလမ်းရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းသည် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး မြစိမ်းရောင်ချောင်းတူးဖော်ခြင်းလုပ်ငန်းသည် ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ညောင်တုန်းလမ်းမကြီးတစ်လျှောက် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေမှုများကြောင့် လာမည့်မိုးရာသီတွင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ရေကြီးရေလျှံဖြစ်မှုမှ လျော့နည်းကျဆင်းသွားမည်ဖြစ်ရာ ပြည်သူများအတွက် စိတ်အေးဖွယ်ရာပင်ဖြစ်သည်။

အေးနိုင်

ပညာပေးနှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီ၊ မေနှင့်ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်သည်။

အဆိုပါမျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ယင်းတို့မှ သားလောင်းများမပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက “ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၄၊ ၄၅”ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်သည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တာလေမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

တာချီလိတ် မေ ၅

တာချီလိတ်ခရိုင် တာလေမြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၅) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၂ ရက် နံနက် ၁၀ နာရီက တာလေမြို့နယ်ခွဲ နားယောင်းကျေးရွာအုပ်စု နားအွန်ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်က မိုးပွင့်အဆင့်(၅) စီမံချက်ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ခရိုင်ဦးစီးဌာနမှူး ဦးကျော်စွာလွင်၊ တာလေမြို့နယ် ဦးစီးမှူး ဦးခင်လေးမောင်နှင့် တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအပ်နှံကန်ထရိုက်စနစ်ဖြင့် ရွှေလွင်လွင်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မကျီးပင်စု-ထော်တနီကုန်း မြေသားလမ်း(၅/၄)မိုင် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် ဒေသခံကျေးလက်ပြည်သူများ အချိန်တိုအတွင်းလွယ်ကူစွာ သွားလာလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးအတွက်

ကြေညာချက်

၁။ အဆင့်မြင့်ပညာဦးစီးဌာနများရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ခန့်ထားရန်ခေါ်ယူခဲ့သော အငယ်တန်းအင်ဂျင်နီယာ(၂)(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများကို ရေးဖြေစာမေးပွဲဖြေဆိုခဲ့သော သက်ဆိုင်ရာဦးစီးဌာနများတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လူတွေ့(နှုတ်ဖြေ)စစ်ဆေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) သတင်းပို့ရမည့်နေ့ရက် - ၁၀-၅-၂၀၁၃ရက်(သောကြာနေ့)
(ခ) လူတွေ့စစ်ဆေးမည့်နေ့ရက် - ၁၁-၅-၂၀၁၃ရက်(စနေနေ့)
၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)

(ဂ) သတင်းပို့ရမည့်နေရာ

(၁) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)တွင် ဖြေဆိုခဲ့သူများ - အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့

(၂) အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တွင် ဖြေဆိုခဲ့သူများ - အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမြို့

၂။ အသေးစိတ်အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ရန်ကုန်မြို့၊ သထုံလမ်း၊ ဖုန်း-၀၁-၅၁၃၁၄၆၊ ၀၁-၅၃၄၃၂၀နှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)မန္တလေးမြို့၊ ဖုန်း-၀၂-၃၉၃၁၇၊ ၀၂-၆၀၃၇၂တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဒေါက်တာဇော်မြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များ၏ မြို့နယ်ရုံးများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဓာတ်အားခတောင်းခံလွှာများကို ကွန်ပျူတာစနစ်ဖြင့် ပြုစုထုတ်ပြန်ရေးနှင့် မြို့နယ်ရုံးများရှိ ငွေကောက်ကောင်တာများတွင် ဓာတ်အားခငွေကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်လိုသော လုပ်ငန်းရှင်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၅-၂၀၁၃ ရက် ၁၃:၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်** - ၃၀-၅-၂၀၁၃ ရက်
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဘဏ္ဍာရေးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၉၇၊ ၀၆၇-၄၃၁၁၉၈၊ ဖက်စ်-၀၆၇-၄၃၁၂၈၁

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်

အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် သင်တန်းများဖွင့်မည်

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ဆရာတော် အရှင်သုန္ဒရ(တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက)ကြီးမှူး၍ ဒေါက်တာအရှင်သောဘဏာလင်္ကာရ ဦးဆောင်သော စွန်းလွန်းဗုဒ္ဓစာပေပြန့်ပွားရေးအသင်းမှ စီစဉ်ဖွင့်လှစ်သည့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို ၁၁-၅-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီမှစ၍ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချပေးမည် ဖြစ်ပါသဖြင့် မည်သူမဆို လာရောက်လေ့လာသင်ယူနိုင်ပါသည်။

(အဘိဓမ္မာသင်တန်းကိုင် စာအုပ်စာတမ်းများ ဓမ္မဒါနပြုပါမည်။)

ဆက်သွယ်ရန် -စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်
(၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၄၆၅၄

ဖိတ်ကြားလွှာ

၂၀၁၃ခုနှစ် မေ ၈ရက်၊ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ဗဟန်းမြို့နယ်၊ ကြက်ခြေနီသူနာပြုမိသားစု လူမှုရေးအဖွဲ့မှ **ထူးချွန်ကြက်ခြေနီများဂုဏ်ပြုပွဲနှင့် တပ်ဖွဲ့ဝင်ဟောင်းများ တွေ့ဆုံပွဲအခမ်းအနား**ကို အောက်ပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၁-၅-၂၀၁၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - ညနေ ၄ နာရီ
ကျင်းပမည့်နေရာ - အထက(၃)ဗဟန်းမြို့နယ် (ဦးချစ်မောင်လမ်း)

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၇၃၀၄၂၃၂၀၊ ၀၉-၇၃၂၁၈၅၈၀၊ ၀၉-၄၂၀၀၆၇၄၉၁၊ ၀၉-၄၂၁၁၀၉၆၈၅၊ ၀၉-၇၃၀၈၄၉၉၆၊ ၀၉-၇၃၀၈၂၄၆၅၊ ၀၉-၇၃၁၈၁၈၆၂၊ ၀၉-၄၂၁၁၆၁၀၆၄၊ ၀၉-၄၂၀၁၃၃၂၃၂။

ကျင်းပရေးကော်မတီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားအနေဖြင့် တည်ဆောက်မည့် စက်ခေါင်းသစ်တည်ဆောက်ရေးစက်ရုံ(နေပြည်တော်)နှင့် တွဲသစ်တည်ဆောက်ရေးစက်ရုံ(မြစ်ငယ်)တို့အတွက် EIA (Environmental Impact Assessment) နှင့် SIA(Social Impact Assessment) အစီရင်ခံစာများ ပြုစုခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အသိအမှတ်ပြု ရေးသားပိုင်ခွင့်ရှိပြီး စိတ်ပါဝင်စားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းတန်ဖိုးအား မြန်မာကျပ်ငွေဖြင့် တင်သွင်းကြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းအသေးစိတ်နှင့်ပုံစံကို ၆-၅-၂၀၁၃ ရက်မှအစပြု၍ အောက်ပါလိပ်စာတွင်တောင်းယူပြီး တင်ဒါအဆိုပြုချက်ကို ၃၁-၅-၂၀၁၃ရက် မွန်းတည့် ၁၂း၀၀ နာရီမတိုင်မီ နောက်ဆုံးထား၍ တင်သွင်းကြရန်ဖြစ်ပါသည်-

ဦးဝင်းဦး၊ အထွေထွေမန်နေဂျာ(စက်ရုံ)၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၊
ဖုန်း-၀၁-၆၄၂၄၄၉၊ ၀၁-၆၄၀၂၇၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဂုန်လျှော်နှင့်လျှော်မျှင်များပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲရှိ အောက်ဖော်ပြပါ ဂုန်လျှော် ချဉ်ပေါင်လျှော် ဘေထုပ်များအား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသည်-

(က) **ဂုန်လျှော်ဘေထုပ်** ၆၃၁.၃၇၁ တန် (1 Lot)
(ခ) **ချဉ်ပေါင်လျှော်ဘေထုပ်** ၁၀၂၂.၅၉၆ တန် (1 Lot)
စုစုပေါင်း **၁၆၅၃.၉၆၇ တန်**

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၂-၅-၂၀၁၃ ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၃-၆-၂၀၁၃ ရက် ၁၃း၀၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၅၀)နေပြည်တော်
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၅၃၀၁၊ ၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ဂ/၇၇၀၃ Mitsubishi Pajero ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆွေဦး ၁၃/တခလ(နိုင်)၀၇၃၆၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၂၀၂၄၄ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြိုင် ၆/ကစန(နိုင်)၀၀၉၀၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင်လမ်း၊ ပြည်သာယာ အဆင့်မြင့်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၂)၊ အကျယ်ပေ(၂၅×၂၃)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ဦးအေးကို ၁၂/ရကန(နိုင်)၀၅၃၀၂၄ အမည်ဖြင့် ချထားပေးခြင်းခံရပြီး မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တိုက်ခန်းဝယ်ယူပိုင်ဆိုင်ထားခြင်းကို အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာ(၂)ရပ်ကွက်၊ ဆင်မင်းလမ်း၊ တိုက်အမှတ် ၉၆၊ ခုနစ်ထပ်တိုက်မှ ပထမအလွှာ ပေ(၂၅×၄၉)အကျယ်ရှိ ရေ၊ မီး အပြည့်အစုံပါ လူနေထိုင်ခွင့်ရတိုက်ခန်းကို ပိုင်ရှင် (၁)ဒေါ်မိမိကြည် ၁၂/အလန(နိုင်) ၀၀၃၀၃၁ နှင့် (၂)ဒေါ်ခင်ခင် ၁၂/အလန(နိုင်)၀၃၇၁၀၅ တို့ထံမှ ကာလတန်ဖိုးပေး၍ ကျွန်ုပ်၏မိတ်ဆွေက ၂၄-၃-၂၀၁၃ ရက်တွင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်မေစပယ်မြင့် (စဉ်-၃၂၉၉၂)
LL.B, D.B.L, D.I.L, D.L.P (101) WIPO (SWITZERLAND)
အမှတ် ၂၆၃/သုံးလွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကြက်သွန်နီပေါ်ချိန် တောင်သူများအဆင်ပြေ

နေပြည်တော် မေ ၅

တပ်ကုန်းမြို့နယ်ရှိ ကြက်သွန်များသည် အရည်အသွေးကောင်းမွန်ပြီး ရေရှည်အထားခံသောကြောင့် ကြက်သွန်နီဝယ်လှောင်သူများ ကွင်းဆင်း ဝယ်ယူလျက်ရှိသောကြောင့် ကြက်သွန်နီဈေး တဖြည်းဖြည်း မြင့်တက်လာကြောင်း သိရသည်။

"အခုနှစ်မှာ ကျွန်တော်တို့ တောင်သူတွေ ကြက်သွန်နီစိုက်တာ အောင်မြင်ပြီး အထွက်နှုန်းတွေ ကောင်းပါတယ်။ အရင်းအနှီးကများတော့ တောင်သူတွေအစိုက်နည်းလာကြပါတယ်။ ရေသွင်းစိုက်ရတာမိုလို့ နေပူချိန်ကပြင်းတော့ အမြဲရေသွင်းရပြီး ဓာတ်ဆီ၊ ဒီဇယ်ဆီဖိုးတွေ ကုန်ကျတာများပါတယ်။ မျိုးဖိုး၊ ပျိုးဖိုးက အရင်းအနှီးသိပ်မရှိပါဘူး။ ကျွန်တော်တို့ တောင်သူတွေပေါ်ချိန်ဆိုနှစ်တိုင်း ကြက်သွန်ဈေးက တဖြည်းဖြည်းတက်တယ်လေ၊ ဝယ်လှောင်တဲ့သူတွေပဲ အဆင်ပြေကြတယ်။ ကျွန်တော်တို့ ရေရှည်ထားနိုင်ရင် ဈေးကောင်းရမှန်း သိပေမယ့်လည်း စီးပွားရေးအရ ပေါ်တာနဲ့ရောင်းရတာပဲ"ဟု တပ်ကုန်းမြို့နယ်မှ ကြက်သွန်နီစိုက် တောင်သူတစ်ဦးက ပြောပြသည်။

"ကြက်သွန်နီလှောင်တဲ့သူတွေ ဒီအချိန် တောင်သူတွေပေါ်တဲ့အချိန်မှာ ဝယ်လှောင်ကြတာ များပါတယ်။ တချို့ဆိုရင် ရန်ကုန်ကဆင်းပြီးတော့ ဂိုဒေါင်ငှားပြီးလှောင်တဲ့သူတွေရှိသလို တချို့ကတော့ ကိုယ်နိုင်သလောက် ကုန်ချိန် ၄၀၀၀၊ ၅၀၀၀၊ ၁၀၀၀၀ လှောင်တဲ့သူတွေရှိပါတယ်။ ဒီနယ်ကထွက်တဲ့ ကုန်းကြက်သွန်နီက ရေရှည်အထားခံနိုင်တယ်။ ချောင်းကြက်သွန် ဝယ်မိလိုက်ရင်တော့ ပုပ်တာနဲ့ လျော့တာတွေနဲ့ လှောင်တဲ့သူတွေ ရှုံးတာတွေရှိပါတယ်။ အဲ့ဒါကြောင့် ဝယ်လှောင်တဲ့သူတွေ ကွင်းဆင်းပြီး ကုန်းကြက်သွန်ကို ရွေးဝယ်တာဖြစ်ပါတယ်။ တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင်နဲ့ ကောက်ပါတယ်။

ဈေးကတော့ တစ်နေရာနဲ့ တစ်နေရာမတူကြဘူးပေါ့။ သယ်ယူပို့ဆောင်ခ စရိတ်တွေကြောင့်ပါ။ အခု ကျွန်တော်တို့လှောင်တဲ့ ကြက်သွန်တွေက နောက်လေးလ၊ ငါးလလောက်ဆို ထုတ်ရောင်းပါတယ်။ အဓိကပို့တဲ့ နေရာတွေကတော့ ရန်ကုန်နဲ့ မော်လမြိုင်မြို့တွေပဲဖြစ်ပါတယ်"ဟု ကုန်ဝယ်လှောင်သူ ပျဉ်းမနားမြို့မှ ကုန်သည်ပွဲစားတစ်ဦးက ရှင်းပြသည်။

ကျော်သူဝင်း(မြန်မာ့အလင်း)

လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ ဧပြီ ၂၂ ရက်က လှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက်သို့ မိုးပွင့်အဆင့်(၅) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြန်မာ့အလင်း)

ဖြူးမြို့နယ် သပြေလှကျေးရွာအနီး ဇဟားချောင်းတံတားအောက် ခေါင်းဖြတ်လူသတ်မှုနှင့်ပတ်သက်၍ ဆက်သွယ်သတင်းပေးပို့နိုင်

နေပြည်တော် မေ ၅

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သပြေလှကျေးရွာအနီး ဇဟားချောင်း တံတားအောက်တွင် ဦးခေါင်းမပါသည့် အမည်မသိ အမျိုးသမီးအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ဖြူးရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေး ပုံမှန်လမ်း မိုင်တိုင် အမှတ်(၁၃၉-၁/၂)ကြား တံတား အမှတ်(၁၄၀/၁) ဇဟားချောင်း တံတားအောက် ချောင်းကမ်းစပ်တွင် "၅၅၅" တံဆိပ် ပီနံအိတ်အဖြူဖြင့် ထည့်ထားသည့် ဦးခေါင်းမပါ ကိုယ်လုံးတီးအလောင်း တစ်လောင်းနှင့် မိုင်တိုင်အမှတ် (၁၃၈/၂)အနီး လမ်းဘေးတွင် အမျိုးသမီးဦးခေါင်းပြတ်တစ်ခု ထပ်မံတွေ့ရှိရ၍ ဖြူးရဲစခန်းက အမှုဖွင့်အရေးယူပြီး မှုခင်းရဲတပ်ဖွဲ့မှ စစ်ဆေးလျက်ရှိသည်။ အဆိုပါအမှုအား မှုခင်းရဲတပ်ဖွဲ့မှ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိပြီး သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိသတင်းပေးလိုပါက မှုခင်းရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၄၁၂၅၀၂ နှင့် ၀၆၇-၄၁၂၅၀၅ တို့သို့ ဆက်သွယ်အကြောင်းကြား သတင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **ဓာနည်**

အမိုးနီးယားပိုက်လိုင်းလဲလှယ်စဉ် ဓာတ်ငွေ့များစိမ့်ထွက်

နေပြည်တော် မေ ၅

ဧပြီ ၃၀ ရက် ည ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ပဒံကျေးရွာရှိ ဒေါ်ဥမ္မာမြင့်၏ "ခနတံခွန်"ရေခဲစက်ရှိ အမိုးနီးယားပိုက်လိုင်း သံချေးတက်၍ စတီးပိုက်ဖြင့် အစားထိုးလဲလှယ်ရန် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ ဦးမျိုးချစ်သိန်း(၄၄ နှစ်)ပါ ခုနစ်ဦးက ဖြုတ်ယူစဉ် ပိုက်ဟောင်းအတွင်းရှိ အမိုးနီးယားဓာတ်ငွေ့များ စိမ့်ထွက်ခဲ့သဖြင့် အတွင်းပဒံကျေးရွာနိုင်ကျွန်းသာလမ်းနေ မသန်းငွေ(၃၆ နှစ်)နှင့် မြစိမ်းရောင်(၁)လမ်းနေ မဥမ္မာ(၃၉ နှစ်)တို့နှစ်ဦးမှာ မူးဝေအော့အန်သဖြင့် လှိုင်သာယာဆေးရုံသို့တင်ပို့ကုသခဲ့သည်။စက်ရုံတာဝန်ခံ ထွန်းလင်းအောင်(ခ)ကိုလင်းက ဘားများပိတ်ပြီး ရေကန်ထဲသို့ ပိုက်များချသဖြင့် ဓာတ်ငွေ့များစိမ့်ထွက်မှု မရှိတော့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ထွန်းလင်းအောင်အား လှိုင်သာယာရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဓာနည်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

တင်ဒါအမှတ်	အကြောင်းအရာ
၁၁/ မမ/ ဝန်ကြီးရုံး (2013-2014)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)၊ ရုံးအမှတ်(၂၉) နေပြည်တော်တွင် Network Cable ဖြင့် Local Area Network တည်ဆောက်ရန်

တင်ဒါပိတ်မည့်နေ့/ အချိန် -၂၇ . ၅ . ၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၆ . ၅ . ၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း၊ နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများအနက် အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲ၌ စာဖြေဌာနအားလုံးတွင် ဒုတိယ(ထူးချွန်ဆု)နှင့် တတိယ(ထူးချွန်ဆု)ရရှိခဲ့သော **ဆုထူးပန်အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်း** (ငါးထပ်ကြီး)၊ ဗဟန်းမြို့နယ်မှ ခုံအမှတ် ၅၄ ဒေါ်ဗိုလ်ဗိုလ်မြင့်၊ ခုံအမှတ် ၁၄ ဒေါ်ခင်သန်းဝင်း လှိုင်စာဖြေဌာနနှင့် အဘိဓမ္မာစာမေးပွဲအသီးသီးတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ထူးချွန်ဆုရသူ သင်တန်းသား သင်တန်းသူလေးဦး၊ ခရိုင်/မြို့နယ်အဆင့် ထူးချွန်ဆုရရှိသူကိုးဦးတို့အတွက် ဆုထူးပန်အဘိဓမ္မာထွန်းကားပြန့်ပွားရေး အသင်းကြီးမှ အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင်အပ်ပါသည်။

ဆုထူးပန်အဘိဓမ္မာထွန်းကားပြန့်ပွားရေးအသင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

မသက်သက်မာ ၈/မကန(နိုင်)၂၄၃၅၄၃ ၏ဖခင် ဦးမာ(ခ) ဦးမောင်မောင်မာ ၈/မကန(နိုင်)၀၉၄၈၁၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမာ(ခ)ဦးမောင်မောင်မာ

အဆိုဝါသနာရှင်များ ဖိတ်ခေါ်ခြင်း

Belief Music Band မှ စီစဉ်သော **အမှတ်တရလက်ဆောင်** တေးစီးရီးအား အောင်မြင်စွာ ထုတ်လုပ်ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဒုတိယစီးရီးအား အဆိုတော်ကြီးများနှင့် မျက်နှာသစ် အဆိုတော်များ ပေါင်းစပ်၍ စီစဉ်လျက်ရှိပါသည်။ တစ်ကိုယ်တော်စီးရီးများလည်း စီစဉ်တီးခတ်ပေးလျက်ရှိပါသည်။ ပါဝင်သီဆိုလိုသူများ အသေးစိတ်သိရှိလိုပါက အမှတ် ၁၀၂၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် ရန်ကုန် ဖုန်း- ၀၉-၅၄၁၅၄၃၂၊ ၀၉-၄၂၀၀၆၂၆၇၁၊ ၀၉-၄၃၁၆၅၁၅၈တို့သို့ ဆက်သွယ်နိုင်ပါသည်။

အမည်ပြောင်း

ဦးဝင်းကျော်မျိုး၏သမီး သန်လျင် အထက(၃) သတ္တမတန်း (A)မှ မနှင်းအိမျိုးအား မနှင်းအိလွင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မနှင်းအိလွင်**

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်းမှ ကျော်မြင့်ဦး၏ အမည်မှန်မှာ မောင်မြင့်ဦးဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ဂုဏ်တန်ရပ်၊ မြေကွက်၊ ဦးပိုင်အမှတ် ၃၁၀၊ ဧရိယာ ၁ဒသမ၀၇၀ဧက၊ မြေကွက်တည်နေရာအမှတ် ၃၁၀၊ အမှတ်(၂)ရပ်ကွက်၊ လယ်ဝေးမြို့ရှိ ဦးမိုးကျော်-ဒေါ်သိန်းသိန်းတင် အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေအား ဦးမိုးကျော် ၉/လဝန(နိုင်)၁၁၂၂၀၃ (ဘ) ဦးစိန်ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံနှင့်မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးကျော်မြင့်၏သား ရေဦးမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေဠုကျော်အား မောင်ရှိုင်းကိုထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းကိုထက်

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆)ပါ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာတွင် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၅)၊ မြေကွက်အမှတ် ၁၆၃/က အစား ၁၆၃/ခ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမက(၁) ဗိုလ်ကုန်းကျောင်းမှ Grade 4 အောင်မြင်ခဲ့သော မခိုင်နှင်းပွင့်ဖြူအား မသျှင်ဘုဏ်းမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မသျှင်ဘုဏ်းမြင့်

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၃-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(ဃ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁၉)ဒေါ်ကျင်လှ၏ အမည်ပြောင်းတွင် မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်)၀၅၉၅၈၆ အစား ၁၂/ဥကတ(နိုင်)၀၅၉၅၈၉ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ကြောင်း

စစ်တွေမြို့၊ (ဘ)ဦးဦးကျော်ဇော၏သား မောင်မြသိန်း၏ ၁၁/စတန(နိုင်)၀၇၇၉၃၉နှင့် မောင်ကျော်သိန်းခိုင်သည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁၂-၈၃ ဖြစ်ပါသည်။

ဆုထူးပန်အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ခြင်း

၂၀၁၃ ခုနှစ် ဆုထူးပန်အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာ)၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်ကိုယ်တိုင် ဦးစီး၍ ဆုထူးပန်အဘိဓမ္မာနည်းပြ ဆရာ၊ ဆရာမများဖြင့် မေလဒုတိယနှင့် တတိယပတ်များအတွင်း စတင်ဖွင့်လှစ်ကာ ဓမ္မဒါနသင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၅၈၅၇၂၆၊ ၀၉-၅၁၁၁၂၄၊ ၀၉-၇၃၂၀၇၂၄၁၊ ၀၁-၅၄၈၄၈၁ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းဖွင့်လှစ်မည့်နေရာများ

၁။ ငါးထပ်ကြီးဘုရားတန်ဆောင်း၊ ဗဟန်းမြို့နယ်
၂။ ကျန်းမာရေးဓမ္မာရုံ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်
၃။ အင်းလျားရွာသစ်ကျောင်းတိုက်၊ ကမာရွတ်မြို့နယ်
၄။ ဇေယျာဝတီပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်
၅။ အရှေ့ပိုင်းသုဓမ္မာဓမ္မာရုံ၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
၆။ သာစုကာရီဓမ္မာရုံ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်
၇။ ဓမ္မရက္ခိတဓမ္မာရုံ မာန်ပြေ ၉လမ်းထိပ်၊ သာကေတမြို့နယ်
၈။ သာသနာ့ရောင်ခြည်ဓမ္မာရုံ၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
၉။ မြို့မအထက်တန်းကျောင်း၊ လှည်းကူးဈေးရှေ့၊ လှည်းကူးမြို့နယ်

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ရေမရှား၊ ငွေမရှားတဲ့ ကျောက်တန်းရွာကလေး

မင်းဘူး မေ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၏ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် ကျောက်တန်းကျေးရွာရှိပြီး ဥယျာဉ်ခြံမြေများ၊ စိုက်ပျိုးခင်းများနှင့် စိုပြည်လှပလျက်ရှိသည်။

ကျောက်တန်းကျေးရွာသည် အိမ်ခြေ ၆၀၀ ခန့်ရှိပြီး မြေနိမ့်ပိုင်း၌ တည်ရှိသည်။ အိမ်တိုင်းလိုလို ရေတွင်းရှိပြီး လျှပ်စစ်မီးလည်းရသည်။ "ဒီရွာမှာ ရေတွင်းတူးရင် ကိုးတောင် ၁၀ တောင်ဆိုရင် ရေထွက်တယ်" ဟု ဒေသခံရွာသားတစ်ဦးက ပြောကြားသည်။

ဥယျာဉ်ပိုင်ရှင်တစ်ဦးက "ဒီရွာမှာက ရေအခက်အခဲမရှိတော့ စိုက်ပျိုးတဲ့ဥယျာဉ်ခြံမြေတွေ ပေါတယ်။ ကျွန်တော့်ခြံထဲမှာဆိုရင် သရက်ပင်တွေရှိတယ်၊ မချစ်စု၊ ရွှေဖလား၊ မန္တလေးရင်ကွဲနဲ့ မြောက်ခေါင်းရှိတယ်။ သရက်သီးပေါ်ချိန်မှာ သေတ္တာနဲ့ရိုက်ပြီး မင်းဘူးနဲ့မကွေးဈေးကွက်ကိုပို့တယ်။ မချစ်စုဆိုရင် တစ်လုံး ၇၀ ဝန်းကျင်ဖောက်သည်ဈေးပေးတယ်၊ သဘော်စိုက်ပြီး ထိုင်ဝမ်မျိုးနဲ့ မြန်မာမျိုးတွဲပြီးစိုက်တယ်၊ ထိုင်ဝမ်သီးက အလုံးလှပြီးကြီးတယ်၊ စားရင်အချိုပေါ့တယ် လေးလေးပင်ပင်မရှိဘူး၊ ဖျော်ရည်သမားတွေ အသုံးများတယ်၊ ခြံကိုလာဝယ်ရင် တစ်လုံး ကျပ် ၇၀၀ ကနေ ကျပ် ၁၀၀၀ ဈေးရှိတယ်၊ မြန်မာသဘော်သီးကတော့ စားတဲ့အခါ လေးလေးပင်ပင်ရှိတယ်။ ချိုတယ်။ ခြံလာဝယ်ရင် တစ်လုံး ၄၀၀-၅၀၀ ဈေးရှိတယ်"ဟုရှင်းပြသည်။ထို့အပြင် ဥယျာဉ်များထဲ၌ ခဝဲစိုက်ခင်း၊ ရုံးပတီ၊ ဆူးပုပ်၊ ကင်ပွန်းချဉ်၊ မြင်းခွာရွက်နှင့် ပူစီနံ စသောမီးဖိုချောင်သီးနှံများလည်း စိုက်ပျိုးထားသည်။

ကျောက်တန်းကျေးရွာတွင် ရာသီအလိုက်စိုက်ပျိုးသော သီးနှံများမှာ "မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲကြီးတို့ ဖြစ်ကြသည်။ ထို့အပြင် ကျောက်တန်းရွာဝန်းကျင်တွင် ပြောင်းဖူးစိုက်ခင်းများကိုလည်း တွေ့ရသည်။

ထိုင်ဝမ်ပြောင်းကိုအစိုက်များတယ်၊ ပြောင်းဖူးက ပေါ်ခါစဆိုရင် တစ်ဖူး ၈၀-၁၀၀ အထိရတယ်၊ ခုနောက်ပိုင်းမှာ ၅၀-၆၀ လောက်ပဲ ဈေးရှိတော့တယ်၊ မကွေးနဲ့ မင်းဘူးဈေးကွက်ကို တင်ပို့ပါတယ်။ ခုနောက်ပိုင်းမှာ ပြောင်းစိုက်တာနည်းလာတယ်။ ပြောင်းက လေးလအထိ စောင့်ရတယ်၊ ရုံးပတီသီးကတော့ တစ်လခွဲ နှစ်လလောက်နဲ့ ငွေပေါ်တယ်၊ ဒါကြောင့် ရုံးပတီသီးကို အစိုက်များလာတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျောက်တန်းရွာကလေးသည် မင်းဘူးမြို့နှင့် သိပ်မဝေး တစ်မိုင်ခန့်သာရှိလိမ့်မည်။ ထို့ကြောင့် ရွာကလေး၌ မြို့ပြ၏အငွေ့အသက်များကိုတွေ့ရသကဲ့သို့ ရွာအနောက်ပိုင်းရောက်လျှင်မူ ဥယျာဉ်ခြံမြေများ၊ စိုက်ခင်းများ၊ ပန်းခင်းများနှင့် ကျေးလက်၏သဘာဝအလှများကို ခံစားရပြန်သည်။ ထို့ကြောင့် ရေမရှား၊ ငွေမရှားသည့် ကျောက်တန်းရွာ ကလေးဟုသာ တင်စားခေါ်ဝေါ်လိုက်ချင်ပါတော့သည်။

မကွေးလှမြင့်

ပြည်တွင်းသတင်း

ထူးချွန်လူရည်ချွန်များ ပြည်ပနိုင်ငံသို့ လေ့လာရေးစေလွှတ်မည်

ပညာရေးဝန်ကြီးဌာနမှ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူလေးများအား လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းစီမံကိန်းကို ၁၉၈၈ ခုနှစ် နောက်ပိုင်းမှအစပြု၍ ရပ်နားခဲ့သည်။

ယခု ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ပြန်လည်စတင်ကာ ပြန်လည်ရွေးချယ်ပြီး အပန်းဖြေလေ့လာရေးခရီး(ပြည်တွင်း)အစီအစဉ်များ ပြန်လည်အကောင်အထည် ပေါ်လာပြီဖြစ်သည်။

တစ်နိုင်ငံလုံးမှ ဆန်ခါတင်ရွေးချယ်သော လူရည်ချွန်ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်အား သုံးသုတ်ခွဲလျက် တက္ကသိုလ်ဝင်တန်း လူရည်ချွန်များအား ငွေဆောင်ကမ်းခြေ၊ နဝမတန်းလူရည်ချွန်များအား အင်းလေးကန်ဒေသနှင့် ဝန်းကျင်၊ အဋ္ဌမတန်းလူရည်ချွန်များအား ပုဂံဒေသများသို့ နွေရာသီလေ့လာရေး အပန်းဖြေခရီးစဉ်များအဖြစ် ပို့ဆောင်ပေးခဲ့သည်။

ထို့အပြင် ထိုလူရည်ချွန်များအနက်မှ ပို၍ထူးချွန်ထက်မြက်သော လူရည်ချွန်မောင်မယ်များအား ထပ်မံစိစစ်ရွေးချယ်ပြီး ပြည်ပနိုင်ငံလေ့လာရေးခရီးစဉ်အဖြစ် ပို့ဆောင်ပေးသွားဦးမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် အခြေခံပညာကဏ္ဍ အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲမှ သိရသည်။

လူရည်ချွန်များအား ပြည်ပနိုင်ငံသို့ လေ့လာရေးစေလွှတ်ခြင်းကို၂၀၁၃ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများထွက်ပြီးမှသာ စီစဉ်မည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ထပ်မံအတည်ပြုပြောကြားခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အဆင့်မြင့်စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းဖွင့်

စစ်ကိုင်း မေ ၅

သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ကြီးမှူး၍ အဆင့်မြင့်စာရင်းရေး၊ စာရင်းကိုင်နှင့်စာရင်းစစ် (Grade II level) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးစိန်မောင်းက အမှာစကားပြောကြားပြီး သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တာဝန်ခံပါမောက္ခချုပ် ဒေါက်တာရီရီဝင်းမှ သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းကြည်၊ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ ဥက္ကဋ္ဌ ဦးဌေးလှိုင်၊ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)မှ ဒုတိယပါမောက္ခချုပ် ဦးအောင်ခိုင်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဒေသခံမြို့မိမြို့ဖများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ သမဝါယမဦးစီးဌာနများမှ ဦးစီးအရာရှိနှင့် ဦးစီးမှူးအဆင့် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၂၈ ရက်ထိ သမဝါယမတက္ကသိုလ်/ကောလိပ်များတွင် ရက်သတ္တလေးပတ်ကြာ တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၇)**

ပညာမြင်းမိုရ်၏ စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆
ပညာမြင်းမိုရ်
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆင့်မြင့်ဘော်ဒါ
၅-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အပ် လ က် ခံ ပါ ပြီ ။

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်တက်ရန် မလိုတစ်နေရာတည်းတွင် ပြီးပြည့်စုံသည့် ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။
တန်းခွဲသစ် မေလဆန်းစမည်။
❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသားဆောင် - ၂၉၇၊ ဂန္ဓာရီပ်သာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသူဆောင် - ၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 73004720, 09 5001158, 09 5002947, 01-562830

အင်္ဂလိပ်စကားပြော၃လ(၁၀၀၀၀/ကျပ်)
ဂျပန် | အင်္ဂလိပ် | တရုတ်
ကိုရီးယား | | မလေး
Reading+Writing
Practical English
4-Skills
EVER TOP ဘာသာစကားသင်တန်းကျောင်း
Ph:098770096
0973040610

ခရီးသင်္ဂြိုဟ်ပြင် ... ခရုသင်းသမင်ဖြူ
ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)
01-394727, 01-399426
09-73009994
01-612443 09-73017656

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကြံခင်းမြို့နယ်၊ ကြံတောကျေးရွာအုပ်စု၊ ကိုးတောင်(ရွာမ)နေ ကျွန်တော်၏သားဖြစ်သူ မောင်သိန်းဇော်ဝင်း ၁၄/ကခန(နိုင်)၀၇၅၂၄၃ သည် ၎င်း၏ဆန္ဒဖြင့် နေအိမ်မှဆင်းသွားခဲ့ပြီး မိဘဆိုဆုံးမမှုကို လုံးဝ မနာခံသည့်အပြင် နည်းမျိုးစုံဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုမူခြင်း၊ မိဘအားရန်သူသဖွယ် ဆက်ဆံကြိမ်းမောင်းခြင်းများ မကြာခဏပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်သိန်းဇော်ဝင်း၏ကိစ္စအဝဝနှင့် ပတ်သက်၍ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးမြင့်သိန်း ၁၄/ကခန(နိုင်)၀၀၇၁၀၃
ကြံခင်းမြို့နယ်၊ ကြံတောအုပ်စု၊ ကိုးတောင်(ရွာသစ်)

ဦးဟာမတ်၊ ဦးမောင်ကိုနှင့် ၎င်းတို့၏အမွေစားအမွေခံများ ဆက်ခံခွင့်ရှိသူများ သိရှိစေရန်

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ (၈)လမ်း၊ အမှတ် (၃/၃၇)နေ ဒေါ်မြင့်မြင့်ကြည် ၉/ပမန(နိုင်) ၀၁၉၆၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ပျဉ်းမနားမြို့၊ ရွှေချီအုပ်စု၊ ချမ်းအေးအရှေ့၊ အကွက်အမှတ် (၁၃)၊ ဦးပိုင်အမှတ် ၆၈/ခဟုအမည်တွင်သည့် မြေကွက်ကြီးကို မူလအမည်ပေါက်ပိုင်ရှင် ဦးဟာမတ်ထံမှ ဦးမောင်ကိုက ဝယ်ယူခဲ့ပြီး ၃-၁-၂၀၀၉ရက်တွင် အဆိုပါမြေကွက်ကြီး၏တောင်ဘက်ပိုင်း (၂၃×၇၃)ပေ ပတ်လည်ကျယ်ဝန်းသည့်မြေနှင့် အဆိုပါမြေ၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမောင်ကိုထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်မြင့်မြင့်ကြည် ၉/ပမန(နိုင်)၀၁၉၆၇၅က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် လူကြီးမင်းတို့ထံမှဝယ်ယူခဲ့သော အထက်ဖော်ပြပါမြေကွက်ကို မြေယာစီမံခန့်ခွဲမှုကိစ္စများဆောင်ရွက်ရန် တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့်အတွက် လူကြီးမင်းတို့သည် ၁၀-၅-၂၀၁၃ရက် နောက်ဆုံးထားပြီး လာရောက်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်းတို့အနေဖြင့် ဤအကြောင်းကြားစာပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

၁။ ဒေါ်အိန္ဒယ်ကျော် (စဉ်-၈၅၈၃) တရားလွှတ်တော်ရှေ့နေ
၂။ ဒေါ်ခိုင်လင်းမူ (စဉ်-၃၂၆၅၅)
၃။ ဦးဇင်ဝင်း (စဉ်-၃၅၅၂၈)
၄။ ဒေါ်မေသူမြင့်ဆွေ (စဉ်-၄၀၆၂၁)
၅။ ဒေါ်ဝင်းမြတ်စိုး (စဉ်-၄၀၈၇၄)
၆။ ဒေါ်ယဉ်မင်းမြင့်ဆွေ (စဉ်-၂၅၉၅၈)
အထက်တန်းရှေ့နေများ

ဦးလှဟန် (စဉ်-၃၅၀၈) တရားလွှတ်တော်ရှေ့နေ
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ရှေ့နေ
အမှတ်(၁၄/၈၅)၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆၊ ၀၆၇-၂၁၂၀၈

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ ခြံအမှတ် ၁၄၅နေ ဦးအောင်ဝင်း-ဒေါ်လှလှမေတို့၏သမီးကြီး မယဉ်မင်းသူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ဗဟန(နိုင်)၁၀၇၇၆၃ ကိုင်ဆောင်သူသည် ၁၀-၄-၂၀၁၃ရက်တွင် မိဘများ သိမ်းဆည်းပေးရန်အပ်နှံထားသော ရွှေထည်လက်ဝတ်ရတနာများနှင့် ငွေများကို တိတ်တဆိတ်ယူဆောင်ကာ နေအိမ်မှထွက်ခွာ၍ ဖြားယောင်းသွေးဆောင်သူနောက်သို့လိုက်သွားကာ မိဘများပူပန်မှုဖြစ်အောင်ပြုလုပ်ခဲ့ပြီး ၂၂-၄-၂၀၁၃ရက် ညအချိန်တွင် မိမိသဘောအလျောက် နေအိမ်မှထပ်မံထွက်ခွာသွားပါသဖြင့် မိဘဆွေမျိုးများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘဆွေမျိုးများအရှက်ရစေရန် ပြုမူဆောင်ရွက်သွားခြင်းတို့ကြောင့် ၂၂-၄-၂၀၁၃ရက်မှစ၍ မယဉ်မင်းသူအား အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျိုးကိုမှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
ဦးအောင်ဝင်း-ဒေါ်လှလှမေ

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာ ခန့်ထားရန်)
ကျောက်ထုတ်လုပ်ရေးနှင့်ကျောက်မီးသွေးထုတ်လုပ်ရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် Mining Engineer (၁)ဦး အလိုရှိသည်။
၁။ B.E (Mining) သို့၊ B.Tech (Mining) သို့၊ A.G.T.I (Mining) ဘွဲ့ရဖြစ်ရမည်။
၂။ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက် ရှိရမည်။
၃။ အသက် (၃၀)နှစ်အထက် ဖြစ်ရမည်။
၇။ နယ်တွင် အမြဲတမ်းနေထိုင်နိုင်သူ၊ Mine Site တွင် နေထိုင်နိုင်သူဖြစ်ရမည်။
၈။ GPS နှင့် ဆက်စပ် Software အသုံးပြုတတ်သူကို ဦးစားပေးမည်။
(ရန်ကုန်)

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ကြော်ငြာရေစီးကြောင်းနှင့်စတိုင်သစ်ကြော်ငြာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

စာရေးသူ နှစ် ၆၀ သက်တမ်းတွင် ငယ်ငယ်ကတည်းက စီးပွားရေးနှင့် ပတ်သက်သော ကြော်ငြာပုံစံအမျိုးမျိုးကို တွေ့မြင်ခဲ့ဖူးသည်။

အဓိကကတော့ ဆေးကြော်ငြာ၊ ပစ္စည်းကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာများပင်ဖြစ်သည်။ ဆေးကြော်ငြာများဆိုပါက ကြော်ငြာအမည်ကို လိုက်၍ ဝတ်စားဆင်ယင်မှုပြုကြပြီး ရပ်ကွက်များအတွင်း ဈေးများအတွင်းသို့ လှည့်လည်ကြော်ငြာခြင်းမျိုးလည်း ရှိခဲ့သည်။

ဥပမာ "ဇော်ဂျီ"ဆေးဖြစ်ပါက အနီရောင်ဇော်ဂျီပုံစံအင်္ကျီ၊ ဘောင်းဘီ သို့မဟုတ် တောင်ရှည်ကို ခါးတောင်းကျိုက်ဝတ်ကြသည်။ ဦးခေါင်းတွင်လည်း အနီရောင်ဖော့လုံးစွပ်နှင့်၊ ထိုဖော့လုံးတွင် နားရွက်အဖုံးနှင့် လက်ထဲတွင်လည်း ကြိမ်လုံးကို ဆေးအနီသုတ်ကာ ဆေးတောင်ဝှေးအဖြစ် ကိုင်ထားကြသည်။ သံဖြူပြားဖြင့် ပြုလုပ်သော ဇော်ဂျီတံဆိပ်ပါ ဆေးပုံးကိုပခုံးထက်တွင်လွယ်လျက် လမ်းတကာ၊ အရပ်တကာသို့ လှည့်လည်ပြီး မိမိကုန်ပစ္စည်းကို လိုက်လံကြော်ငြာရောင်းတတ်ကြသည်။ ထို့အတူပင် ဝိဇ္ဇာဆေး၊ ဂျိုကာဆေး၊ မင်းသားကြီးဆေးစသည်တို့ကလည်း အမှတ်တံဆိပ်ပါအတိုင်း လူကိုယ်တိုင် ဝတ်ဆင်ကြော်ငြာတတ်ကြသည်။

ထို့အပြင် အမျိုးသားတချို့ကလည်း ဟန်ပါပါ အသံသာသာ အဆိုများဖြင့် "ယူကြဦးမလားဟေ့" ဆိုပြီး တစ်ခေတ်ဆန်း ကြော်ငြာဝင်ခဲ့ကြပြန်သည်။ ဈေးပေါသော စက္ကူထုပ် ရှောက်သီးဆေးပြားအထုပ်လေးများကို သီချင်းသံုးပုဒ်လျှင် ငွေငါးကျပ်ဖြင့် လိုက်လံကြော်ငြာရောင်းခဲ့ကြသည်။ ဆေးထုတ်လုပ်သူများက ၎င်းတို့ ဆေးအမှတ်တံဆိပ်ကို ပြည်သူများ လက်အတွင်းသို့ စရိတ်သက်သာသောနည်းဖြင့် ကြော်ငြာဝင်ခဲ့ခြင်းဖြစ်သည်။

ထိုခေတ်က ၎င်းတို့ရောင်းသော ရှောက်သီးဆေးပြားအထုပ်လေးများမှာ အိမ်ဆိုင်များ၌ တစ်ထုပ်လျှင် ငွေငါးမူးမျှသာရှိသည်။ လမ်းတစ်လျှောက်ကလေးများက အထက်ပါ အဆိုရှင်များနောက်မှ တစ်ပြုံကြီးပါသွားတတ်ကြသည်။ သူတို့လာလျှင် အရပ်ထဲ၌ ပွဲစည်ခဲ့ကြသည်။

တစ်ဖန်ရေဒီယိုခေတ်၊ လေလှိုင်းသံကြော်ငြာများပင်ဖြစ်သည်။ ထိုစဉ်ကလည်း "စိတ်အင်အားကို တိုးပွားစေရန် အရသာရှိသော အိုဗာတင်းကို သောက်ပါ" စသည်တို့က ငယ်စဉ်ဘဝကတည်းက ယနေ့တိုင် နားထဲတွင် စွဲကျန်ရစ်ခဲ့သော ကြော်ငြာများပင် ဖြစ်သည်။

၁၉၈၈ ခုနှစ် မတိုင်မီက အိမ်တိုင်း၌ ယခုကဲ့သို့ ရုပ်မြင်သံကြားစက်များမရှိသေးပေ။ ယင်း၏ ရှေ့ကာလ ၁၉၈၀ ခုနှစ်လောက်က ဖြစ်မည်ထင်ပါသည်။ နဖူးကျယ်ကျယ်မြင်လျှင်ပင် ကြော်ငြာလာအရေးခံရမည့်ကြသည်။ မှတ်မိခဲ့သည်။ တရုတ်ဝူခုံးဇာတ်လမ်းတွဲကြီးပြစဉ်က ဖြစ်သည်။ ဇာတ်လမ်းတစ်ဖြတ်ကို ကြော်ငြာ ၁၅ ခုမျှ ဝင်သွားသည်ကို လက်ချိုးရေတွက်ထားမိသည်။ ထိုစဉ်က မင်းသမီး

ခေတ်။ တိုက်နံရံကျယ်ကြီးများတွင် ပန်းချီဆေးဖြင့် ကြော်ငြာကြီးများကို ရန်ကုန်မြို့အနှံ့ တွေ့ခဲ့ဖူးပါသည်။ ထိုအထဲမှ နဝရတ်ရေစင်သွေးဆေး ကြော်ငြာကြီးမှာ နေရာအယူဆုံးဟု စာရေးသူမြင်မိသည်။

ယင်းနောက် ရုပ်မြင်သံကြားကြော်ငြာများခေတ်စားလာသည်။ ကလေးများ အကြိုက်ဆုံးဖြစ်သည်။ ငွေကြေးအကုန်အကျများသော်လည်း ထိရောက်မှုရှိသည်ဟု ဆိုရမည်ပင်။ ဇာတ်ကားကောင်းလျှင် ကြော်ငြာအားကောင်းများထဲတွင် အကယ်ဒမီ ထက်ထက်မိုးဦးက ကြော်ငြာအရိုက်ရဆုံးပင်။ အချို့သော ကြော်ငြာပစ္စည်းပိုင်ရှင်များက ထက်ထက်မိုးဦးနဲ့ ကြော်ငြာမှ "ပေါက်" သည်။ ရောင်းအားကောင်းသည်ဟု ပင်ဆိုကြသည်။ သို့သော် ခေတ်စကားတစ်ခုကျန်ခဲ့သည်။ ဇာတ်လမ်းကောင်းနေဆဲ ကြော်ငြာထိုးပြလျှင် "အရေးထဲ ကြော်ငြာက ဝင်လာပြန်ပြီ" ဆိုသည့် ခေတ်စကားပင် ဖြစ်သည်။

ယခုနောက်ပိုင်း ရုပ်မြင်သံကြား ကြော်ငြာများနှင့်အပြိုင် ဗီနိုင်းများ ပေါ်လာပြီးနောက် လွယ်ကူသော ကြော်ငြာဘုတ်ကြီးများအဖြစ် အားပြိုင်လာခဲ့ကြသည်။ ဗီနိုင်းကြော်ငြာများ ခေတ်စားလာခြင်းနှင့်အတူ ရုပ်ရှင်ရုံပိုစတာကြီးများရေးသော ပန်းချီဆရာကြီးများ လုပ်ငန်းမှေးမှိန်လာခဲ့သည်။ ကွန်ပျူတာခေတ်ဖြစ်၍ မင်းသားမင်းသမီးပုံကို ဓာတ်ပုံရိုက်ကာ ကွန်ပျူတာနှင့်ပင် ဒီဇိုင်းဆင်၍ ဗီနိုင်းဘုတ်ထောင်လိုက်ကြသည်။

နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာသည်နှင့် အမျှ ကုမ္ပဏီများခေတ်ကောင်းလာပြီး ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်းများတွင် ကြော်ငြာများ အားကောင်းလာခဲ့ကြသည်။ စရိတ်စကများလည်း မြင့်မားလာခဲ့ကြသည်။ တစ်ပိုင်တစ်နိုင်စီးပွားရေးကြော်ငြာများအတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာခဲ့သည်။

ယခုနောက်ပိုင်း၌ လူစည်ကားရာနေရာ လမ်းဆုံလမ်းခွများ ဘတ်စ်ကားဂိတ်များ၌ လူအင်အားကိုသုံး၍ လက်ကမ်းကြော်ငြာလေးများ ဝေငှခြင်းစနစ်ကို အသုံးပြုလာသည်ကို တွေ့ရသည်။ ထိုအထဲမှ တစ်ပိုင်တစ်နိုင် စီးပွားရေးကြော်ငြာတစ်ခုကို ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက တွေ့လိုက်ရသည်။ စာရေးသူကဲ့သို့ပင် အခြားသောသူများကပါ စိတ်ဝင်တစားအကြည့်များ စူးရှခဲ့ကြသည်။ ကြော်ငြာမှုအောင်မြင်သည်ဟု ပြောရမည်ပင်။

အလှပြင်ဆိုင်တစ်ဆိုင်၏ ကြော်ငြာဖြစ်သည်။ ဆိုက်ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ဖြည်းညင်းစွာနင်းလျက် လက်တစ်ဖက်ကလည်း ကြော်ငြာစာရွက်များကို ဝေငှသွားသည်။ ဗီနိုင်းကြော်ငြာဘုတ် သုံးချပ်ကို ဆိုက်ကား၏ ဘေးဝဲယာနှင့် အနောက်ဘက်တွင် အလှဆင်ချိတ်ဆွဲထားသည်။ စပီကာငယ်လေးဖြင့် ခေတ်သီချင်းကိုလည်း ညင်သာစွာ ဖွင့်သွားသည်။ လက်ဖက်ရည်ဆိုင်ထိုင်နေသော လူငယ်များက ပြောကြသည်။ "စတိုင်သစ်နဲ့ကြော်ငြာ" ဟု။

ဓာတ်ပုံရိုက်ပြီး စနည်းနာကြည့်ရာ လုပ်ငန်းရှင်မှာ စမ်းချောင်းမြို့နယ်အတွင်းမှဖြစ်ပြီး ၎င်း၏လုပ်ငန်းအတွက် မြန်မာတစ်ပြည်လုံးသို့ ကြော်ငြာစရာမလို၊ ထိစပ်မြို့နယ်များဖြစ်သည့် အလုံနှင့် ကြည့်မြင်တိုင်မြို့နယ်များက သိလျှင်ပင် အဆင်ပြေပြီဟုဆိုသည်။

ဆိုက်ကားဆရာတစ်ဦးအတွက် လုပ်အားခတစ်နေ့ ငွေကျပ် ၇၀၀၀ မျှသာပေးရပြီး နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ် နှစ်ကြိမ်သာ ကြော်ငြာပေးရကြောင်း သိရသည်။ အဖိုးနည်းဝန်ပါဆိုသည့် နည်းဖြင့် ဆောင်ရွက်နိုင်သော ကြော်ငြာတစ်ခုဖြစ်သည်။ လူအများစိတ်ဝင်တစား ကြည့်ရှုခဲ့ကြသည်။ သို့အတွက် ကြော်ငြာရေစီးကြောင်း၌ မျောပါလာသော "စတိုင်သစ်ကြော်ငြာ" တစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

သီတဂူရွှေပြည်ဟိန်းဓာကျူဒါန ဆေးရုံ မေလ (၁၂၊ ၁၈၊ ၁၉) (၂၃) ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

ဦးစိုးဝင်း + ဒေါ်နီလာရွှေ မိသားစု၊ ဧရာပင်အိမ်ရာ၊ နေပြည်တော်	၅၀၀၀၀၀	Dr.ဒေါ်ကြည်ကြည်ဝင်း၊ တောင်ဥက္ကလာ	၃၀၀၀၀၀	မမိုင်းမိုမိုအောင် (မွေးနေ့ဒါန)၊ တန်တော်မြိုင်လမ်း၊ သုဝဏ္ဏ	၂၀၀၀၀၀
ဦးဌေးလွင် (မွေးနေ့ဒါန) + ဒေါ်အေးအေးမြင့်၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်း	၅၀၀၀၀၀	Dr.ဒေါ်ခင်တင့်၊ ရွှေတောင်ကြားရိပ်သာ၊ ဗဟန်းမြို့နယ်	၂၀၀၀၀၀	(မိခင်ဒေါ်တုတ်) ဦးဘဆင့် + ဒေါ်သက်သက်နွယ်၊ စမ်းချောင်း	၂၀၀၀၀၀
ဦးကျော်မောင် + ဒေါ်ဖုံးကြည်မိသားစု၊ မြို့သစ် (၂)လမ်း၊ ကျောက်မြောင်း	၃၀၀၀၀၀	ဦးကျော်မြင့် + ဒေါ်အေးအေး မိသားစု၊ ဗိုလ်စောနောင်လမ်း၊ ဒဂုံအရှေ့	၁၄၅၀၀၀	ဦးဖုံးစိန် + ဒေါ်မြင့်မြင့်ခိုင် (မွေးနေ့ဒါန)၊ ၁၃-လမ်း၊ လမ်းမတော်	၂၀၀၀၀၀
Dr.သက်လင်းထွန်း+Dr.စုရှိန်း သားသမီးနှင့်ထွန်းမိသားစု USA	၂၀၀၀၀၀	ဗိုလ်ကြီးတင်ဝေ(ငြိမ်း)+ဒေါ်သောင်းသောင်းသမီးဒေါ်ခင်နှင်းမြူမင်္ဂလာဒုံ	၁၀၀၀၀၀	ဗိုလ်မှူးကြီးမျိုးသန်းအောင်(ငြိမ်း) Dr.တင်နွယ်ဝေ (၃၃-နှစ်ပြည့်မင်္ဂလာ)	၁၀၀၀၀၀
ဒေါ်ကြင်မြိုင်မိသားစု၊ မရမ်းရွာ၊ ပန်းတနော်မြို့နယ်	၁၀၅၀၀၀	မလှဝင်းလွင်ထိုက်(မွေးနေ့ဒါန)၊ အင်းဝလမ်း၊ ၆-ရပ်ကွက်၊ တ/ဥက္ကလာ	၁၀၀၀၀၀	ဒေါ်ခင်စီ၊ သမီးမအေးမြွှမ်း၊ မြေဖွဲ့ဝင့်ထယ်၊ ကျိုက္ကဆံ၊ တာမွေ	၁၀၀၀၀၀
ဒေါ်အိအိသီ (အ.မ.က -၅)၊ ကြည့်မြင်တိုင်	၁၀၀၀၀၀	ဦးကြည်ဝေ(မွေးနေ့ဒါန)+ဒေါ်စန်းစန်းဝေ၊ ပျားရည်ကန်၊ တာမွေ	၁၀၀၀၀၀	ဦးရွှေသိန်း + ဒေါ်ရွှေရွှေကြည်၊ သမီး Dr.ဆွေဆွေခင်လဲ၊ တ/ဥ	၁၀၀၀၀၀
ဦးအောင်မျိုး+ဒေါ်သက်သက်မွန်(မွှင်ဦးဇိနယ်စက်ိုး) ၁၂၄ရပ်ကွက်၊ဒဂုံ/အရှေ့	၁၀၀၀၀၀	ဦးစံရွှေ သီရိရတနာရပ်ကွက်၊ တံမြက်ဘိုကန်၊ မှော်ဘီ	၁၀၀၀၀၀	ဦးစိုင်းလင်းဦးမိသားစု၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်	၁၀၀၀၀၀
မေတ္တာမွန်မွေးရေး မှုမှုတလူလယ်အဖွဲ့ ၁၀၃ ရပ်ကွက် တ/ဒဂုံ	၁၀၀၀၀၀	ဦးအောင်မြင့်+ဒေါ်ခင်စိုးကြည်၊ ဘော်စင်လမ်း၊ သုဝဏ္ဏ	၁၀၀၀၀၀	မောင်လှိုင်မှုဦး (မွေးနေ့ဒါန)၊ မင်းကွန်းလမ်း၊ ၆၅ ရပ်ကွက်၊ တ/ဒဂုံ	၁၀၀၀၀၀
မိတ်ဆွေကောင်းနာရေးကူညီမှုအသင်း၊ ၂၃ရပ်ကွက် တ/ဒဂုံ	၁၀၀၀၀၀	ဒေါ်ယဉ်ပု (မွေးနေ့ဒါန)၊ သမိမစုရမြတ်၊ မယ်လေးကုန်းလမ်း၊ လှိုင်မြို့နယ်	၁၀၀၀၀၀	ဒေါ်လှအုန်း၊ တိုက် ၅၉၊ ဧရာပင်အိမ်ရာ၊ နေပြည်တော်	၁၀၀၀၀၀
ဦးကြူး+ဒေါ်ရင်ရင်၊ သမီးDr.သီတာကြူ၊ ယောမင်းကြီးလမ်း၊ ဒဂုံ	၇၀၀၀၀	ဒေါ်ဖုံးရီ (မွေးနေ့ဒါန)၊ အမှတ်(၄၃) မွေးမိဠ္ဌာလမ်း၊ ကျောက်မြောင်း	၁၀၀၀၀၀	ဒေါ်ခင်လှမွန်၊ ဒေါ်လှယဉ်၊ ကျိုက္ကဆံ၊ ဗဟန်း	၈၀၀၀၀
ဦးဌေးတင့် + ဒေါ်မိမိခိုင်၊ ကျော့ကာစီမိသားစု၊ သုမင်္ဂလာလမ်း၊ သင်္ဃန်းကျွန်း	၅၀၀၀၀	ဒေါ်စုရွှာအောင်၊ ဒေါ်သွန္တာဝေ၊ မခင်မြ၊ ဒေါ်အမာ၊ လမ်းမတော်	၅၀၀၀၀	ဦးရောင်စီ + ဒေါ်ရွှေရွှေ သားမောင်မင်းသန့်၊ ဧရာပင်အိမ်ရာ၊ နေပြည်တော်	၅၀၀၀၀
ဦးလှမောင်၊ စွန်းလွန်းလမ်းသွယ် (၁)၊ ဘောက်ထော်၊ ရန်ကင်း	၅၀၀၀၀	ဦးဝင်းမောင်+ဒေါ်ဝေ့ဝေ့၊ မစွမ်းခင်အောင်၊ မဆုခင်ထက်၊ ဒေါ်လှဲလှဲမိုင်	၅၀၀၀၀	ဗိုလ်မှူးစော်သိန်း(ငြိမ်း) +Dr.ဒေါ်ဝင်းတင့်၊ မေတ္တာလမ်း၊ တ/ဥက္ကလာ	၅၀၀၀၀
ဦးမြင့်သူ + ဒေါ်ခင်ခင်တင်မိသားစု၊ ဦးဘကျော်လမ်း၊ တာမွေလေး	၄၀၀၀၀	ကိုကျော်စွာထွန်း + မမေဦးထိုက်၊ အောင်သိဒ္ဓိလမ်း၊ မ/ဒဂုံ	၅၀၀၀၀	မိုးမောက် ဘုရင့်နောင်ဝန်ထမ်းများ စုပေါင်း (၁၁ကြိမ်)	၃၅၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာန–ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး(ဖုန်း–၅၄၁၄၉၃၊ ၀၉–၅၁၀၂၁၉၇) အရှင်ဓမ္မ၊ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZ Bank (Account No. 0071220029870)

A4 ကျောက် (၁)မျက်နှာ ၆.၅ ကျပ်

ဝိန်ရတနာ Riso၊ ဓာတ်ပုံ၊ ကွန်ပျူတာ

အမှတ်(၅၆)၊၃၂–လမ်း(အောက်)၊ Ph : 388115, 095102750,09 730 29969

Discount
50,000 kyat = 5% Discount
100,000 kyat = 5% Discount and Home Delivery

Print = 25 kyats

အစုံ(၁၀၀)နှင့်အထက် A4 ကျောက် (၁)မျက်နှာ ၆ ကျပ်

TAXI ယာဉ်မောင်းချင်သူများဆက်သွယ်နိုင်ပါသည်။

ယာဉ်အမျိုးအစား – Probox Van, Belta Saloon

ဆက်သွယ်ရန်လိပ်စာ – " ရွှေထားဝယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် "
အမှတ်(၁၈/အေ1)၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း – ၀၁-၅၄၂၁၁၁၊ ၀၁-၄၀၀၈၀၅၊ ၀၁-၇၀၀၉၁၆
၀၉-၅၁၂၂၀၇၂၊ ၀၉-၇၃၀၀၅၈၂၁၊ ၀၉-၇၃၂၀၅၈၄၅



လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ
ပညာရပ်ဆိုင်ရာ နိုင်ငံရေးဂျာနယ်

- မြန်မာ့အသွင်ကူးပြောင်းမှုဖြစ်စဉ်အတွင်း ရှာဖွေသင့်သည့်တရားမျှတမှု
- အကူးအပြောင်းကာလအတွင်း တရားဥပဒေစိုးမိုးမှု
- ကျောင်းသားအခွင့်အရေး
- ဥက္ကလင်းထက်၊ ကိုကိုကြီးနှင့် အမ်ချိုးဒီးကတ်စ်ပြုဇာတ်၊
- အကျဉ်းသားအခွင့်အရေး မိတ်ဆက်၊
- ပညာရေးအတွေးအခေါ် အယူအဆများ။

Myanmar Knowledge Society
MKS PUBLISHING
Tel: 01 387819, Mobile: 09 73066918
email: info.mksociety@gmail.com

ဂရိတ်ဝေါ

ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊
သွေးသားမမှန်ခြင်း ဝေဒနာများအတွက်

မီးယပ်အကိုက်အခဲပျောက်
မြဲကောရီ
အသားလှနုပျိုဆေး

နှစ်ပေါင်းများစွာကတည်းကပင် နှစ်ခြိုက်စွာ သုံးစွဲလျက်ရှိသော ဆေးဖြစ်ပါသည်။ လစဉ်လတိုင်းမှာ ဓမ္မတာလာစဉ် ဗိုက်ကိုက်၊ ခါးကိုက်၊ ဗိုက်အောင့်၊ မအီမသာစသည့် နာကျင်ကိုက်ခဲခြင်း ဝေဒနာများကို ယခုနာ ယခုသောက် ချက်ချင်းသက်သာပျောက်ကင်းစေပါသည်။ ဆေးတောင့် (၃) တောင့် မှ (၅) တောင့်ထိသောက်ပါ။

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊(၃)ရပ်ကွက်၊ ဘိုခြံလမ်း၊ အမှတ် ၆၀၉နေ (ယစ်မျိုးဝန် ဦးဘသင်-ဒေါ်ခင်သန်း)တို့၏သမီး၊(မြူနီစီပယ် စက္ကရီတရီ ဦးဘဟန်-ဒေါ်ရွှေဆင်)တို့၏သမီးချွေးမ၊ [ဗိုလ်မှူးကြီးညွန့်ဟန် (ငြိမ်း)]၏ဇနီး၊ (ဒေါ်ခင်သန်း၊ ဆလက၊ ငွေစာရင်း)၊ ရဲမှူးကြီးခင်ဟန်(ငြိမ်း)-(ဒေါ်ခင်ဆွေမြ)၊ (ဒေါက်တာမြင့်အောင်)-ဒေါ်ဥမ္မာဟန်တို့၏ညီမ/အစ်မ၊ ဦးသင်းထွဋ်ဟန်(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ (ဗိုလ်မှူးထူးအောင်ဟန်)-ဒေါ်ထွေးထွေးရီ(ဦးစီးအရာရှိ၊မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန)၊ဦးဌေးဝင်းအောင်(အထွေထွေမန်နေဂျာ၊ အမှတ်-၂၄၊ အကြီးစားစက်ရုံ၊ ဒဂုံ)-ဒေါ်လှစန္ဒာဟန်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့) ည ၁၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူးအား၍ ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သင်းသင်းဦး(ခ)ဒေါ်ဖြူဖြူ

အသက်(၇၆)နှစ်

ဗိုလ်မှူးသင်းထွဋ်ဟန်(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မာမာအောင်၊ ဗိုလ်မှူးဌေးဝင်းအောင်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ အမှတ် ၂၄၊ အကြီးစားစက်ရုံ၊ ဒဂုံ)-ဒေါ်လှစန္ဒာဟန်တို့၏မိခင် ဒေါ်သင်းသင်းဦး (ခ)ဒေါ်ဖြူဖြူသည် ၃-၅-၂၀၁၃ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်သင်တန်းအမှတ်စဉ်(၆၄)

သူငယ်ချင်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြင့်ဦး

Ph.D (Liverpool) M.R.S.H.A.R.IC (London)

ပါမောက္ခ(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်

ဂုဏ်ထူးဆောင်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်

အသက်(၇၁)နှစ်

ဆရာကြီး ပါမောက္ခ ဒေါက်တာမြင့်ဦးသည် ၂၄-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဓာတုဗေဒမိသားစု၊

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဒေါ်ခင်ကျော့စိန် B.A (Geography)

သ/မဦးစီး(ငြိမ်း)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တိုက် ၂၃၊ အခန်း ၂နေ (ဦးကျော်ဇံ-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးစိန်ဘိုး-ဒေါ်သိန်းသိန်း)တို့၏သမီးချွေးမ၊ ဦးအောင်နေထွန်း(စက်မှုကြေး/မြေ၊ငြိမ်း) MGS (Food) Co., Ltd.၏ဇနီး၊ ကိုစိုးလင်းထွန်း(Chatrium Hotel)၊ ကိုအောင်ကျော်မိုး(Daewoo E & P)တို့၏မိခင်၊ ဦးသိန်းဇံ-ဒေါ်ယဉ်ယဉ်လှတို့၏အစ်မသည် ၄-၅-၂၀၁၃ရက်(စနေနေ့)နံနက်၅း၄၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကင်းမြို့နယ်နေအိမ်မှကားများနံနက်၉း၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမိုးမြင့်အောင် (ထုတ်ဝေသူ၊ မြန်မာစပို့စပယ်ရှယ်ဂျာနယ်)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၆၂၊ ဘိုကလေးဈေးလမ်းနေ ဦးမောင်မောင်[ညွှန်ကြားရေးမှူး၊ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန၊ ဥက္ကဋ္ဌ(ဇီဝိတဒါန သံဃာ့ဆေးရုံ၊ အုပ်ချုပ်ရေးအဖွဲ့)၊ ဥက္ကဋ္ဌ (မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း)]၊ ဒေါ်လှတင့်(လယ်စိုက်ရှင်း၊ငြိမ်း)တို့၏သားလတ်၊ ၄၃လမ်း၊ အမှတ် ၄၈ နေ (ဦးမျိုးမင်း၊ ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ စစစ)-ဒေါ်ခင်စိန်ကြည်တို့၏သားသမက်၊ ဒေါ်ခင်မျိုးအေး(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ သာကေတမြို့နယ်)၏ခင်ပွန်း၊ မိုးပြည့်ခင် (ပီပီဘီကုမ္ပဏီ)၏ဖခင်၊ ဦးအောင်မျိုးတင့်-ဒေါက်တာခင်မြင့်ဝေ၊ ဒေါ်ခင်မမအောင်တို့၏ညီ/မောင်၊ ဦးအောင်စိုးတင့်[အမှုဆောင်အရာရှိချုပ်(Five Great Service Co., Ltd.)]-ဒေါ်သူဇာနိုင်၊ ဒေါ်တင်မမအောင်၊ ဒေါ်မိုမိုအောင်(Pretty Girl Fashion)တို့၏အစ်ကို၊ သုခင်၏ဘကြီးသည် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၄၃လမ်းနှင့် ဘိုကလေးဈေးလမ်း နေအိမ်တို့မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်မောင်မောင် (မင်းကွန်း)

(မင်းကွန်းပန်းချီဆရာကြီး)

အသက်(၄၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းပုထိုးတော်ကြီးအနီး၊ ဈေးဆိပ်ကျေးရွာနေ ဦးကျော်ထွေး-ဒေါ်ခင်ထွေးတို့၏သား၊ (ဦးမောင်အုန်း-ဒေါ်ညွှန့်တင်)တို့၏သားသမက်၊ မောင်အောင်ဇော်ခန့်၊ မောင်နိုင်ဇော်လတ်၊ မနိုးနိုးတို့၏ဖခင်၊ ဒေါ်တင်ဇာအုန်း၏ခင်ပွန်းသည် ၄-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် မင်းကွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးသန်းမောင် (သက်န်းကုန်းရွာ)

မိုးကုတ်ယောဂီ

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ သက်န်းကုန်းရွာနေ (ဦးစံဌေး-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးထွန်း-ဒေါ်သိုက်)တို့၏သားသမက်၊ (ဒေါ်ခလေးမ)၏ခင်ပွန်း၊ ဦးကြည်ဝင်း-ဒေါ်တင်စန်း(ထွန်းတောက်ဆေးဆိုင်၊ ရန်ကင်း)၊ အမှတ် ၁၆၂ (ပထမထပ်)၊ ၄၈လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးတိုးတိုး-ဒေါ်ခင်စန်းရီ၊ ဦးတင်အောင်-ဒေါ်ညီညီ၊ [ဦးမြင့်အောင်(ခ)ဦးဥက္ကာ-ဒေါ်ခင်မော်မော်ဇော်(ခ) ဒေါ်ဂျူးဒီ]တို့၏ဖခင်၊ ဗိုလ်မှူးအောင်ကိုဝင်း [ဒုတိယတပ်ရင်းမှူး၊ ခလရ(၈၅) ပျဉ်းမနား]၊ ဒေါ်စုနန္ဒာဝင်း(ဦးစီးအရာရှိ၊ ဓာတုဗေဒဝန်ရုံး)၊ ဒေါက်တာအောင်ရဲနောင်ဝင်း(လက်ထောက်ဆရာဝန်၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး)၊ မရွှေရည်မင်းဦး (ခေတ္တ-မလေးရှား)၊ မမေမင်းမြတ်(XI-A, ထ-၅၊ ဗိုလ်တထောင်)၊ မဝင့်ဝါအောင်(3rd yr, Civil GTC)၊ မဝင့်ရွှေရည်(1st yr, Law)၊ (မသဒ္ဒါမြင့်အောင်)၊ မောင်ဖွဲ့သူရိန်အောင်တို့၏အဘိုးသည် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄၈လမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးဒေါ်နုနုထွား

ဒေါ်သာထက်ကျောင်း၊ စင်ထရယ်ကျောင်း၊ အထက(၁)လှိုင်

အသက်(၈၂)နှစ်

အမှတ် ၁၅၇/A၊ ဦးချိုလမ်း(ကမာရွတ်)၊ လှိုင်မြို့နယ်နေ (ဦးသာထွား-ဒေါ်သိန်း)တို့၏သမီး၊(ဆရာကြီးဦးဘသန်းတင်-ဒေါ်သန်းကြွယ်)တို့၏သမီးချွေးမ၊ (ဦးကြည်တင်၊ A.T.C.O 1/ D.C.A)၏ဇနီး၊ (ဦးလှမင်း၊ အင်/ယာချုပ်၊ မြန်မာ့လေကြောင်း-ဒေါ်ခင်ခင်သာ၊ M.E.I.C)တို့၏အစ်မ၊ ဦးတင်မိုးကြည်(AMAS-Shipping)-ဒေါ်သန်းသန်းဆင့်(ခ)CAROLINE ၊ ဦးတင်စိုးကြည်တို့၏မိခင်၊ မောင်ညီဇေမိုး၏အဘွား၊ တူ၊တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေး ၁၆ယောက်တို့၏အဘွားသည် ၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ် ၁၅၇/A၊ ဦးချိုလမ်း(ကမာရွတ်)၊လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဗိုလ်ကျော်ဇေမောင် D.S.A (52)

BC - ၅၇၀၆၀

အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၄၈၆နေ ဦးသန်းနိုင် (ကပရ၊ အင်းစိန်)-ဒေါ်နွဲ့နွဲ့သောင်း (ဘဏ်ခွဲ-၁)တို့၏သားကြီး၊ မမေသဲအောင်၏အစ်ကိုသည် ၄-၅-၂၀၁၃ရက် ညနေ ၃နာရီတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး

ဒေါ်ခင်စမ်းကြည် (ပဲခူးမြို့)

အသက်(၆၅)နှစ်

ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အမှတ် ၂၉နေ (ဦးစံရင်-ဒေါ်ဝက်ဆင်အုန်းပင်)တို့၏သမီး၊ (ဦးဘဝင်း-ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ဒေါက်တာဇင်ထက်ဦး (အထက-၃၊ ကျောင်းအုပ်)၊ ဒေါ်မိုးသီတာ၊ ဒေါ်မြဒါလီ(သရုပ်ပြ၊ဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)တို့၏မိခင်၊ ဦးသက်ထွန်း၏ဇနီးသည် ၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၃ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး

ဦးဝင်းကျော် (ကမ္ဘ)

SUPER BETTERY

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ သီရိ ၆လမ်း၊ အမှတ် ၂၆၁နေ (ဦးတင်အေး-ဒေါ်ပို)တို့၏သားငယ်၊ ဒေါ်သန်းမြင့်၊ဦးထင်ကျော်-(ဒေါ်ခင်ခင်)၊ဦးလင်းကျော်-ဒေါ်စိန်စိန်တို့၏မောင်/ညီ၊ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးတင်လှုအေး-ဒေါ်မာမာဆွေ၊ ဒေါ်ညိုမီဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၁၃ရက် နံနက်၃း၂၀နာရီတွင်ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက် နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ သိမ်၊ ရေသန့်စက်အလှူရှင်

မောင်အောင်မျိုးနိုင်(ခ) မောင်အောင်ဘုန်း

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၇၃၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်နေ (ဦးအေးနိုင်)-ဒေါ်အေးသိန်းတို့၏သား၊ ဦးစံသိန်း-ဒေါ်ဒေါ်လီတို့၏သားသမက်၊ အမေရိကန်နိုင်ငံနေ ဦးတင်ထွန်းနိုင်-ဒေါ်ညိုညိုလွင်တို့၏ညီ၊ ဦးအောင်မြတ်ထွန်း၊ ဒေါ်နီလာအေး၊ ဦးဝေလင်းနိုင်(ခ)ဦးကျော်ဇော-ဒေါ်ခင်စန္ဒာအေးတို့၏အစ်ကိုလေး၊ ဒေါ်နီနီသိန်း၏ခင်ပွန်း၊မစုစု၏ဖခင်၊တူ၊တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၄-၅-၂၀၁၃ရက် အမေရိကန်နိုင်ငံ တန်ပါမြို့ ဒေသစံတော်ချိန် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ကိုဇော်လင်းဦး

အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၃၇၊ ၄၈လမ်းထောင့်နေ၊ ဦးဗွီဒိုရာဆွာမိ-Veelammal (ခ) ဒေါ်သိန်းသိန်းဦးတို့၏သား၊ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ မနန္ဒာမင်း၊ အောင်အောင်ကြည်မင်း၊ မစုစန္ဒီလင်းတို့၏ဖခင်သည် ၂၇-၄-၂၀၁၃ရက် (စနေနေ့) မြန်မာစံတော်ချိန် ည ၁၁း၄၇နာရီတွင်ထိုင်းနိုင်ငံ Bumrung-rad ဆေးရုံ၌ ဆေးကုသရင်း ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၇၆/၈၀၊ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စရီဘုသ်နာသ်မဟာဒေဝ် ဘုရားကျောင်းသို့ ရက်လည်ဆွမ်းကျွေး အလှူကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးမောင်

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၂၄၇/ကနေ (ဦးမောင်ဥ-ဒေါ်နှင်းရွှေ)တို့၏သားကြီး၊ ဦးအောင်သန်း-ဒေါ်ခင်ခင်လှဲတို့၏အစ်ကို၊ ဦးဇော်မျိုး (မြန်မာ့အလင်း)-ဒေါ်ဖြူဖြူဇင်၊ ဒေါ်အေးအေးသွယ် (မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဦးရန်နိုင် - ဒေါ်ဖြူစန္ဒာအောင် (ဒဂုံတက္ကသိုလ်၊ စာမေးပွဲဌာန)တို့၏ဘကြီးသည် ၄-၅-၂၀၁၃ရက် နံနက် ၁၀း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းထူး

ဒုတိယအထွေထွေမန်နေဂျာ၊

အင်/ယာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း

မန်နေဂျာ(စီမံရေးရာ)

K & L Co., Ltd.

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၁၆၄၈/၄၉၊ ဆပ်သွားဖူးလမ်း၊ (၅)ရပ်ကွက်နေ ဒေါ်ခင်မေသန်း၏ခင်ပွန်း၊ ဦးမိုးဇော်ထူး-ဒေါ်ခင်ထိုက်ဦးတို့၏ဖခင်၊ မောင်အုပ်စိုးစံ၊ မအင်ကြင်းမေ၊ မအိမ့်မှူးခင်တို့၏အဘိုးသည်၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းထူး

ဒုတိယအထွေထွေမန်နေဂျာ

အင်/ယာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း

မန်နေဂျာ(စီမံရေးရာ)

K & L Co., Ltd.

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ ၁၆၄၈၊ ၁၆၄၉နေ(ဦးသောင်း-ဒေါ်စန်းရီ)တို့၏သား၊ (ဦးချစ်ဟန်-ဒေါ်ခင်ခင်)တို့၏သားသမက်၊ ဦးခင်မောင်ကြည်-(ဒေါ်ကြည်ကြည်)၊ (ဦးလှထွန်း-ဒေါ်မာမာရီ)တို့၏တူ၊ (ဦးညွန့်)-ဒေါ်ယဉ်ယဉ်ကြည်တို့၏မောင်၊ ဦးကျော်ညွန့်-ဒေါ်ခင်မေမြင့်၊ ဦးသော်တာ-ဒေါ်ယဉ်မြတ်တို့၏အစ်ကိုကြီး၊ မ-မဟေသီဖြိုးဆင့်၊ မရှုမဝကြည်သာ၊ မပုဏ္ဏမိမိုးမြင့်၊ မသီတာ၊ ကိုဇော်ဝင်းမြင့်-မနီလာကျော်၊ မကလျာကျော်တို့၏ဘကြီးသည် ၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဦးဝင်းနိုင်

(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဝါရောင်လမ်းနေ (ဦးသိန်းဝ - ဒေါ်ထွေးရင်)တို့၏သား၊ ဒေါ်သန်းနု၊ ဦးဌေးလွင်၊ ဦးအောင်မော်ဝင်း-ဒေါ်မြတ်မိုးတို့၏ညီ/မောင်၊ဦးနိုင်ဝင်း-ဒေါ်နှင်းနှင်းလွင်၊ ကိုမိုးကျော်သူ-မခိုင်၊ ကိုကျော်ကျော်အောင်၊ ကိုထိန်လင်း - မလင်းလင်းထိုက်တို့၏အစ်ကို၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ မြသီတာရပ်ကွက်၊ စွယ်တော်လမ်းနေ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ မောင်ဝေယံဦး၏ဖခင်သည် ၄-၅-၂၀၁၃ရက် ည ၇း၁၅နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်းနှင့် အန္တိမဈာပနသာဓုကီဠန ပူဇာအကြောင်းကြားလွှာ

ဘဒ္ဒန္တဇောတိက (ခလုပ်ကျောင်းကြီး၊ ခလုပ်ကျေးရွာ)

(သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ သာသန မကုဋ္ဌ ဓမ္မာစရိယ၊ သံဝဏ္ဏတ္ထာယ ဝေဒဂူ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ခလုပ်ပဝါရဏာဂိုဏ်းချုပ်)

သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလုပ်ကျေးရွာ၊ ခလုပ်ကျောင်းကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိက မဟာထေရ်မြတ်သည် (၁၃၇၅ခုနှစ် ဦးတန်ခူးလဆန်း ၁၃ရက်) ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၁-၅-၂၀၁၃ရက်မှ ၁၅-၅-၂၀၁၃ရက်အထိ ညစဉ် ၇နာရီတွင် ဓမ္မပူဇာ၊ ၁၆-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် စံကျောင်းတော်ချ၍ ၁၈-၅-၂၀၁၃ရက်(စနေနေ့)အထိ မင်္ဂလာဆိုင်းများဖြင့် ဖယောင်းကျူးပူဇော်ပါမည်။ (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၀ရက်) ၁၉-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် အန္တိမဈာပန သာဓုကီဠန ပူဇာအခမ်းအနားစတင်၍ ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇော်ပါမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

(ရန်ကုန်မြို့မှ ခလုပ်ကျောင်းကြီးအထိ ကားဖြင့်သွားလာနိုင်ပါသည်။)

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီ

ရဟန်း၊ ကျောင်း ဒါယိကာမ

ဒေါ်ခွာသီ

(ဘီလူးကျွန်း၊ ကွမ်စိုက်)

အသက်(၈၈)နှစ်

ဘီလူးကျွန်း၊ကွမ်စိုက်ရွာနေ (နိုင်ချစ်လှ)၏ဇနီး၊ (နိုင်ထွန်းလှိုင်)-မိငြိမ်းသန်း၊ နိုင်ထွန်းရှင်(ခ)ဦးခွန်ထွန်းရှင် - မိခင်သန်းရီ၊ (နိုင်လှဆွေ)-မိခင်သန့်၊ (နိုင်ထွန်းသောင်း)-မိငွေရီတို့၏မိခင်၊ မိအေးအေးသန်းနှင့် မြေး ၂၂ယောက်၊ မြစ် ၃၂ယောက်တို့၏အဘွားသည် ၄-၅-၂၀၁၃ရက်(စနေနေ့)ည၁၁း၁၀နာရီတွင်အမှတ် ၆၆၄၊ ဝရဇာ ၄လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသံချောင်း (တိုက်ကြီး)

မိသားစု ကြက်မွေးမြူရေးနှင့် ကြက်သားဖောက်လုပ်ငန်း(အင်းစိန်)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၂၃၊ လှိုင်မြစ်လမ်း၊ကွက်သစ်ရပ်ကွက်နေ ဦးသံချောင်းသည် ၂-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အမှတ် ၂၃၊ လှိုင်မြစ်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန် (သန့်စင်စတိုး)သို့ နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြာဇံညို

(မြောင်းဘွေ၊ စစ်တွေ)

အသက်(၇၆)နှစ်

(ဦးဘဖြူ-ဒေါ်စိန်ကျော့ဦး)တို့၏သမီး၊ (ဦးမောင်ဖြူ-ဒေါ်ကြာညို)တို့၏သမီးချွေးမ၊ ဦးကျော်သာ (ကုန်သည်၊ စစ်တွေ)၏ဇနီး၊ ဦးစံညွှန့်-ဒေါ်ခင်စောဝေ (ကိုမောင်ဝင်း-မဝေ၊ အထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးမောင်တင်ရွှေ)-ဒေါ်မနှင်းစိန်(ကုန်စုံဆိုင်၊ အာသောကဈေး)၊ ဦးစန္ဒာဝရ၊ ဒေါ်မသန်းရွှေ-ဦးသန်းထွန်း (ကုန်သည်၊ မန္တလေး)၊ ဒေါ်သန်းသန်းဌေး - ဦးလှဝင်းမောင် (EE, Maersk Line)တို့၏မိခင်၊ မြေး ၁၀ယောက်တို့၏အဘောင်ရှင်သည် ၄-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၂၂၊ အခန်း ၁၀၂၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေအိမ်မှကားများ ညနေ ၃နာရီ တွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးကျော်နု(ခ)ဦးလှမြင့်

အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊အရှေ့မော်ရွာနေ ဦးဘိုးကျော်အောင်-ဒေါ်အေးချမ်းမတို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ဗိုလ်ကြီးခင်ဇော်-ဒေါ်သီတာဝင်း၊ မခင်စန္ဒာ (ကမာရွတ်မီဒီယာ)တို့၏ဖခင်သည် ၃-၅-၂၀၁၃ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၇၂(C-၂)၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးခင်မောင်ညွန့်

မြို့နယ်မန်နေဂျာ(ငြိမ်း)

လယ်-စိုက်-ရှင်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၈၈၊ မဟာသီရိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ရိုစီ၏ခင်ပွန်း၊ ဒေါ်ခိုင်ခိုင်ဦး၊ ဦးကျော်ကျော်အောင်၊ဦးကိုကိုမောင်၊ ဦးညီညီမောင်၊ MAY တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂-၅-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စန်းရီ

အသက်(၇၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊နဝရတ်လမ်း၊အမှတ် ၃၄၀နေ (ဦးမောင်တင်-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးကျောင်းမောင်-ဒေါ်စောမြ)တို့၏သမီးချွေးမ၊ [ဗိုလ်ကြီးစောအောင်(ငြိမ်း) ဒု-ညွှန်မှူး၊ သ/မဝန်ကြီးဌာန]၏ဇနီး၊ (ဦးစန်းမြင့်)-ဒေါ်သန်းနွဲ့၊ (ဦးတင်ရွှေ)-ဒေါ်ခင်မြိုင်တို့၏ညီမ၊ဦးဝင်းဦး(ဦး/ရှိ၊ပြည်တွင်းအခွန်)-ဒေါ်မီမီအောင်(လ/ထ ညွှန်မှူး၊ ပြည်တွင်းအခွန်)၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း)(မြို့နယ်အုပ်ချုပ်ရေးမှူး၊ သဃ်န်းကျွန်းမြို့နယ်၊ YESB၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) - ဒေါ်အေးအေးမော်၊ (ဗိုလ်ကြီးဇော်လင်းအောင်)-ဒေါ်ဥမ္မာခိုင် (အထက-ခွဲ၊ အမှတ်-၇၊ ရွှေပြည်သာ)၊ ဒေါက်တာရီရီအောင် (လ/ထ ကထိက၊ တောင်ကုတ်ကောလိပ်)၊ ဗိုလ်ကြီးအောင်ခိုင်မိုး(ငြိမ်း) - ဒေါ်ရီရီဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည်၅-၅-၂၀၁၃ရက် ညနေ ၃း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြုပြင်ပြောင်းလဲမှုကိုလုပ်နိုင်မှ ငြိမ်းချမ်းရေးလိုအပ်ချက်ဟာ ပြည့်စုံသွားမှာဖြစ်

နေပြည်တော် မေ ၅

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇေက (၅၀၀) စက်မှုလယ်ယာစိုက်ခင်း အစည်းအဝေးခန်းမ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တွေ့ဆုံခဲ့ကြပါသည်။ တွေ့ဆုံပွဲအပြီးတွင် သတင်းအဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများအနက်မှ အချို့အား ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခွင့်ရသည့်အတွက် ခံစားရမှုများနှင့် တင်ပြခွင့်ရခဲ့သည်များအပေါ် ကျေနပ်အားရမှု ရှိ မရှိတို့ကို မေးမြန်းဖြစ်ခဲ့ပါသည်။ သတင်းအဖွဲ့၏ မေးမြန်းချက်များနှင့် ပတ်သက်၍ ၎င်းတို့၏ ဖြေကြားချက်များကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်-

ဦးခွန်ထွန်းဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ)

ကျွန်တော်လည်းအောက်ခြေက တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး တင်ပြထားတာ ရှိပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးအတွက် တင်ပြဆွေးနွေးထားတယ်။ ကျွန်တော်တို့အနေနဲ့ အကြံပြုလိုတာက အေးအေးဆေးဆေးပေါ့လေ၊ စားပွဲဝိုင်းမှာ ထိုင်ပြီးတော့၊ စကားပြောပြီးတော့ ဖြေရှင်းဖို့ ဖြစ်ပါတယ်။ ဒီပြဿနာတွေက ကြာလည်းကြာပြီ။ နှစ်ပေါင်း ၆၀ လောက်ကြာနေပြီဆိုတော့ အမြန်ပြီးစီးအောင် ဝိုင်းဝန်းလုပ်ဆောင်သွားမယ်လို့ ကျွန်တော်ပြောထားပါတယ်။ အခုလိုတွေ့ခွင့်ပေးတာလည်း ကျေးဇူးတင်တယ်။ နောက်ပြီးတော့ သမ္မတကြီးကို တိုက်ရိုက်ပြောရတာဆိုတော့ ကြားလူကိုပြောရတာထက် ပိုပြီးလေးနက်တာပေါ့ဗျာ။ ဒီနောက်ပိုင်း ကျန်ခဲ့တဲ့သူတွေကို SSPP နဲ့ နားလည်မှုယူရမယ်။ SSNA နဲ့လည်း နားလည်မှုရှိပြီသား။ RCSS နဲ့လည်း နားလည်မှုရှိပြီးသား။ ယခု ရှမ်း- ကယား ညီလာခံမှာလည်း လာကြတာပဲလေ။ UWSA တို့၊ NPA တို့ လားရှိုးမှာလာကြတယ်။ လက်နက်ကိုင်အဖွဲ့က (၁၃) ဖွဲ့၊ ပါတီက (၁၂) ပါတီ။ အဲဒီထဲမှာ (၂၃) ပါတီလည်း လာတက်တယ်။ လားရှိုးငြိမ်းချမ်းရေးကော်မတီမှာ လာတက်ကြတယ်။ အဲဒီတော့ ဒါဟာငြိမ်းချမ်းရေးအတွက်ခိုင်မြဲတဲ့ဟာတွေဖြစ်တယ်။

ဦးခွန်ထွန်းဦး
(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ)

ဦးသိန်းညွန့် (အမျိုးသားဒီမိုကရေစီပါတီသစ်ဥက္ကဋ္ဌ)

သမ္မတကြီးရဲ့အမျိုးသားရေးမျှော်မှန်းချက်နဲ့ အမျိုးသားရေးပန်းတိုင်အောင်မြင်ဖို့ဆိုရင် မြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့နဲ့ ပေါင်းကူးပေးတဲ့ နိုင်ငံရေးပါတီတွေနဲ့ အခုလို ထိတွေ့တာဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲသလို ထိတွေ့နိုင်မှ သမ္မတကြီးပြောသလို နိုင်ငံရေးပါတီတွေကပဲ ပြည်သူရဲ့သဘောထားကို ကုန်ကြမ်းတွေရအောင် ဖန်တီးပေးတယ်။ အဲဒါကြောင့် ဒီတွေ့ဆုံမှုဟာ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် အင်မတန် အထောက်အကူပြုတဲ့ပွဲပါပဲ။

ဦးစောသိန်းအောင် (ဖလုံစဝေါ်ပါတီ ဥက္ကဋ္ဌ)

ကျွန်တော့်ရင်ထဲမှာ ဝမ်းဆီထိသလို ပီတိဖြာမိတာပေါ့ဗျာ။ ဝမ်းသာတယ်။ ရှေ့ဆက်ပြီးတော့လည်း အခုလိုမျိုး မကြာမကြာတွေ့ဆုံပြီး ကျွန်တော်တို့ ပြည်သူတွေအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြရင် ပိုကောင်းတာပေါ့ဗျာ။

ဦးနိုထန်ကပ်
[ချင်းတိုးတက်ရေးပါတီ (CPP) ဥက္ကဋ္ဌ]

ဦးနိုထန်ကပ် (ချင်းတိုးတက်ရေးပါတီ (CPP) ဥက္ကဋ္ဌ)

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်သမ္မတကြီးကို ရင်ထဲကစကားတွေ ပြောခွင့်ရှိတော့ အများကြီးအကျိုးရှိတာပေါ့။ ဥပမာ ကိုယ့်ဒေသပြဿနာလေးတွေ တိုက်ရိုက်ပြောနိုင်တဲ့အခါကျတော့ ကျွန်တော်တို့ အတော်လေးအားရကျေနပ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၂ ❁

မိုဘိုင်းဖုန်းအသုံးပြုမှုလွယ်ကူချောမွေ့စေရန် ရေဒီယိုစခန်းသစ်များ တိုးချဲ့တပ်ဆင်လျက်ရှိ

➤ မြင့်မောင်စိုး-ရေးသည် ➤

နေပြည်တော် မေ ၅

ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်း မိုဘိုင်းဖုန်းများနိုင်ငံတစ်ဝန်း ရောင်းချပေးနေပြီဖြစ်သကဲ့သို့ ဖုန်းများ လိုင်းဆွဲအား ပိုမိုကောင်းမွန်စေရန် ရေဒီယိုစခန်းသစ်များ ထပ်မံတိုးချဲ့ တည်ဆောက်နေကြောင်း ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာန အရာရှိကြီးတစ်ဦးက မကြာသေးမီက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အခုလောလောဆယ် GSM/ WCDMA လိုင်းတွေ လေးသန်း တိုးချဲ့ရန် သတင်းစာတွေကနေ တင်ဒါများခေါ်ယူထားပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ အခြားမြို့ကြီးတွေမှာ လိုင်းတွေကျပ်ပြီး ခေါ်ဆိုရခက်ခဲနေတဲ့အတွက် လိုင်းသစ်တွေတိုးချဲ့ရမှာ ဖြစ်ပါတယ်။ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တယ်လီဖုန်းလိုင်း ၁၀ သန်းအထိ တိုးချဲ့တပ်ဆင်သွားဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ဇော်က ရှင်းပြသည်။

ဧပြီလအတွင်းက စတင်ရောင်းချခဲ့သည့် ငွေကျပ် ၁၅၀၀တန် ဆင်းကတ်အတွက် တစ်နိုင်ငံလုံးမှာ ရေဒီယိုစခန်းပေါင်း ၂၈၂ ခု တည်ဆောက်ထားကြောင်း၊ ထပ်မံ၍လည်း တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစိုးရသစ်တာဝန်ယူပြီး ချိန်မှစ၍ ပြည်သူများ မိုဘိုင်းဖုန်းများ ဈေးနှုန်းချိုသာစွာဝယ်ယူအသုံးပြုနိုင်ရေး မိုဘိုင်းတယ်လီဖုန်းလိုင်း လေးသန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယင်းကဲ့သို့

စာမျက်နှာ ၃ ကော်လံ ၆ ✻

ဖုန်းများ လိုင်းဆွဲအားပိုမိုကောင်းမွန်စေရန် ရေဒီယိုစခန်းသစ်များ ထပ်မံတိုးချဲ့တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

နိုင်ငံတကာဘောလုံး အနိုင်၊ အရှုံး

၅-၅-၂၀၁၃

အီတလီစီးရီးအေ

ပါးမား	၂-၀	အတ္တလန္တာ
လာဇီယို	၆-၀	ဘိုလော့ဂ်နာ
ဂျူဗင်တပ်	၁-၀	ပါလာမို

ဂျာမနီဘွန်ဒက်စ်လီဂါ

ဖရိုင်းဘက်	၂-၀	အော့စ်ဘက်

ပြင်သစ်လီဂူ

ရင်းနက်	၀-၃	နိုက်စ်

အိမ်ကွင်းတွင် ဇေယျာရွှေမြေတို့ သရေသာရ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

မုံရွာ မေ ၅

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၀) ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

ရလဒ်ကောင်းများ ဆက်တိုက်ရရှိနေသည့် ရောဝတီအသင်းမှာ အဝေးကွင်းတွင် ထိပ်ဆုံးဇေယျာရွှေမြေအသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းမှာ အိမ်ကွင်းတွင် နိုင်ပွဲဆက်ရေး ကြိုးပမ်းခဲ့သော်လည်း မာတင်၏ ချေပဂိုးကြောင့်သာ မရှုံးခဲ့ခြင်းဖြစ်သည်။ ၁၆မိနစ်တွင် မာတင်က ဇေယျာရွှေမြေအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း ရောဝတီအတွက် ၅၃ မိနစ်တွင် နေလင်းအောင်က ချေပဂိုး၊

စာမျက်နှာ ၃ ကော်လံ ၃ ■

ယနေ့မာတိကာ

ကင်းထောက်နှင့် တိုက်ခိုက်ရေးအသုံးပြုနိုင်သည့် ရဟတ်ယာဉ်များ အမေရိကန်ထုတ်လုပ် — စာမျက်နှာ-၄

ပျံသန်းနိုင်သော ကမ္ဘာ့အသေးဆုံး အင်းဆက်စက်ရုပ်ပိုးကောင် အမေရိကန်ပညာရှင်တို့ တီထွင် — စာမျက်နှာ-၅

ရောင်းရန်မဟုတ်ပါ — ဆောင်းပါး စာမျက်နှာ-၆

မန္တလေးတိုင်းဒေသကြီးတစ်ဝန်း သောက်သုံးရေများ ဖူလုံရေးဆောင်ရွက် — စာမျက်နှာ-၁၀

ပဲခူးမြို့ ကမာနတ်ကျေးရွာ၌ ရေကန်တူးဖော်စဉ် မီးတောက်များထွက်ပေါ် — စာမျက်နှာ-၁၂

ဟဲဗီးဝိတ်ချန်ပီယံများရှင် ကလစ်ချ်ကို စိန်ခေါ်သူကို ခြောက်ချီဖြင့် အလဲထိုး — စာမျက်နှာ-၁၄

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

သတင်း၊ ကြော်ငြာ

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျပ်သိန်း ၅၀တန် ကွန်ကရစ်လမ်းခင်း

ပဲခူး မေ ၅

အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၁ ရက်မှစ၍ ပဲခူးမြို့နန်းတော်ရာရပ်ကွက် အင်းဝင် ၁၀လမ်း အရှေ့မိသားစုများက အင်းဝင်၁၀ လမ်းမကြီး အလျားပေ ၇၃၀၊ အနံ ၁၀ပေ၊ ထုခြောက်လက်မရှိ အမာခံ ကွန်ကရစ်လမ်းကြီး **(အပေါ်ပုံ)**ကို အင်းဝင် ၁၀လမ်းနေ ဦးမင်းအောင်က ကျပ်ငါးသိန်း မတည်ပြီး လမ်းဖြစ်မြောက်ရေးအဖွဲ့ ရပ်မိရပ်ဖများဖြစ်ကြသော ဦးချမ်းသာ၊ ဦးတင်အုံး၊ ဦးအေးကြိုင်၊ ဦးမောင်ဆိုသူတို့က ဦးဆောင်၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် အင်းဝင် ၁၀လမ်းမိသားစုများ စုပေါင်း၍ ကျပ်သိန်း၅၀ အကုန်အကျခံပြီး ကွန်ကရစ်လမ်းကို မိမိတို့လမ်းသူလမ်းသားများ၏ လုပ်အားဖြင့် မေ၃ ရက်တွင် အပြီးခင်းကြောင်း သိရသည်။

စိုးဝင်း(ပဲခူး)

လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ မော်လမြိုင်နှင့် ကျိုက်မရောမြို့နယ်တို့တွင် ကျင်းပ

မော်လမြိုင် မေ ၅

လူကုန်ကူးမှုတပ်ဖွဲ့စု(မော်လမြိုင်)နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(မော်လမြိုင်)တို့ ကြီးမှူးကျင်းပသော လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဧပြီ ၂၈ရက်က မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်ကနိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မှူးရုံး(ဦးစီး) ရဲအုပ်လှိုင်ကျော်မြင့်က အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းကိုလည်းကောင်း၊ စခန်းမှူးရဲအုပ်ခင်စိုးက မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ ရဲအုပ်သန်းဌေးဝင်းက လူကုန်ကူးတပ်ဖွဲ့စု(မော်လမြိုင်)က လူကုန်ကူးမှုဆိုင်ရာသိကောင်းစရာနှင့် တားဆီးကာကွယ်ရေး ဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူများအား လူကုန်ကူးမှု တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့နှင့် UNIAP တို့ ပူးပေါင်းထုတ်ဝေသည့် အသိပညာပေး လက်ကမ်းစာစောင်(ရုပ်ပြ) ၅၅စောင် ဖြန့်ဝေပေးခဲ့သည်။

အလားတူ အသိပညာပေးဟောပြောပွဲကိုဧပြီ ၂၇ရက်က မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပရာ လူကုန်ကူးတပ်ဖွဲ့စု(မော်လမြိုင်)ရဲအုပ်အောင်ဝင်းနှင့် မော်လမြိုင်မြို့မှ ရဲစခန်းမှူးရဲအုပ်ဆန်းဝင်းတို့က လူကုန်ကူးမှုဆိုင်ရာနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများကို ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းနှင့် ရပ်မိရပ်ဖများတက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မြစ်ကြီးနားမြို့တွင် လျှပ်စစ်ဓာတ်တိုင်များ အစားထိုးလဲလှယ်

မြစ်ကြီးနား မေ ၅

မြစ်ကြီးနားမြို့ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် ဗို့အားပြည့် ဓာတ်အားရရှိစေရေးအတွက် စံချိန်မမီ ကွန်ကရစ်တိုင်များ၊ သံတိုင်များနှင့် ဆွေးမြည့်သစ်သားတိုင်များအစား ၁၀မီတာ အရှည်ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်လျက်ရှိရာတွင် တိုင်အလုံး၁၇၀ လဲလှယ်ရမည်ဖြစ်ပြီး ၂၀၁၂ခုနှစ် နိုဝင်ဘာလမှ စတင်လဲလှယ်ခဲ့ရာ အလုံး၁၅၀ လဲလှယ်ပြီးဖြစ်သည်။ မိုးမကျမီ အပြီးလဲလှယ်ရန်အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခိုင်ဝင်းဦးစီးပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် ရပ်ကွက်၊ လမ်းအလိုက် အလှည့်ကျမီးအားပို့လွှတ်ခြင်းအားရပ်ဆိုင်း၍ လဲလှယ်လျက်ရှိကြောင်း သိရသည်။

မြင့်သိန်း(ကိုယ်ပွား-မြစ်ကြီးနား)

ညီအစ်ကိုနှစ်ဦး လုံးထွေးသတ်ပုတ်ရာမှ လူသတ်မှုဖြစ်ပွား

နေပြည်တော် မေ ၅

ဧပြီ ၂၈ ရက် ည ၇ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြစ်ခြေအုပ်စု အိုင်ရှည်ကျေးရွာနေ ဦးမြအေး (၆၈နှစ်)၏ နေအိမ်တွင် သားအကြီးဖြစ်သူ ဝင်းလှဦး (၃၀ နှစ်)က အရက်မူးပြီး ညီအရင်းဖြစ်သူ သန်းထွဋ်ဝင်း(ခ)ဘထွဋ်(၂၈နှစ်)အား ဆဲဆိုကြိမ်းမောင်းနေသဖြင့် ညီအစ်ကိုနှစ်ဦးလုံးထွေးသတ်ပုတ်ကြစဉ် ဝင်းလှဦးက အနီးရှိ စားပွဲပေါ်မှ စတီးလ်ခွားအား ကောက်ကိုင်စဉ် သန်းထွဋ်ဝင်း(ခ) ဘထွဋ်နှင့် ယှဉ်လုရာမှ ဝင်းလှဦး၏နံရိုးတွင်တစ်လက်မ ခွဲခန့် ထိုးသွင်း ပေါက်ပြဲဒဏ်ရာရရှိကာ ဧပြီ ၂၉ ရက် နံနက် ၂ နာရီတွင် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းလှဦး၏ဇနီး ဒေါ်နန္ဒာဝင်းက အရေးယူပေးပါရန် တိုင်တန်းသဖြင့် သန်းထွဋ်ဝင်း(ခ)ဘထွဋ်အားမြစ်ခြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဇာနည်)**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကမ္ဘားဖြူကျေးရွာနေ
ဦးဌေးမောင်-ဒေါ်ခင်သိန်းညွန့်တို့၏သား

ဗိုလ်ဝေယံဖြိုး
(M.B.,B.S), (D.S.M.A)
ဘူးသီးတောင်မြို့နှင့်

နေပြည်တော်၊ စံပယ်အိမ်ရာနေ
ဦးမြင့်ကြိုင် [အကြံပေးအရာရှိ၊ အင်ဂျင်နီယာချုပ် (စက်မှု)၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်]-
ဒေါ်ဌေးဌေး (ချယ်ရီမေ အမျိုးသမီးဘော်ဒါဆောင်၊ မိတ္ထီလာမြို့)တို့၏သမီး

မစောစန္ဒာမြင့်
A.G.T.I (Mechanical Power), B.Sc (Physics)

တို့၏ ၁၂-၄-၂၀၁၃ရက် (သောကြာနေ့)တွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ် (Meeting Hall)၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အသိသက်သေလက်မှတ်ရေးထိုးပေးပါသော ပျဉ်းမနားမြို့နယ်တရားသူကြီး ဦးစိုးသန့်၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်မှု)များဖြစ်ကြသော ဦးထွန်းကျော်စိုးနှင့် ဦးထွန်းအောင်နိုင်၊ မင်္ဂလာစေ့စပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စက်မှု) ဦးဝင်းထွဋ်နှင့်ဇနီး ဒေါ်နန်းတင်တင်ဌေး၊ မင်္ဂလာစကားပြောကြားပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စက်မှု)ဦးထွန်းကျော်စိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးတိုးတိုးသိန်း (ငြိမ်း)တို့အားလည်းကောင်း၊ ၂၈-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော် MICC(Banquet Hall)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မေတ္တာစေတနာအပြည့်အဝဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်သီသီမြင့်၊ မင်္ဂလာလက်ထပ်ရွှေလက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်တင်ဆန်း၊ စစ်ဘက်နယ်ဘက်မှဌာနဆိုင်ရာအကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးနှင့် (ဦး)ကေတုဝင်းထွဋ်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်ရတနာဦး၊ အောင်မင်္ဂလာပန်းများဖြန့်ကြဲပေးပါသော မအေးချမ်းမိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မမြတ်ကေခိုင်၊ မင်္ဂလာလက်ထပ် ရွှေလက်စွပ်ကိုင်ဆောင်ပေးပါသော မခိုင်ဇင်ထွဋ်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံများဖြစ်ကြသော ဗိုလ်ဟိန်းဆက်မော်၊ ဗိုလ်ရှိန်ထွန်းမြင့်၊ မအေးမို့မို့ဟန်သာကျော်နှင့် မဝိုင်းမြတ်နိုး၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ကိုဇော်မင်းအောင်(ဆည်မြောင်း)၏ လေနုအေးတေးဂီတအဖွဲ့နှင့် နိုင်ငံကျော်တေးသံရှင်များ၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော မိုးပိုင်စိုး(ယွန်း)ရိုက်ကူးရေးအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာများ အလှဆင်ဖန်တီးပေးပါသော မိတ်ကပ်ကျော်မိုး(ရန်ကုန်)၊ မင်္ဂလာဝတ်စုံများဖန်တီးပေးပါသော Marvelous ဖက်ရှင်၊ မင်္ဂလာဖိတ်စာအလှဆင်ဖန်တီးပေးပါသော Dagon ဖိတ်စာ၊ မင်္ဂလာလက်ဆောင်မွန်များပေးပို့ပေးပါသော မိတ်သင်္ဂဟအပေါင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော နေပြည်တော် MICC မှမန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင်အဘက်ဘက်မှ မေတ္တာဖြင့် ကူညီပံ့ပိုးပေးကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဝေယံဖြိုး-မစောစန္ဒာမြင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁ဘီ၊ မြေကွက်အမှတ် တတိယတန်းစား ၇၊ မြေအကျယ်ပေ(၂၅× ၄၀)၊ အပို(၆လက် မ×၄၀ပေ)မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခင်အမှတ် ၅၇၊ ယခုအမှတ် ၁၃၃၊ ၂၁လမ်း၊ လသာမြို့နယ်အား မြေးဖြစ်သူ တော်ဟုတ်ရှ(ခ)ဦးဟုတ်ရှိန်၏အဘွား Miss Oung Twan မှ Hoe Thye & Company မှ အရောင်းအဝယ်စာချုပ်အမှတ် 23,28832ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးဟုတ်ရှိန်နှင့်ဒေါ်ကျင်ရွှေမှ အမွေဆက်ခံခွင့်ရရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားဆောင်ရွက်လျက်ရှိပါသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း လာရောက်ဆက်သွယ်ပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ကျင်ရွှေ၏သမီးဖြစ်သူ အခွင့်ရကိုယ်စားလှယ်
ဒေါ်ယဉ်ယဉ်သိန်း(ဘ)ဦးဟုတ်ရှိန် ၆-၃-၂၀၁၃ရက် GPအမှတ်(၃၈၆၈)
အမှတ်(၃၁)၊ ခြောက်လွှာ B ၊ ရတနာပုံလမ်း၊
ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။
ဖုန်း-၀၉-၇၃၂၀၉၇၁၃

အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာ(၁၀)လမ်းအရှေ့၊ အမှတ်(၁၀၃၈/က)ဦးဘလှအမည်ပေါက်တည်ရှိသော ပေ (၂၀×၆၀)ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခွင့်ရှိသူ ဒေါ်တင်မြ ၁၂/သကတ(နိုင်)၁၇၆၆၀၀ထံမှ ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာမြမြသန်း ၁၂/သကတ(နိုင်)၀၈၃၈၅၉က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဇော်ဟန်	**ဦးရဲမင်းထွဋ်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၄၀)	**အထက်တန်းရှေ့နေ (စဉ်-၃၀၉၉၀)**
LL.B, DBL, DIL	**LL.B, DBL**

အမှတ် ၅၀၊ ပထမထပ်၊ အခန်း(B-6)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၆၄၄၉၀၊ ၀၉-၇၃၁၃၄၅၃၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ လူနေရပ်ကွက်အမှတ် ၅၅၊ မြေကွက်အမှတ် ၅၉၂၊ (အလျားပေ ၄၀×အနံပေ ၆၀)၊ မြေဇရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ဂရန်မြေကို ဒေါ်ဌေးဌေးရီက အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမြေနှင့် နှစ်ထပ်တိုက်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်ချိုချိုဝင်း ၉/ညဥန(နိုင်)၁၃၂၄၉၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာကျော်
LL.B, D.B.L, D.M.L, WIPO, G.C.I.P (SWITZERLAND)
အထက်တန်းရှေ့နေ
အမှတ် ၁၀၂၊ (၁၀)ထပ်တိုက်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ နတ်ချောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၅၀၉၆၄၊ ၀၉-၄၉၃၁၈၀၂၃

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆H၊ မြေကွက်အမှတ် ၆၄အေ/၂၊ မြေကွက်တည်နေရာအမှတ် ၆၁၊တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ကြည်ကြည်ဒိုင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ဒိုင် ၁၂/ဒဂန(နိုင်)၀၂၆၂၁၇က စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အမည်ပေါက်စာချုပ်အမှတ် (၁၆၃၈/၁၂-၁၂-၁၉၅၂)လက်ခံအမှန်တင်ပြ၍ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်လေးထောင့်ကန်၊ မြေကွက်အမှတ် ၃၂၀၊ မြေကွက်တည်နေရာအမှတ် ၂၄၉၊ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဒေါ်ခင်ဝင်းမာ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းမာ ၁၂/သဃက (နိုင်) ၀၉၂၅၇၆က နှစ်၆၀ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက် တည်နေရာအမှတ် ၂၈၂၊ လမ်း ၂၀၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှကြူ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြူထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ၁၀၂၁ (၁၂-၃-၀၇)ဖြင့် ပေ(၂၀×၆၀)အား ဝယ်ယူခဲ့သူ ဒေါ်မေတိဇော်၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၁၆ (၃၁-၁-၁၂)ဖြင့် အထွေထွေကိုယ်စားလှယ်ရသူ ဦးသန်းဦး ၇/တငန(နိုင်) ၁၀၅၄၆၇က ၎င်းပိုင်သည့် အစိတ်အပိုင်းကိုသာ တစ်ဖက်သတ်မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တ/၄၁၊ မြေကွက်အမှတ်၂၆(က)၊မြေကွက်တည်နေရာအမှတ်(၂၆/က)၊ ပန်းခြံ (၁၇)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးဆန်းလွင်ဦး အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဆန်းလွင်ဦးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမိုးအောင် ၁၂/မရတ(နိုင်)၀၃၅၅၈၁က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၂-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ (ဃ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဒေါ်တင်တင်ဝင်း၏အမည်ပြောင်းတွင် မြေအမည်ပေါက်ဒေါ်တင်တင်ဝင်းအစား ဒေါ်ခင်သန်းဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာ

ဆရာကောင်းမှ တပည့်ကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- **ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မသော့ချက်ကြီး ဖြစ်သည်ဟု ယုံကြည်သည်။
- **အခြေခံမူကြီးများ** တာဝန်ယူမှုကိုင်ကြီးနိုင်ရေး စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။
- **ကျောင်းမှန်မှန်တက် စာမေးပွဲ** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့်ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။
- **ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နှစ်ပတ်လည်စာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။
- **ဓိဋ္ဌာပညာသင်ဆု** နှစ်ပတ်နှင့် ဒသမတန်းတွင် (ပထဝီ၊ ဗေဒ၊ သမိုင်း)ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်

မြေအမှတ် 118 A/B ကျွန်းချောင်းမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ သုဝဏ္ဏ၊ Ph : 01-577605

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကကက-၁၃/၀၉/၁၁၁

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

အထူးအဆင့်မြင့်ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း

ကန့်သတ်လူဦးရေပြည့်သွားပါသဖြင့် လက်မခံတော့ပါ။

၂၀၁၄ - ၁၅ ပညာသင်နှစ်အတွက် ကြိုတင်စာရင်းသွင်းနိုင်ပါသည်။

စေတနာကောင်းမှ ပညာရေးကောင်းမည်

မူလတန်း၊ အထက်တန်းကျောင်း

- ကျူရှင်လောကပင်ရေမကြီးသော ကျောင်းလေးဖြင့် အကောင်းဆုံးပညာရေးကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာ သင်ကြားပေးသည်။

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
မူလတန်း	ညနေ ၁၂း၁၅ မှ ၄း၁၅ နာရီ	၃၅၀၀၀	၂၀၀၀၀
၅ တန်း	ညနေ ၁၂း၁၅ မှ ၄း၁၅ နာရီ	၃၅၀၀၀	။
၆ တန်း	။	၃၅၀၀၀	။
၇ တန်း	။	၃၅၀၀၀	။
၈ တန်း	။	၄၀၀၀၀	။
၉ တန်း	နံနက် ၆း၄၅ မှ ၁၁း၄၅ နာရီ	၄၅၀၀၀	။
၁၀ တန်း	။	၅၅၀၀၀	။

- လူဦးရေ ကန့်သတ်ထားခြင်းကြောင့် ကြိုတင်အပ်နှံမှ စိတ်ချရပါမည်။ (ကျောင်းပြောင်း လက်မှတ်ကို နောက်လာမှပေးပါ)
- အဆောင်မှူး ဘွဲ့ရ ဆရာ ဆရာမများ၊ အလိုရှိသည်။ **ဇွန် ၆ ရက် ဖွင့်မည်**

A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ Ph : 09 730 36827

တိပိဋကမဓမ္မရက္ခိတအဖွဲ့ ဗိမာန်တော်ကြီး၌ တိပိဋက စာမေးပွဲအောင် သာသနာ့အာဇာနည်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး ခြောက်ပါး၊ တိပိဋကရွေးချယ်ရေးစာမေးပွဲသြဝါဒါစရိယ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ကိုးပါးတို့အား ရိုသေပင့်ဖိတ်၍ တိပိဋကမဓမ္မရက္ခိတအဖွဲ့၏ ပစ္စည်းလေးပါးကို အလှူခံတော်မူလျက် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် (၆၅)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် စာအောင်သံဃာတော်အရှင်သူမြတ် (၅၃)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် စုစုပေါင်းသံဃာတော်အရှင်သူမြတ်(၇၁) ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၇၅ခုနှစ် ကဆုန်လဆန်း (၁၀)ရက်၊ ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကြားတောရလမ်း၊ အမှတ်(၁၅)ရှိ တိပိဋကမဓမ္မရက္ခိတ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံသို့ ပင့်လျှောက်စာများ ဆက်ကပ်ထားပြီးဖြစ်သော်လည်း ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ ကြွရောက်တော်မူကြပါရန်နှင့် အလှူရှင်များ၊ ဓမ္မမိတ်ဆွေများကြွရောက်ကြည်ညို ပူဇော်လှူဒါန်းကြပါရန် နိူးဆော်ဖိတ်ကြားအပ်ပါသည်။

တိပိဋကမဓမ္မရက္ခိတအဖွဲ့
အမှတ်(၁၅)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄

ပါမောက္ခ ဒေါက်တာသာလှ (Dr. Tha Hla) အသက်(၁၀၀)ပြည့် အမှတ်တရ ဂုဏ်ပြုအခမ်းအနား ကျင်းပနိုင်ရန် မေတ္တာရပ်ခံခြင်း

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံ ဘူမိဗေဒဘာသာရပ်၏ဖခင်ကြီး တစ်ဦးဖြစ်သူ ပါမောက္ခဒေါက်တာသာလှ ပါမောက္ခချုပ်(ငြိမ်း) ရန်ကုန်တက္ကသိုလ်၏ အသက်(၁၀၀)ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၅-၆-၂၀၁၃ရက်တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဂုဏ်ပြုအမှတ်တရ အခမ်းအနားနှင့် ဓာတ်ပုံပြပွဲအားလည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ ဆရာဒေါက်တာသာလှ ဂုဏ်ပြုဘူမိဗေဒဘာသာရပ် စာတမ်းများဖတ်ပွဲအား ကျင်းပမည်ဖြစ်ပါ၍ ဆရာဒေါက်တာ သာလှ၏ မိတ်ဆွေဟောင်းများ၊ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ တပည့်ဟောင်းများနှင့် ဘူမိဗေဒ ကျောင်းသားကျောင်းသူဟောင်းများမှ အခမ်းအနားဖြစ်မြောက်ရေးအတွက် ဆရာဒေါက်တာ သာလှ၏ အမှတ်တရအကြောင်းအရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ အမှတ်တရပစ္စည်းများရှိပါက မြန် မာနိုင်ငံဘူမိသိပ္ပံ အသင်းသို့ ငှားရမ်းခြင်း၊ (သို့မဟုတ်)လှူဒါန်းခြင်းများဖြင့် ပါဝင်ကူညီပေး ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အခမ်းအနားသို့တက်ရောက်နိုင်ရန် မြန်မာနိုင်ငံဘူမိသိပ္ပံ အသင်းနှင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး၊ MES အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၃-၆ လိုင်းခွဲ(၅၀၁)၊ ဦးစိုးမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၀၃၉၈၁၊ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့် ဖုန်း-၀၉-၅၀၁၅၇၀၄၊ ဒေါက်တာမြင့်သိန်း(ဒုဥက္ကဋ္ဌ) ဖုန်း-၀၂-၃၆၆၂၈၊ ဦးလှကြည်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၁-၅၈၀၁၁၅၊ ဦးကြိုင်စိန် ဖုန်း-၀၉-၂၀၄၂၀၅၄၊ ဒေါက်တာဒေါ်တင်ဌေးမူ ဖုန်း-၀၉-၅၁၅၃၄၄၁၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၁၃၀၉၊ ဦးတင်ကျော်သန်း ဖုန်း-၀၁-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁၊ ဦးအုန်းသိန်း ဖုန်း-၀၉-၅၁၅၈၀၀၁၊ ဦးညွန့်ဌေး ဖုန်း-၆၄၄၁၇၅၊ ၀၉-၇၃၀၉၄၈၁၂၊ ဦးရီစိန် ဖုန်း-၀၁-၃၈၇၂၀၅၊ ၀၉-၅၀၄၀၄၁၁၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဦးစိုးသူရထွန်း ဖုန်း-၅၅၂၉၀၁၊ ၀၉-၅၁၄၄၀၀၅၊ ဦးအေးလွင် ဖုန်း-၀၁-၂၄၅၆၆၃၊ ၀၉-၅၀၀၆၂၅၈၊ ဦးကောင်းနိုင် ဖုန်း-၀၉-၇၃၁၅၄၂၉၉၊ ဦးမြတ်ဇော် ဖုန်း-၀၉-၇၃၁၅၄၄၃၃။

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုနှုန်းသာ ဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/မင်္ဂလာဆောင်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ် အဟောများ/မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/တစ်သက်တာ ဟောစာတမ်းများ/နာမည်ပေး ပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန် အာမခံသည်။ ရှင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်း ပါဦးမည် ကလေးအတွက်အစုံပါသည်။ လာရှေး၆၀၀၀/ အိမ်ဖို့ ၇၀၀၀ နယ်သို့စာတိုက်မှပို့မည်လူကြီးလို ရှာပေး/ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာတုပ်ချုပ်ရှိပြီသည်။

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎01-394727,01-399426,09-73009994, 095152521 (ပိတ်ရက်မရှိ)

O.B.F Language School — Since 1989

SAYA-TONY

အင်္ဂလိပ်စကားပြန်ကောင်း၊ ဘာသာပြန်ဆရာ(SHELL)ဦးစီးသော

* IELTS / TOEFL

- Elementary Spoken English (ESE)
- Intermediate General English (IGE)
- Advanced General English (AGE)
- Grammar & Basic Translation Course

ကျောင်းသားသစ်များ လက်ခံနေပြီ

အမှတ်(၂၀၀/၂၀၈)၊အခန်း(၅၀၂)၊ဗိုလ်ချုပ်လမ်း(အထက်)၊ကျောက်တံတားမြို့နယ်။
☎ : 249178, 09-5138867, 09-5061343, 09-448000410

Certificate in
ENGLISH COMMUNICATION SKILLS

STI Education — like no other

- တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး သူများအတွက် အထူးသင့်တော်ပါသည်။
- သင်တန်းပြီးဆုံးပါက အင်္ဂလိပ်စကား ကျွမ်းကျင်စွာပြောဆို၊ ရေးသားတတ်မည်ဖြစ်ပါသည်။
- အဖွဲ့လိုက်ဆွေးနွေးပွဲများ၌ မှန်ကန်သွက်လက်စွာ ပြောဆိုနိုင်ရန် သင်ကြားပေးပါသည်။
- ပြည်ပ၌ဆက်လက်ပညာသင်ကြားလိုသူများ၊ လုပ်ငန်းခွင်တွင်အင်္ဂလိပ်လို ဆက်သွယ်ပြောဆိုသူများအတွက် အထူးသင်တန်းဖြစ်သည်။

ENROLL NOW!
PABEDAN: No.377, Upper Shwe Bon Thar St., Pabedan Township.
MICT PARK: R-7, B-4, Myanmar Info-Tech, Hlaing Campus.
Tel: 377988, 0103450475, 507048, 507151/52
09 420254872

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၁၃ခုနှစ် ဇာရီမှုအမှတ်-၁
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်မီမီသက်	နှင့်	၁။ ဦးတုန်းလှိုင်
		၂။ ဒေါ်ဆိုင်းသောင်
ဒီကရီရသူ		**တရားရှုံးများ**

အမှတ် (၄၇/၄၉/၁၂)၊ ကမ္ဘောဇလမ်းခွဲ(၁)၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့နေ ၁။ ဦးတုန်းလှိုင်၊ ၂။ ဒေါ်ဆိုင်းသောင်သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးပိုင် အိမ်မြေကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဒေါ်မီမီသက်က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၃ ခုနှစ် မေ ၂၃ ရက် မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ဥမ္မာတင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး
အလုံမြို့နယ် တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်သက်သက်နိုင်	**နှင့်**	ဦးကျော်စွာဝင်း(ခ)ဝကြီး
တိုက်အမှတ် ၇၃၊ လေးလွှာ		တိုက်အမှတ် ၇၃၊ လေးလွှာ
အခန်းအမှတ် B, ဌာနာလမ်း၊		အခန်းအမှတ် B, ဌာနာလမ်း၊
ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊		ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။		ရန်ကုန်တိုင်းဒေသကြီး။
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အခန်းအမှတ် B, တိုက်အမှတ် ၇၃၊ လေးလွှာနေ ဦးကျော်စွာဝင်း(ခ)ဝကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၇ရက် မွန်းမတည့်မီ ၁၁နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤမြို့နယ်တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်နှုတ်၍ တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၃ခုနှစ် မေ ၃ရက်တွင် ဤမြို့နယ်တရားရုံးတံဆိပ်ကို ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
မြို့နယ်တရားသူကြီး
အလုံမြို့နယ်တရားရုံး

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း- ၀၉၄၂၀၁၀၇၀၂၁
၀၉၄၄၈၀၂၅၄၂
၀၉၇၃၂၃၄၆၅၆
၀၉၇၃၂၂၉၉၆၅

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၁/၁၁၃၊ အခန်း ၁၀၇ ကို မူလ အမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးစိုးဝင်း(ငြိမ်း) ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်နန့်အေးရှိန်း ၁၃/လရန(နိုင်) ၀၈၆၄၃၀က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဌာန

Since 1995 **KMD** Quality Management System ISO 9001:2008 ထောက်ခံချက်ရ

i-Office 2010 — Duration : 60 Hours

ကွန်ပျူတာပညာရပ်ကိုစတင်လေ့လာမည့်သူများ၊ ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများတွင် နေ့စဉ်အသုံးပြုရန် Email. Internet အပါအဝင် အခြေခံမှစ၍ တတ်မြောက်သည်အထိ နေ့စဉ်သင်ကြားပေးမည့်သင်တန်းဖြစ်သည်။

i-Office 2010 [Advance] — Duration : 80 Hours

- i-Office 2010 အခြေခံပြီးသူများ၊
- Microsoft Office 2010 ကို အဆင့်မြင့်စွာ ပိုမိုလေ့လာလိုသူများ၊
- Office Application များကို ကျွမ်းကျင်စွာ အသုံးပြုလိုသူများ တက်ရောက်နိုင်ပါသည်။

Tel : 381035/502233/700895/524400/ 502211/ 384268/220555/541328/546600

၁၆-၇-၂၀၀၄ရက်စွဲပါ အထွေထွေကိုယ်စားလှယ်စာအား ပြန်လည်ရုပ်သိမ်းခြင်း

အမှတ် ၁၇(အီး)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးစိုးဝင်း ၁၂/ဗဟန(နိုင်)၀၄၀၅၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးစိုးဝင်း ၁၂/ဗဟန(နိုင်)၀၄၀၅၁၃၊ အမှတ် ၁၇(အီး)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူမှ အမှတ် ၂၆၀၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူ ဦးတင့်နိုင်(ခ)ချင်ရှူးဖောင် ၁၃/တကန(ဧည့်)၀၀၁၃၃၁အား ၁၆-၇-၂၀၀၄ရက်တွင် အထွေထွေ ကိုယ်စားလှယ်စာ လွှဲအပ်ထားသည်ကို ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူလွင် (အယ်လ်အယ်လ်ဘီ) စဉ်-၆၂၈၃
တရားလွှတ်တော်ရှေ့နေ

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်၏ ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၈၉ဖြင့် Sunrays Trading & Industrial Co., Ltd. (ကုမ္ပဏီဒါရိုက်တာဦးဇော်မင်းအောင်)မှ Grand Wynn Manufacturing Co., Ltd. (မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်)အား တရားစွဲဆိုခဲ့သည့်အမှုတွင် ၁၁-၃-၂၀၁၃ ရက် တရားပြိုင်၏ "Saji" ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် စားအုန်းဆီနှင့် ဟင်းရွက်ဆီမှ ဆီအမျိုးမျိုးအား အမှုအတောအတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုရန် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်း ၁ အရ တရားပြိုင်ဖြစ်သူ Grand Wynn Manufacturing Co., Ltd. သို့ယာယီတားဝရမ်းထုတ်ပေးကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်သဖြင့် ရုံးတော်မှ နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထပ်မံချမှတ်မှုမပြုမချင်း Grand Wynn Manufacturing Co., Ltd. အနေဖြင့် "Saji" ဟူသော ကုန်အမှတ် တံဆိပ်ပါ စာအုန်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီမှ ဆီအမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုမ္ပဏီဒါရိုက်တာ ဦးဇော်မင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးမြင့် (ခနုဖြူ)	ဒေါ်မြင့်မြင့်စန်း	ဒေါ်ဥမ္မာသျှား
B.A(Law),LL.B	B.A (Law),LL.B	B.A (Law), LL.B
(စဉ်-၁၅၁၆)	(စဉ်-၃၀၈၂)	(စဉ်-၄၁၉၆)

တရားလွှတ်တော်ရှေ့နေများ

ရုံးအမှတ် ၉/၁၁-၁၀၁(A)၊ ၃၆ လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၁၅၀၄၁၈ ဖုန်း-၀၉-၅၀၅၂၁၂၁ ဖုန်း-၀၉-၅၁၄၄၃၅၁

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ဖက်စပ်ကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက်
(၂၀၁၃ခုနှစ် မေ ၆ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းဖက်စပ်လုပ်ငန်းမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများတွင် တင်ပြရောင်းချပေးခဲ့ပါသည်။

၂။ ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်အတွဲဖွဲ့ခြင်း၊ အခြေခံဈေး ပြင်ဆင်သတ်မှတ်ခြင်းများဆောင်ရွက်ပြီး ရတနာပြပွဲများတွင် တင်ပြရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာ ဖက်စပ်လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရပါသည်။ ၁၉၉၉ခုနှစ် နှစ်လယ်ရတနာပြပွဲတွင် ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို အတွဲပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံဈေးပြင်ဆင်သတ်မှတ်ခြင်းများ ဆောင်ရွက်ပြီး ရတနာပြပွဲတွင် တင်ပြရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ လုပ်ငန်းရှင် ၁၄ ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ တင်ပြရောင်းချနိုင်ရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များသည် ကျောက်စိမ်းအရိုင်းများ အပ်နှံခဲ့သည့် မူလစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ၃၀-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ရတနာပြပွဲ တင်ပြနိုင်ရေးဆောင်ရွက်ရန် ကျောက်စိမ်းတွဲများ ကျန်ရှိနေသည့် ဖက်စပ်လုပ်ငန်းရှင်များ၏ အမည်စာရင်းနှင့် မော်လုပ်ကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မော်/လုပ်ကွက်
၁	ဦးမောင်စိန်	အောင်စိန်(၁)လုပ်ကွက်
၂	ဦးကျော်အောင်	မော်မောင်းလှျံ (၆၀)
၃	ဦးကျော်မင်း	မမုံ (၇)
၄	ဦးလှထွန်း	ခတ္တာ (၃)
၅	ဦးမင်းလွင်+ဦးဇော်ဇော်ဦး	နမ္မချီ (၅)+တောင်စိမ်းကလေး(၁)
၆	ဦးဇော်ဝင်း	မမုံ (၃)
၇	ဦးမောင်စိန်	ခိုမ(၃၆)
၈	ဦးသန်းစိန်	ဝေခါ(၇)
၉	ဦးလှမြင့်	ဖားကန့်ကြီး (၂၀)
၁၀	ဦးဒေါ်န	ဖားပြင် (၁၄)
၁၁	ဦးစိုင်းထွန်းစိန်	ဝါဇီ (၁၈)
၁၂	ဦးလဖိုင်ဇော်နန်	ဆန်းကြွယ် (၄၄)
၁၃	ဦးအယ်ဇော်ရိန်	ဝေခါ(၃)
၁၄	ဦးအင်ခွန်တူး	ဖားပြင် (၂)

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး (မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး (မြစ်ကြီးနား) သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ပထမတန်းစက်ခန်းအုပ်လက်မှတ်အမှတ် စမပ-၅၉/၂၀၀၆ ရက်စွဲ ၇-၆-၂၀၀၆သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးမောင်မောင်ထွန်း ဖုန်း-၀၉-၄၂၀၂၃၀၃၂**

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁

၁။ ဦးရွှေကျော်	**နှင့်**	၁။ ဒေါ်ခင်လေးနွယ်
၂။ ဒေါ်လှမြသိန်း		၂။ ဒေါ်မြမြသူ
တရားလိုများ		**တရားပြိုင်များ**

စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း မြေညီထပ်အမှတ်-၇၁/ဘီ (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်မြမြသူသိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားမကျင့်ထုံးအမိန့် ၂၁ နည်း ၆၃အရ ဝရမ်းကပ်ထားသော အိမ်ခန်းတွင် လက်ရှိနေထိုင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၃ ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၄ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့လဲ့အေး)
ဒုတိယခရိုင်တရားသူကြီး-၂
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်
ရတနာပြပွဲများတွင် ကျောက်စိမ်းအရိုင်းတွဲများ တင်ပြရောင်းချခဲ့သော ပုဂ္ဂလိကကျောက်စိမ်းတွဲပိုင်ရှင်များအတွက် အသိပေးကြေညာချက်

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ် မေ ၆ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကုမ္ပဏီ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကပိုင် ကျောက်စိမ်းအရိုင်းနှင့် အချောထည်များကို ရတနာပြပွဲများတွင်တင်ပြရောင်းချပေးလျက်ရှိသည်။ ရောင်းချရသော ကျောက်စိမ်းတွဲများကို ဝယ်ယူသူ သို့ထုတ်ပေးခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို သက်ဆိုင်ရာကုမ္ပဏီ၊ သမဝါယမအသင်းနှင့် ပုဂ္ဂလိကများသို့ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၁၉၉၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကာလအတွင်းကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချခဲ့ကြသော်လည်း ရောင်းချရခြင်းမရှိသော ကျောက်စိမ်းတွဲများကို ပြန်လည်ထုတ်ယူကြရန်အတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် သတင်းစာများတွင် ကြေညာခဲ့ရာ ကျောက်စိမ်းတွဲပိုင်ရှင် ၂၈ ဦးသည် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၃။ သို့ဖြစ်၍ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ဆက်သွယ်ဆောင်ရွက်ရန် ကျန်ရှိနေသည့် ပုဂ္ဂလိက ကျောက်စိမ်းတွဲပိုင်ရှင်များသည် ကျောက်စိမ်းရိုင်းများအပ်နှံခဲ့သည့် မူလစာရွက်စာတမ်းများနှင့်အတူ ၃၀-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော ကျောက်စိမ်းအရိုင်းများကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်းအတွဲများ ပြန်လည်ထုတ်ယူရန် ကျန်ရှိနေသည့် ပုဂ္ဂလိက ကျောက်စိမ်းအတွဲ ပိုင်ရှင်များ၏ အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	လုပ်ငန်းရှင်အမည်	မှတ်ပုံတင်အမှတ်
၁	ဒေါ်ချင်ကျိန်	အိတ်ချ်ဒဗလျူအိုင်-၀၄၅၁၉၈
၂	ဒေါ်အမ်ဖိန်	အယ်လ်အက်စ်အို-၁၈၂၅၉၀
၃	ဦးမြင့်စိုး	၅/ခတန(နိုင်)၀၀၅၅၆၇
၄	ဦးသိန်းဝင်း	
၅	ဦးခရိုင်းနော်အောင်	အမ်ကေအေ-၀၃၉၈၃၅
၆	ဦးဝင်းရှိန်+ဦးချစ်စံ	၉/မရမ(နိုင်)၀၆၄၇၅၉
၇	ဦးနော်အောင်	၁/မကန(နိုင်)၀၁၃၄၃၄
၈	ဦးသောင်းထီ	အက်စ်ဂျီဂျီ-၀၄၄၅၄၁
၉	ဦးစောစေတာ	ဘီအက်စ်အင်န်-၀၄၇၆၈၆
၁၀	ဦးစောထွန်းနိုင်	၁/မကန(နိုင်)၀၄၇၉၇၆
၁၁	ဦးမောင်မောင်မြင့်+ဦးအောင်ကြည်	အမ်အမ်အို-၃၁၂၅၁၉
၁၂	ဦးမောင်မောင်စိန်	အေအမ်အေ-၀၉၅၈၆၃
၁၃	ဦးအေး	၉/မရမ(နိုင်)၀၀၁၉၀၅
၁၄	ဦးအောင်ဝင်း	၁/မကတ(နိုင်)၀၃၀၂၂၀
၁၅	ဦးဖော်ယူဂမ်မွန်	
၁၆	ဦးနွယ်ဘွား	၅/စကန(နိုင်)၀၈၇၈၀၁
၁၇	ဦးမြင့်နိုင်ဦး+ဦးစိုးမြင့်	၉/မရမ(နိုင်)၀၃၆၀၃၀
၁၈	ဦးမြတ်ဇော်ဦး	၁/မကတ(နိုင်)၀၃၀၃၈၉
၁၉	ဦးသန်းမြင့်	
၂၀	ဦးစိုးနိုင်	၁၃/ကခဉ(နိုင်)၀၃၄၂၁၇
၂၁	ဦးစိုးနိုင်ဦး	၇/ပလန(နိုင်)၀၄၀၅၅၂
၂၂	ဦးစိုးမြင့်	၁၂/လသန(နိုင်)၀၈၆၈၀၂
၂၃	ဦးမရစ်နော်	၁/မကန(နိုင်)၀၁၆၄၆၀
၂၄	ဦးအင်ဒူယဉ်တူးဂျာ	၁/မကတ(နိုင်)၀၁၈၁၁၈
၂၅	ဦးလရော်	ကေအမ်ဂျီ-၀၄၁၂၉၁
၂၆	ဦးလှထွန်း	
၂၇	ဦးတင်ထွန်းလင်း	၁၂/ရပသ(နိုင်)၀၃၃၁၁၃
၂၈	ဦးထွန်းရွှေ	အယ်လ်အက်စ်အို-၂၇၁၉၅

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးခွဲ(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးစခန်းရုံး(မန္တလေး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးစခန်းရုံး (မြစ်ကြီးနား) သို့ လာရောက် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

O.T.S အမှတ်စဉ်(၇၅)သူရတပ်ခွဲ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကျောင်းဆင်းညစာစားပွဲနှင့် ကျဆုံးကွယ်လွန် သူငယ်ချင်းများအတွက် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အမှူးပေးဝေခြင်း
အခမ်းအနားဖိတ်ကြားခြင်း

O.T.S အမှတ်စဉ်(၇၅) သူရတပ်ခွဲ၏မိတ်ဆုံစားပွဲနှင့် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ O.T.S အမှတ်စဉ်(၇၅)၏ သူငယ်ချင်းများနှင့် ဇနီးများ၊ ကျဆုံးကွယ်လွန်သူများ၏ ဇနီးများနှင့်မိသားစုများ မပျက်မကွက် တက်ရောက်ပါရန်နှင့် သင်တန်းနည်းပြ အရာရှိများအား ကန်တော့ခြင်း၊ နည်းပြဆရာများအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်းတို့ကို အောက်ပါအတိုင်းကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

၁၂-၅-၂၀၁၃ရက်တွင် ဆွမ်းဆက်ကပ်ခြင်း၊ အာသောက သီတဂူကျောင်းတိုက်၊ (၁၆/၂) ဇောတိကလမ်း၊ သဃ်္ဃန်းကျွန်း၊ နံနက် ၀၉:၃၀နာရီ၊ ၁၃-၅-၂၀၁၃ရက်တွင် ညစာစားပွဲ၊ ပန်ဒါ စားသောက်ဆိုင်၊ လမ်းမတော်၊ ညနေ ၆:၃၀ နာရီ

ဆက်သွယ်ရန်ဖုန်း- မျိုးလွင် ဖုန်း-၀၉-၅၀၂၄၄၈၁၊ ရဲမြင့် ဖုန်း-၀၉-၅၀၁၈၀၄၁၊ အောင်ကို ဖုန်း-၀၉-၅၁၇၁၆၉၀၊ ကျော်စိန်ဝင်း ဖုန်း-၀၉-၄၃၁၂၅၃၇၃၊ သောင်းဦး ဖုန်း-၀၉-၅၁၄၃၀၉၃၊ စိုးဝင်း ဖုန်း-၀၉-၅၁၅၅၇၆၉၊

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစောမြတ်စနေအေးလာ၏သမီး အထက (၄) ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ မစိုးမြတ်သဥ္ဇာမိုး(ခ) မပုံပုံချစ်သည် တစ်ဦးတည်းဖြစ်ပါသည်။

မစိုးမြတ်သဥ္ဇာမိုး(ခ)မပုံပုံချစ်

အမည်ပြောင်း

ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း စတုတ္ထတန်း(ခ)တွင် ပညာသင်ကြားနေသော ဒေါက်တာမျိုးဇေယျ ၇/ကတခ(နိုင်)၀၀၀၀၄၁၏သား မောင်ရှင်းခန့်အား မောင်လမင်းမြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လမင်းမြတ်**

သုခစစ် ပြည်တွင်း-ပြည်ပ အလုပ်ကိုင်ဝန်ဆောင်မှုကုမ္ပဏီ မှ ဖွင့်လှစ်သော "အလုပ်အကိုင် ရှာဖွေသူများ သိမှတ်ဖွယ် (ပညာဒါနသင်တန်း)" ကို မည်သူမဆို တက်ရောက်နိုင်ပါသည်။ ဖုန်း-၃၈ ၅၇ ၅၈၊ ၃၈ ၆၈ ၇၇၊ ၃၉ ၂၂ ၃၃

စတီးထုံးဆီဆိုင်ဖွင့်ရန်၊ ထမင်းဆိုင်ဖွင့်ရန် (သို့) အခြားစီးပွားရေး လုပ်ရန် အခွင့်ကောင်းသော၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး (ပုသိမ်မြို့အနီး)၊ လန(၃၉) ရှိပြီးသော

မြေကွက်အမြန်ရောင်းမည်။

မြေအကျယ်-(1 ဧကကျော်)၊ ဈေးနှုန်း-(3800)သိန်း

ဆက်သွယ်ရန်ဖုန်း : 09 86 27 286 (ရုံးချိန်အတွင်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေး ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်၂၇၊ နှစ်ခန်းတွဲ(ခြောက်)ထပ်တိုက် ဒုတိယထပ်(ခြေရင်းခန်း)၊ အခန်းအမှတ်(A-3)၊ အကျယ်ပေ(၂၀×၅၀)အား ၁၅-၃-၂၀၁၃ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်မြမြဦး ၁၂/တမန(နိုင်)၀၈၃၀၆၀က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Vacancy (For Local Service Only)

1. FISCA Security & Communication Co.,Ltd. Yangon requires qualified persons to fill the following positions-

(1) **CEO** — **Male (1)Post**
Graduate/ Minimum 5 years experience in related post fluent in English (reading, writting and speaking). Preference will be given to DMA holder (Age 50 years and above)

(2) **Chief Accountant** — **Female (1)Post**
B.Com/CPA/Microsoft Office Literate, At least 2 years experience as Chief Account. Able to manage finance department, manage cash flow and prepare monthly financial statements and report to management.

(3) **General Manager (IT)** — **Male (1)Post**
BE (IT), M.C.Sc, Fluent in English (Reading writhing and Speaking) Degree 5 Years Experience in Information Technology.

(4) **System Engineer** — **Male(2)Posts**
BE (Electronic) Degree holder with at least 3years experience in Information Technology.

(5) **Auto CAD Technician** — **Male (2)Posts**
2years experience in Auto CAD.

(6) **Software Project Manager** — **Male/Female(2)Post**
Any graduate with 2years experience on software project and PM skills.Programming Skills in Java, .net, SQL database etc and some knowledge of Enterprise applications.

(7) **Software Developers** — **Male/Female (5)Post**
Univ. Degree hold or certificate holder in software developement with skills in Java or.Net, SQL. 1+years of experience.

(8) **Banking Solution/ Equipment Sales Manager** — **Male/Female(2)Post**
2years of experience on sales with good network in banking industry and knowledge of banking business.Good communication and MS office skills. Good English speaking ability, preferably with college degree.

(9) **Project Manager (Marketing)** — **Male(2)Posts**
Gratuate/Minimum 5years experience in Marketing. Fluent in English. (Reading, Writting and Speaking)

(10) **Planning Manager (Marketing)** — **Female (1)Post**
Any Graduate, Perfer DMA holder, well experience using Microsoft office and marketing plan for marketing Team minimum (5)Years experience. Age (25-40) Years Old.

(11) **Secretary (Admin)** — **Male/Female(1)Post**
(Admin) Computer ကျွမ်းကျင်သူ
အင်္ဂလိပ်/တရုတ်စကားပြောဆိုရေးသားနိုင်သူ ဦးစားပေးမည်။

(12) **Secretary (Engineer)** — **Male/Female (1)Post**
BE (EC)/ BE (IT)/ BCSc
Microsoft Office/ Excel/ Photo Shop/ Auto CAD တတ်ကျွမ်းသူ
English Speaking/ Tying တတ်ကျွမ်းပြီး Second Language တတ်ကျွမ်းသူ ဦးစားပေးမည်။

(13) **Microsoft Office &Excel Specialist** — **Male/Female(2)Post**
Graduate. Knowledge of Computer, Office work and accounting. 2years experience.

2. The intrested candidates can send application with CV, testimonials, labour card copy, NRC card copy, criminal clearance, recent color photo and other related document to the FISCA Security & Communication Co.,Ltd. 9-Mile, No(101/102) FISCA, Ph No. (650665/653456), Mayangone Tsp address not later than (15-5-2013).

ကြော်ငြာ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းရေယာဉ်အုပ်လက်မှတ်အမှတ် ဆဒ-၁၄၂/၂၀၁၀ ရက်စွဲ ၅-၉-၂၀၁၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။ **ဦးအုန်းကြိုင် ဖုန်း-၀၁-၆၀၀၄၈၅**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ် ၁

ဒေါ်မီမီသက်(ခ)ကျမ်းကွမ်းဖန့် **နှင့်** ဒေါ်ရင်မေ(ခ)ရန်မေ

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ် ၄၆(ခ)/၆နေ ဒေါ်ရင်မေ(ခ)ရန်မေ သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မီမီသက်က စုကြေးငွေ ၅၄၁၄၆၀၆၀၀/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၇ရက် (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၃၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ဥမ္မာတင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
တာချီလိတ်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁-၃

ဦးသန်းညွှန့် (၎င်း၏အထွေထွေကိုယ်စားလှယ်ရသူ နှင့် ဦးမင်းမင်းသက်)	၁။ ဒေါ်နီဝင်း	၄။ ဦးသန်းဆွေ
	၂။ ဦးအောင်နိုင်	၅။ မမိုးဖိုင်
	၃။ ဒေါ်ဝင်းဆွေ	၆။ မောင်ဖော်ဦး
တရားလို		**တရားပြိုင်များ**

[illegible]

ဦးအောင်နိုင်နှင့် မောင်ဖော်ဦး ... (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် ဦးသန်းညွှန့်က ... လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် မေလ ၂၇ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေရာတွင်အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဝင်း)
ဒုတိယခရိုင်တရားသူကြီး တာချီလိတ်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကသာမြို့နယ်တရားရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်ပြုံးရီ **နှင့်** ဦးသိန်းလွင်

တရားလို **တရားပြိုင်**

ကသာမြို့၊ ရပ်ကွက်(၈)နေ ဦးသိန်းလွင် (ဘ)ဦးကံထူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ပြုံးရီက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှိနေသူဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၂ရက် (၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုရဲ့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

(ခင်မာဦး)
ဒုတိယမြို့နယ်တရားသူကြီး
ကသာမြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)
အသက် (၄၇)နှစ်

အမှတ် ၃၁၉၊ အမြောက်တပ်ရင်းတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့သော ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမှတ် ၃၁၉၊ အမြောက်တပ်ရင်းမှ တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)
ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး
အသက် (၄၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းဆီထွန်း၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မှော်ဘီမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း (ငြိမ်း)
ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး
အသက် (၄၇)နှစ်

မမျှော်လင့်ဘဲခွဲခွာသွားတဲ့ ညီငယ်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညီငယ်...ကောင်းရာသုဂတိလားပါစေ-

ဦးကျော်လင်း(ရေခဲစက်)-(ဇနီး)ဒေါ်ဂျိုင်းအေးမာမြင့်မိသားစု
မိတ္ထီလာမြို့

ဝမ်းနည်းကြေကွဲခြင်း

ဦးရဲထွန်းနိုင် (မြန်မာသူရကျောက်မျက်ကုမ္ပဏီ)-ဒေါ်မေကြည်လွင် (ရွှေနန်းသဇင်ပိုးထည်)တို့၏အစ်ကို ဦးစိုးသန်းအောင်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်သန်းဦး-မလှိုင်
မြစ်ကြီးနားမြို့

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးဥဂ္ဂါဗိုလ် (ဒီပဲယင်းမြို့)
လက်ထောက်ကထိက၊ E.P ဌာန၊ နည်းပညာတက္ကသိုလ်၊ မုံရွာမြို့
အသက် (၃၁)နှစ်

ကွယ်လွန်ခဲ့သည်မှာ ၄-၅-၂၀၁၃ရက်တွင် တစ်လပြည့်မြောက်ခဲ့ပါပြီ။ ၎င်းအားရည်စူး၍ ပြုသမျှကုသိုလ်ဒါနများကို အမျှပေးဝေပါသည်။ သာဓုခေါ်ဆိုနိုင်ပါစေ-

ဖခင်	-	ဦးဗိုလ်သောင်
မိခင်	-	ဒေါ်ပု
အစ်မများ	-	မဇင်မာသောင်
		မသွဲ့မာသောင်
ညီမများ	-	မလှဲ့မာသောင်
		မလှိုင်းမာသောင်
		တူ၊ တူမများ

Condo တိုက်ခန်းရောင်းမည်။

ဗဟန်း၊ ရွှေဂုံတိုင်၊ Delta Plaza, 1635 sq.ft, Lift, 2 MBR, 1 BR, Phone, ADSL, Water Heater, Interior Design, ဧရာသန့်စက်၊ တာတုပ်စင်၊ နံရံကပ်ဗီရို၊ ဧည့်ခန်း ကျောက်ပြား၊ အိပ်ခန်းပါကေးခင်း၊ အဆင့်မြင့်ပြင်ဆင်ပြီးပိုင်ရှင်ကိုယ်တိုင်။ **ဆက်သွယ်ရန် ၀၉၅၁၁၄၂၄၂**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ... မြို့နယ် ... အမှတ် ... ဦး... နှင့် ... ပေ ... × ... ပေ ... [illegible]

... ကန့်ကွက်လိုသူများရှိပါက ... စာရွက်စာတမ်းမူရင်းများ ... ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ရွှေ၏ကိုယ်စား ...

ဒေါ်... (ဗ) ဒေါ်မြင့်မြင့်ရွှေ / ဒေါ်...

တရားလွှတ်တော်ရှေ့နေ ... / အထက်တန်းရှေ့နေ ...

အမှတ် ... ဖုန်း - ၀၉ ...

ဇနီးအဖြစ်မှစွန့်လွှတ်ပြီးဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ အမှတ် ၁၁၉ (၄ဘီ)၊ ၁၃လမ်းနေ ကျွန်တော်ဦးမြတ်မိုး၏ဇနီး ဒေါ်မဋ္ဌူသင်း ၁၀/ပမန(နိုင်)၁၄၃၀၂၁ သည် သည်းခံခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ကျူးလွန်ခဲ့ပြီး အကြိမ်ကြိမ် စိတ်ဆင်းရဲမှုများဖြစ်ပေါ်အောင် ပြုမူခဲ့သည့်အပြင် ၂၀၁၃ခုနှစ် ဧပြီလမှစ၍ သူမ၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်နှင့်တကွ မိသားစုဂုဏ်သိက္ခာကျဆင်းစေမည့် ပြုမူလုပ်ဆောင်ခြင်းများပြုလုပ်လာပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စအဝဝနှင့် ငွေကြေးအရှုပ်အရှင်းများကို (လုံး၀)တာဝန်ယူ ဖြေရှင်းပေးလိမ့်မည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးမြတ်မိုး ၁၂/ဗတထ(နိုင်)၀၂၂၀၂၀

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးထွန်းမြင့် (ငြိမ်း)
ဆက်သွယ်ရေးညွှန်ကြားရေးမှူး (ငြိမ်း)
ကြည်-၅၃၂၉
အသက် (၉၃)နှစ်

ဗိုလ်မှူးကြီးထွန်းမြင့် (ကြည်-၅၃၂၉၊ ငြိမ်း)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)သည် ရန်ကုန်မြို့၊ အမှတ် (၂) တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀)၌ ၃-၅-၂၀၁၃ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆက်သွယ်ရေးတပ်ဖွဲ့
အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ

အထူးကျေးဇူးတင်ရှိခြင်း

ဒေါက်တာဦးဉာဏ်သိန်း (ခွဲစိတ်ကုဆရာဝန်ကြီး)နှင့် ဒေါက်တာမာမာဆွေတို့၏ဖခင်ကြီး၊ ဆရာကြီးဦးလွန်းဟန် အသက်(၉၅)နှစ် ဘားအံအသင်း၊ နာမကျန်းဖြစ်စဉ် လိုလေသေးမရှိ ဂရုတစိုက်ပြုစုကုသ စောင့်ရှောက်ပေးခဲ့သော ရွှေဂုံတိုင် ဆေးရုံ(SSC) မှ သမားတော်ကြီး ပါမောက္ခဒေါက်တာဦးဆန်းလွင်၊ MD, Directors များ၊ ဆေးရုံအုပ်ကြီး၊ လက်ထောက်ဆေးရုံအုပ်များ၊ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးလှတင် (ဥက္ကံမြို့)
(လှထိပ်တင်ဆန်စက်ပိုင်ရှင်)
ဥက္ကဋ္ဌ (၁၉၉၂-၁၉၉၆)၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း
အသက် (၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ လမ်းချိုးရပ်၊ အမှတ် ၃၆နေ ဒေါ်ခင်လှ၏ခင်ပွန်း ဦးလှတင်သည် ၂-၅-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်အိ
အသက် (၇၉)နှစ်

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာတို့၏မိခင် ဒေါ်တင်အိ အသက် (၇၉)နှစ်သည် ၃-၅-၂၀၁၃ ရက် နံနက် ၃း၃၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မိသားစု

ကျေးဇူးတင်ရှိခြင်း
ဒေါ်ခင်ဦး
အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ၆၁(A)နေ၊ ၂၈-၄-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် အမှတ်(၂)စစ်ဆေးရုံ၊ ခုတင်(၅၀၀)၌ ကွယ်လွန်သွားခဲ့သော ဒေါ်ခင်ဦး အသက် (၇၆)နှစ်အား ဆေးရုံတက်စဉ်ကုသပေးခဲ့ကြသော ဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ်စိန်လင်းနှင့်တကွ ကုသပေးခဲ့ကြသော ဆရာဝန်၊ ဆရာမအားလုံးတို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝအတွက် လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ပြည်တွင်း၊ ပြည်ပဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ၊ ဌာနဆိုင်ရာမိတ်ဆွေအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဦးငွေဝင်း B.E(Civil)1975
အသက် (၆၁)နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏အာဆီယံအင်ဂျင်နီယာ ဦးငွေဝင်း Consultant (Asia Metal Group of Companies) အသက် (၆၁)နှစ်သည် ၃၀-၄-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

AER Chapter, MES

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရင်ရင်အေး
ကန်တော်လေး၊ တောင်ဥက္ကလာပ၊ RC(1) ကျောင်းသူဟောင်း
အသက် (၅၄)နှစ်

RC(1)အဖွဲ့ (ဘဏ္ဍာရေးမှူး) ဒေါ်တင်တင်ထွေး (ထ-၁-တာမွေ)၏ညီမ၊ ဦးတင်အေး (RC 1၊ ကျောင်းသားဟောင်း)၏ဇနီးသည် ၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

RC(1), RUBC, BC လူမှုရေးအဖွဲ့